# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


> **မိမိအဖို့ အကျိုးများနိုင်**
>
> သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။
>
> ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၁၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၂၃)


# ဧရာဝတီတိုင်းဒေသကြီး အငယ်စား၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်း ပြပွဲနှင့်ပြိုင်ပွဲဖွင့်

## ထုတ်ကုန်များအရည်အသွေးမြှင့်တင်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ ရေရှည်ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရေးအတွက် ရည်မှန်းချက်ထား



**ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် ပုသိမ်ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားတွင် SME Center ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** သတင်းစဉ်

**ပုသိမ် မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ပြိုင်ပွဲ (၂၀၁၈) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❏

> **“SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတစ်ဝန်းလုံးတွင် ဘက်ပေါင်းစုံက ဆောင်ရွက်နေပြီဖြစ်”**

**ငြိမ်းချမ်းပါစေ ငွေတောင်ပြည်** စာ » ၆

**ဂျပန်အစိုးရက လှူဒါန်းသော စက်၊ ယာဉ်၊ ယန္တရားများ လွှဲပြောင်းခြင်း အခမ်းအနား ကျင်းပ** စာ » ၈

**အမေရိကန်-မြောက်ကိုရီးယား အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရန် စင်ကာပူကြိုးပမ်းမည်** စာ » ၁၄


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# မြန်မာ့ကော်ဖီနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းကျင့်သုံးမှု

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းကျင့်သုံးမှု (Good Agricultural Practice-GAP) လက်မှတ်များကို မြန်မာနိုင်ငံရှိ ကော်ဖီခြံများအတွက် ထုတ်ပေးတော့မည်ဖြစ်ပါသည်။ ဤကော်ဖီခြံများသည် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းကျင့်သုံးမှု (GAP) လက်မှတ်ရရှိရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ စတင်လျှောက်ထားခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ခဲ့သော နိုင်ငံပိုင်ကော်ဖီခြံလေးခြံနှင့် ပုဂ္ဂလိကပိုင် ကော်ဖီခြံနှစ်ခြံတို့ကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းကျင့်သုံးမှု (GAP) လက်မှတ်ထုတ်ပေးတော့မည် ဖြစ်ပါသည်။

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းကျင့်သုံးမှု (GAP) လက်မှတ်ကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) က စတင်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ယခုအခါ များစွာသောလယ်ယာစိုက်ပျိုးရေးနိုင်ငံတို့၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းကျင့်သုံးမှုကို လက်တွေ့အကောင်အထည်ဖော်လျက်ရှိပါသည်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းကျင့်သုံးမှု (GAP) လက်မှတ်သည် အစားအစာတို့၏ ဘေးအန္တရာယ်ကင်းမှုနှင့် အရည်အသွေးကို အာမခံခြင်းတစ်မျိုးဖြစ်သောကြောင့် ဈေးကွက်ရရှိမှုကို တွန်းအားပေးနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကော်ဖီစိုက်ပျိုးရေး၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းကျင့်သုံးမှု (GAP) လက်မှတ်များထုတ်ပေးရေးကို ဖော်ဆောင်လာခြင်းသည် ကော်ဖီအား ပြည်ပပို့ကုန်အဖြစ် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရာတွင် အထောက်အပံ့ကောင်းဖြစ်စေမည် ဖြစ်ပါသည်။

တခြားသော ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ အတွေ့အကြုံအရ တောင်သူလယ်သမားတို့၏ မိရိုးဖလာစိုက်ပျိုးရေးနည်းစနစ်တို့အပေါ် စွဲလမ်းကျင့်သုံးမှုသည် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးဖော်ဆောင်မှုကို အဟန့်အတားဖြစ်စေပါသည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးမှု၏ အကျိုးရလဒ်များအား တောင်သူလယ်သမားများထံ ကျယ်ကျယ်ပြန့်ပြန့် အသိပေးရန်လိုအပ်ပါသည်။ ဤကဲ့သို့ အသိပညာပေးခြင်းနှင့်အတူ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးမှုနှင့်ပတ်သက်သော ဝန်ဆောင်မှုတို့ကို ပံ့ပိုးပေးရန် လိုအပ်ပါသည်။

လွန်ခဲ့သော ငါးနှစ်အတွင်း ကမ္ဘာတခြားသောဒေသများနှင့်အတူ အရှေ့တောင်အာရှဒေသ၌ ကော်ဖီစိုက်ပျိုးမှုကို လျင်လျင်မြန်မြန် တိုးချဲ့ဆောင်ရွက်လာသည်ကို တွေ့ရပါသည်။ ဤကဲ့သို့သော တိုးချဲ့ဆောင်ရွက်မှုနှင့်အတူ အရှေ့တောင်အာရှဒေသ၌ ကော်ဖီယဉ်ကျေးမှုသည် ကျယ်ပြန့်လာပါသည်။ အဆိုပါကော်ဖီယဉ်ကျေးမှု ကျယ်ပြန့်လာခြင်း၏ အဓိပ္ပာယ်သည် အရည်အသွေးကောင်းသော ကော်ဖီတို့အတွက် ဈေးကွက်အခိုင်အမာရှိခြင်းဖြစ်ပါသည်။ မြန်မာ့ပြည်ပပို့ကုန်ကော်ဖီတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းကျင့်သုံးမှု (GAP) လက်မှတ်သည် ဈေးကွက်ရရှိရေးအတွက် အာမခံချက်ကောင်းတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများတွင် ကျင့်သုံးနေသော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းကျင့်သုံးမှုအပါအဝင် ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးအလေ့အကျင့်ကောင်း ကျင့်သုံးမှုတို့နှင့် ကိုက်ညီမှုရှိစေရန် စံသတ်မှတ်လျက် ဤလက်မှတ်များထုတ်ပေးနေခြင်းဖြစ်၍ မြန်မာ့ပြည်ပပို့ကုန်ဖြစ်သည့် ကော်ဖီတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးကို တွန်းအားပေးမြှင့်တင်စေမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

# ကချင်ပြည်နယ် သယံဇာတနှင့် ပတ်ဝန်းကျင်ဝန်ကြီးနှင့် ဖားကန့်မြို့ဒေသခံများတွေ့ဆုံ

ဖားကန့် မေ ၁၂

**ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသတွင်းလိုအပ်ချက်များ တင်ပြဆွေးနွေးနိုင်ရန် ကချင်ပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ တွေ့ဆုံပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ကျင်းပခဲ့သည်။**

တွေ့ဆုံပွဲတွင် သင်္ဂြိုဟ်လူမှုကူညီရေးအသင်းမှ ဦးခင်မောင်က မြေစာပုံပြိုသည့်ကိစ္စ၊ ကျင်းပြိုသည့်ကိစ္စများတွင် ရေမဆေးကျောက်ရှာဖွေသူများ သေဆုံးကြရသည့်ဖြစ်စဉ်များသည် ကျောက်မျက်ကုမ္ပဏီများ၏ စည်းကမ်းတကျ တူးဖော်မှုမရှိခြင်းကြောင့်ဟု ယူဆရပြီး စောင့်ကြည့်ထိန်းသိမ်းခြင်းနှင့် အရေးယူဆောင်ရွက်ပေးစေလိုကြောင်း တင်ပြခြင်း၊ တရားလွှတ်တော်ရှေ့နေ စည်ပင်ကော်မတီအမှုဆောင် ဒေါ်အေးခက်ခက်ခိုင်က ကျောက်မျက်အရိုင်း၊ အချောထည်များ ဒေသခံတို့၏လက်ဝယ်ကိုင်ဆောင်ရောင်းဝယ်ခွင့်ရရှိရေး ဥပဒေနှင့် လုံးခင်း၊ ဆိပ်မူကျေးရွာတို့၌ စည်းစနစ်ကျသော ကျောက်ဝိုင်းဈေးဆောက်လုပ်ရန် ကူညီဆောင်ရွက်ပေးစေလိုကြောင်း တင်ပြခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်နေသည့် ဦးခေါ်ယိမ်းက သစ်ပင်များ ပြန်လည်စိုက်ပျိုးရာတွင် ကြုံတွေ့ရသည့်အခက်အခဲ၊ အမှိုက်များ ဥရုချောင်းအတွင်း စွန့်ပစ်နေသည့် ကိစ္စရပ်များ ဆွေးနွေးတင်ပြခြင်း၊ အခြားတက်ရောက်လာသူများက ကုမ္ပဏီများမှ ခဲ့သောမိုင်းဒဏ်ကြောင့် နေအိမ်များ အက်ကွဲ၍ ပြိုကျလုဖြစ်စဉ်များ ကြုံတွေ့ရမှု၊ ကုမ္ပဏီစွန့်ပစ်မြေစာနှင့်မလွတ်သည့် နေအိမ်များ ရွှေ့ပြောင်းစေရာတွင် မမျှတသောရွှေ့ပြောင်းစရိတ်များပေးချေမှု ကိစ္စရပ်များ တင်ပြဆွေးနွေးကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က မြို့နယ်အုပ်ချုပ်ရေးမှ ဖြေရှင်းနိုင်သည့် ကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးဂျွန်ဇယ်က ဥရုချောင်းအတွင်း အမှိုက်စွန့်ပစ်နေသည့်ကိစ္စအား ဖြေရှင်းနိုင်ရန် စည်းကမ်းတကျ အမှိုက်စွန့်ပစ်သည့်နေရာများ ထပ်မံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



ထို့နောက် ပြည်နယ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်က တင်ပြမှုများအား ပြန်လည်ရှင်းလင်းခဲ့ပြီး ဒေသခံများ၏ အခက်အခဲများအား ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# ရန်ကုန်မြို့၌ ဟောင်းနွမ်းဓာတ်အားလိုင်းများ အသစ်တပ်ဆင်ခြင်းကြောင့် အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုရှိနိုင်

**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များတွင် ၆၆ ကေဗွီ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ၊ Distribution Transformer များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ မိုးဦးကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသောသစ်ပင်၊ သစ်ကိုင်းခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေရှည်ဓာတ်အားတည်ငြိမ်ပြည့်ဝစွာ ပေးနိုင်ရေးအတွက် ဟောင်းနွမ်း၍ ဝန်အားမနိုင်တော့သော ၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးများအား လျှပ်ကာပါသော ဓာတ်အားလိုင်းကြိုးအသစ်များဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကို မေ ၁၅ ရက် (အင်္ဂါနေ့)နှင့် မေ ၁၇ ရက်(ကြာသပတေးနေ့)တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်စဉ်အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ ဒါးပိန်၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ရွှေပေါက်ကံ၊ တောင်ဥက္ကလာပ၊ ဒဂုံဆိပ်ကမ်း၊ သဃ်္ဃန်းကျွန်း၊ ရန်ကင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ တာမွေ၊ အင်းတိုင်၊ မြောင်းတကာ၊ ရွှေလင်ပန်း၊ ထန်းတပင်၊ မြောက်ဥက္ကလာပ၊ ရွှေပေါက်ကံ၊ မရမ်းကုန်း၊ လှိုင်မြို့နယ်များရှိ ရပ်ကွက်အချို့တို့တွင် အဆိုပါရက်များ၌ အချိန်ပိုင်းဓာတ်အားပြတ်တောက်မှု အနည်းငယ်ရှိနိုင်သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ယာယီဓာတ်အား ပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်လာနိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာအသိပေးထားကြောင်း သိရသည်။

မြန်မာ့အလင်း

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၂-၅-၂၀၁၈

### ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |

### စက်သုံးဆီဈေးနှုန်း (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၈၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၈၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၀၅/၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၆၀ ကျပ် |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၄၂ ・၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၉၉ ・၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၃ ・၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၁၅ ・၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၂၈ ・၂ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၁၁ ・၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ・၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၉ ・၉၅၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ・၆၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၉ ・၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ・၀၂၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

**ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

**အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော် အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❑ *ရှေ့စာမျက်နှာမှ*

ဖွင့်ပွဲအခမ်းအနားတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပသည့် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)၏ တတိယအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့် ပြိုင်ပွဲသည် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ထုတ်ကုန်များ အရည်အသွေး မြှင့်တင်နိုင်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် ရေရှည်ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရေးအတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

**ကျင်းပပြုလုပ်**

ပထမအကြိမ် ပြပွဲနှင့် ပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်က မန္တလေးမြို့တွင် မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်းရှိ MSME များပူးပေါင်း၍ လည်းကောင်း၊ ဒုတိယအကြိမ် ပြပွဲနှင့် ပြိုင်ပွဲကို ၂၀၁၈ ခုနှစ် မတ် ၂၄ ရက်က မကွေးမြို့တွင် မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ MSME များ ပူးပေါင်း၍လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း။

**ဆု ချီးမြှင့်သွားမည်**

တတိယအကြိမ်အဖြစ် ရောဝတီတိုင်းဒေသကြီးတွင် ကျင်းပခြင်းဖြစ်ပြီး ယခုပြပွဲနှင့်ပြိုင်ပွဲပြီးလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များတွင် ယခုလို MSMEs ထုတ်ကုန်များ ဒေသတွင်းပြပွဲနှင့် Regional Award ပြိုင်ပွဲများကို အလှည့်ကျဖြင့် ဆက်တိုက် ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ဒေသအလိုက် ပြိုင်ပွဲများတွင် ဆုများကို Micro၊ Small နှင့် Medium စသည်ဖြင့် လုပ်ငန်းအရွယ်အစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ဆုရရှိသူများကိုလည်း ပြိုင်ပွဲ၏ နောက်ဆုံးပိတ်ပွဲ အခမ်းအနားတွင် နိုင်ငံတော်က အသိအမှတ်ပြုသည့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် Regional Award ဆု ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

စီးပွားရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် ပြုပြင်ပြောင်းလဲ လုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်ဆိုသည့် အချက်များကို နိုင်ငံတော်၏ စီးပွားရေးမူဝါဒများတွင် ထည့်သွင်းချမှတ်ထားပါကြောင်း၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ SME Agency၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့စသည့် အဖွဲ့အစည်းများကို ဖွဲ့စည်းပြီး အဆိုပါအဖွဲ့များ၏ လုပ်ငန်းတာဝန်များအရ SME ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတစ်ဝန်းလုံးတွင် ဘက်ပေါင်းစုံက ဟန်ချက်ညီညီ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့နေသည့် ၉၉ ရာခိုင်နှုန်းသော အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင် ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက်လည်း SME Agency များ၊ SME ချေးငွေ စိစစ်ရေးကော်မတီများ ဖွဲ့စည်းပြီး မိမိတို့ဒေသအလိုက် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို Stakeholder အားလုံး ပါဝင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။




**ဒုတိယသမ္မတ ဦးမြင့်ဆွေ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ပြိုင်ပွဲ (၂၀၁၈) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

**စိတ်ကူးကောင်းများဖော်ထုတ်**

နိုင်ငံတော်က ယခုလိုပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပပေးခြင်းအားဖြင့် ပြည်တွင်းစားသုံးသူများအနေဖြင့် MSME များ၏ထုတ်ကုန်များကို အကဲဖြတ်လေ့လာနိုင်ခြင်း၊ MSME များ၏ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုများကို MSME များအချင်းချင်း သိရှိစေနိုင်ခြင်း၊ အတုယူလေ့လာနိုင်ခြင်း၊ ဆန်းသစ် တီထွင်မှုရှိသည့် စိတ်ကူးကောင်းများ ဖော်ထုတ်ပြီး မိမိထုတ်လုပ်မှုလုပ်ငန်းစဉ် Supply Chain တစ်လျှောက် ဆက်စပ်ပတ်သက်နေသည့်အခြား MSME များနှင့် ပေါင်းစပ်လုပ်ကိုင်လာနိုင်ခြင်း၊ ပျောက်ကွယ်လုနီးနီးဖြစ်နေပြီး တိမ်မြုပ်နေသည့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ရိုးရာအစားအသောက်များကို ဖော်ထုတ်အဆင့်မြှင့်တင်နိုင်ခြင်း၊ ဒေသအချင်းချင်း ပေါင်းစည်း လုပ်ကိုင်လာနိုင်ခြင်း၊ ဒေသတစ်ခု၏လိုအပ်ချက်ကို အခြားဒေသ အားသာချက်များမှ ထုတ်ယူသုံးစွဲနိုင်ခြင်း၊ ပေါင်းစည်းဆောင်ရွက်မှုများမှ International အဆင့်တက်လှမ်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိကြမည်ဖြစ်ပါကြောင်း။

**ပေါင်းစပ်ညှိနှိုင်းဆွေးနွေး**

ထို့ပြင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ အစည်းအဝေးများကိုလည်း ယခုလို ပြပွဲနှင့်ပြိုင်ပွဲကာလအတွင်း ကျင်းပပြုလုပ်လျက်ရှိရာမှာ သက်ဆိုင်ရာတိုင်းဒေသကြီးအတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျကျ ကူညီထောက်ပံ့ဆောင်ရွက်နိုင်ရန် Stakeholder များနှင့် MSME လုပ်ငန်းရှင်များ အားလုံး ပေါင်းစပ်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း။

SME လုပ်ငန်းများအနေဖြင့် ကုန်ကြမ်းပစ္စည်းများကို နည်းပညာအခြေခံပြီး အရည်အသွေးမီ တန်ဖိုးမြှင့်ထုတ်လုပ်မှု (Value Added) လုပ်ငန်းများ၊ အခြေခံထုတ်လုပ်မှုနည်းစဉ်သုံး (Root Industries) လုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီ ထုပ်ပိုးမှုလုပ်ငန်းများနှင့် ထုပ်ပိုးမှုပုံစံ (Packing Design)များ ကောင်းမွန်စေရန် ကြိုးစား ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ထို့ပြင် ထုတ်ကုန်များ အရည်အသွေးကောင်းမွန်စေရန်၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီစေရန်တို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး သုတေသနပြုလုပ်ခြင်း၊ ဆန်းသစ်တီထွင် ထုတ်လုပ်ခြင်းနှင့် အရောင်းမြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်သစ် ဖော်ထုတ်နိုင်ရန် အတွက်လည်း သက်ဆိုင်ရာဌာနများကလည်း အားပေးကူညီဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ မိမိတို့၏ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာရာမှတစ်ဆင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်နှင့် ပြည်တွင်းဈေးကွက် ချဲ့ထွင်နိုင်ခြင်းမှတစ်ဆင့် ပို့ကုန်ဦးစားပေးထုတ်ကုန်များ ထုတ်လုပ်လာနိုင်ရန် ရည်မှန်းချက်ထားရှိပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

*စာမျက်နှာ ၄ သို့*



**ဒုတိယသမ္မတ ဦးမြင့်ဆွေ ငွေဆောင်အပန်းဖြေဆင်စခန်း၌ ဆင်များကို အစာကျွေးနေစဉ်။** သတင်းစဉ်

စာမျက်နှာ ၃ မှ

ဆက်လက်၍ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က တိုင်းဒေသကြီးအတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)၏ တတိယအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်းပြပွဲနှင့်ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ယင်းနောက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)၏ တတိယအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်း ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကုမ္ပဏီများက လှူဒါန်းသည့် အလှူငွေများကို လက်ခံကြပြီး အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်တို့က အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (MSMEs)၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန် ပစ္စည်းပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

တတိယအကြိမ် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (MSMEs)၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲကို ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

**ခင်းကျင်းပြသရောင်းချ**

ယခုပြပွဲနှင့် ပြိုင်ပွဲတွင် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင် ၈၆ ဦးက ပြခန်းပေါင်း ၁၆၁ ခန်းဖွင့်လှစ်ပြီး ဒေသထုတ်ကုန်ပစ္စည်းများအပါအဝင် ရိုးရာအစားအစာနှင့် ဖျော်ရည်အမျိုးမျိုး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ စက်မှု၊ လက်မှုပစ္စည်းများ၊ လျှပ်စစ်နှင့် အိုင်တီနည်းပညာသုံး ပစ္စည်းများကို ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ပုသိမ်မြို့ အမှတ် ၄ ရပ်ကွက် ကုန်သည်လမ်းနှင့် ဥမ္မာဒန္တီလမ်းထောင့်ရှိ အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMIDB) ပုသိမ်ဘဏ်ခွဲ၌ ကျင်းပသည့် SME Center ဖွင့်လှစ်ခြင်းနှင့် စိုက်ပျိုးရေး ချေးငွေထုတ်ချေးခြင်း အခမ်းအနားသို့ တက်ရောက်ပြီး SME Center ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပုသိမ်-ငွေဆောင်လမ်း မိုင်တိုင်အမှတ် ၁၇ မိုင်ရှိ သစ်တောဦးစီးဌာန၏ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းသို့ ရောက်ရှိပြီး ပျိုးကတိုးစိုက်ခင်း ဧက ၃၅၀ စိုက်ပျိုးရန် ဆောင်ရွက်ထားရှိမှုနှင့် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာရာ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က လိုက်လံရှင်းလင်း ပြသသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုသိမ်-ငွေဆောင်လမ်း မိုင်တိုင်အမှတ် ၁၇ မိုင်ရှိ သစ်တောဦးစီးဌာန၏ ပျိုးကတိုးစိုက်ခင်းအား ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

ဆက်လက်၍ ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ပုသိမ်-ငွေဆောင်လမ်း မိုင်တိုင်အမှတ် ၁၉ မိုင်ရှိ ငွေဆောင် အပန်းဖြေဆင်စခန်းသို့ ရောက်ရှိရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘက ငွေဆောင် ဆင်စခန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**ချိတ်ဆက်ပူးပေါင်းဆောင်ရွက်**

ယင်းနောက် ဒုတိယသမ္မတက ရောဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သည် တောဆင်ရိုင်းများ ကျက်စားနေထိုင်ရာ သစ်တောကြိုးဝိုင်းများ ပေါများစွာရှိသဖြင့် တောဆင်ရိုင်းများ အများဆုံးကျက်စားနေထိုင်သည့် ဒေသများဖြစ်ပါကြောင်း၊ တောဆင်ရိုင်းများကို စနစ်တကျထိန်းသိမ်းရန်နှင့် တောဆင်ရိုင်းများကို ဆင်မုဆိုးများ၏ သတ်ဖြတ်မှုမှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဆင်များကို အစာကျွေးပြီး အပန်းဖြေစခန်း၌ ရတနာတန်းဝင် ကျွန်းပင်ကို အမှတ်တရစိုက်ပျိုးပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ငွေဆောင်ကမ်းခြေ Aureum Palace Hotel ၌ ကျင်းပသည့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ **စီမံအုပ်ချုပ်လုပ်ကိုင်မှု အခြေအနေ**နှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည် ဖော်ဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

**ဆောင်ရွက်ပြီးစီးမှု**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ရောဝတီတိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ပင်လယ်ကမ်းရိုးတန်း သယံဇာတထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည် ဖော် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်းပြီး နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ပင်လယ်ကမ်းရိုးတန်း သယံဇာတများ ရေရှည်တည်တံ့ပြီး ဂေဟစနစ်များ မပျက်အောင်၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာစောင့်ထိန်းရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများသည် ပင်လယ်ကမ်းရိုးတန်းရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သက်ဆိုင်ရာ အစိုးရများနှင့် ညှိနှိုင်းလျက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိအောင် သတ်မှတ် စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုခဲ့**

ယင်းနောက် ဒုတိယသမ္မတသည် ငွေဆောင်ကမ်းခြေ သာယာလှပရန် ဆောင်ရွက်ထားမှုများကို ကြည့်ရှုခဲ့သည်။

**သတင်းစဉ်**

# မြန်မာဂန္ထဝင်စာအုပ် အတွဲ ၁၀၀ စာစဉ်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၁၂**

မြန်မာဂန္ထဝင်စာအုပ် အတွဲ ၁၀၀ စာစဉ်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာဂန္ထဝင်စာအုပ် အတွဲ ၁၀၀ စာစဉ် စတင်ထုတ်ဝေမည့် စာစဉ်တွဲ သုံးတွဲပြီးစီးပါက စာအုပ်မိတ်ဆက်ပွဲ ပြုလုပ်ရေး၊ ၎င်းစာစဉ်တွဲ သုံးတွဲ ထုတ်ဝေရန် ပြင်ဆင်နေမှုအခြေအနေနှင့် စာစဉ်တွဲများ ဆက်လက်ထုတ်ဝေနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာဂန္ထဝင်စာအုပ် အတွဲ ၁၀၀ စာစဉ်ထုတ်ဝေရေး လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဦးမော်လင်း(မော်လင်း)၊ ဦးအေးမောင်(အေးမောင်ကျော်)၊ ဦးခင်မောင်စိုး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာဂန္ထဝင်စာအုပ် အတွဲ ၁၀၀ စာစဉ်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

(မောင်သာမည)၊ ဦးမျိုးညွန့် (စာပေလောက)၊ ဦးဝင်းချို(မူဝံစာပေ)၊ ဦးရဲမြင့် (နန်းဒေဝီစာပေ)၊ ဦးသန်းအုန်း (မောင်ဇေယျာ)နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက စာစဉ်တွဲများတွင် ပါဝင်မည့် စာအုပ်များ ရွေးချယ်လျာထားမှု၊ စာအုပ်အဖုံးကို ခံ့ညားထည်ဝါစွာဖြင့် ပြင်ဆင်ဆောင်ရွက်ရေးနှင့် စာစဉ်တွဲများ တွင် အင်္ဂါရပ်များပြည့်စုံရေး၊ ပထမအကြိမ် စာစဉ်တွဲသုံးတွဲကို ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း ထုတ်ဝေနိုင်ရေး၊ ကျန်စာစဉ်တွဲများ အချိန်မီဆက်လက်ထုတ်ဝေနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မြန်မာဂန္ထဝင်စာအုပ် အတွဲ ၁၀၀ စာစဉ်တွင် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ အက်ဆေး၊ ပြဇာတ်၊ စာပေပဒေသာ စသည်ဖြင့် ကဏ္ဍများစွာပါဝင်ပြီး ဘာသာရပ်အလိုက် ကျွမ်းကျင်ရာ ပညာရှင်များဖြင့် ဖွဲ့စည်းကာ မြန်မာဂန္ထဝင်စာအုပ် အတွဲ ၁၀၀ စာစဉ်ကို ထုတ်ဝေရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၂**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/ ၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို မေ ၁၂ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် အပါအဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင် ၁၂ ဦး တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၆/ ၂၀၁၈)အစည်းအဝေးမှ အဆိုပြုလွှာ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့်တစ်ခုနှင့် အတည်ပြုမိန့်နှစ်ခု ခွင့်ပြုပေးရန် ဆုံးဖြတ်ခဲ့သည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# နေပြည်တော်၌ ထာဝရငြိမ်းချမ်းရေးစေတီတော် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားကျင်းပ





**နေပြည်တော် မေ ၁၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် ရွှေလက်လှ စေတီတော် ပရိဝုဏ်အတွင်းတွင် တည်ထားကိုးကွယ်မည့် ဉာဏ်တော် ၃၆ တောင်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်း အနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသု တာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒ စရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများ၊ ရတနာပန္နက်တော်၊ ရွှေလက်ရိုက် တော်နှင့် ရွှေတူးရွင်းတော်များကို ဆရာတော်ကြီးများထံ ဆက်ကပ်၍ မေတ္တသုတ်တော်နှင့် ပရိတ်တရားတော်များကို နာယူကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် ဧည့်ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားကြပြီး ရေစက်သွန်းချအမျှပေးဝေ ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရန်အောင်မြင် ရွှေလက်လှစေတီတော် ပရိဝုဏ်အတွင်းရှိ သတ်မှတ်နေရာများတွင် ရတနာပန္နက်တော်တင်၍ တွင်းတော် တူးဝန်းပေးကြရာ ဆရာတော်သံဃာတော်များက အောင်ဂါထာ များကို ရွတ်ဆိုပူဇော်ပြီး မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကျင်းပ

**ရန်ကုန် မေ ၁၂**

သတ္တမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကြီးကို ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲတာဝန်ခံများအဖြစ် ဆရာတော်ဘဒ္ဒန္တ ဓမ္မကိတ္တိ (သာယာဝတီ)၊ ဒေါက်တာဘဒ္ဒန္တ ဥတ္တမသိရီ (ရောရွှေမြေ)နှင့် ဒေါက်တာပဏ္ဍိတဘိက္ခု (သုတစုံလင်အဖွဲ့ဥက္ကဋ္ဌ) တို့က ကြီးကြပ်ဆောင်ရွက်တော်မူကြသည်။

နောက်ဆုံးအဆင့် ပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းအဆင့်ပြိုင်ပွဲ အုပ်စု(က)မှ ရမှတ်အများဆုံး ကျောင်းသူ ကျောင်းသား ငါးဦးနှင့် အုပ်စု(ခ) ရမှတ် အများဆုံး ငါးဦးတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြရာ ဓနုဖြူစာဖြေဌာနမှ မောင်စောထူးကပေါက ပထမ၊ တောင်ငူ စာဖြေဌာနမှ မယွန်းရတီမျိုးက ဒုတိယ၊ ကော့မှူးစာဖြေဌာနမှ မအိအိခိုင်က တတိယ၊ ဝက်လက်စာဖြေဌာနမှ မအေး မြတ်မွန်ငြိမ်းက စတုတ္ထနှင့် ကော့မှူး စာဖြေဌာနမှမောင်သက်ပိုင်က ပဉ္စမဆု များ ဆွတ်ခူးရရှိသွားသည်။

ပထမဆုအတွက်ငွေကျပ် သိန်း ၂၀ နှင့် ဗုဒ္ဓဝံသဗဟုသုတရေဘွဲ့တံဆိပ်အပြင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ၁၅ ရက်အခမဲ့ ခရီးပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။ ဒုတိယဆုအတွက် ငွေကျပ် ၁၅ သိန်း၊ တတိယဆုငွေကျပ် ၁၀ သိန်း၊ စတုတ္ထ ငွေကျပ် ခြောက်သိန်း၊ ပဉ္စမ ငွေကျပ်ခြောက်သိန်း ချီးမြှင့်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲဝင် ငါးဦးကိုလည်း ငွေကျပ် သုံးသိန်းစီ ချီးမြှင့်သည်။

ယင်းယှဉ်ပြိုင်မှုမှာ တစ်နိုင်ငံလုံးမှ ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်မှု ဖြစ်ပြီး မဟာဗုဒ္ဓဝင် ခြောက်အုပ်တွဲ ရှစ်အုပ်ကို ကျက်မှတ်၍ ရေးဖြေနှင့် နှုတ်ဖြေ ပြိုင်ပွဲကြီးအဖြစ် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**

# မှော်ဘီမြို့ရှိ ကျော်ထွဋ်ခေါင် မဟာတေဇဘာတိက စေတီတော် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနား စည်ကားစွာကျင်းပ

**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောက်ချောကုန်းကျေးရွာ ရန်ကုန်-ပြည်ကားလမ်းနံဘေးတွင် မေ ၁၂ ရက် နံနက် ၉ နာရီက ကျော်ထွဋ်ခေါင် မဟာ တေဇဘာတိက စေတီတော်အုတ်မြစ် တော်စီမင်္ဂလာအခမ်းအနားကို မြန်မာ တစ်ပြည်လုံးရှိ အလုပ်သင်ဗိုလ်လောင်း အပတ်စဉ် ၁ မှ ၃၀ ထိ တေဇညီအစ်ကို များ စုပေါင်း၍ မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့သည်။ **(အောက်ပုံ)**

"ဗိုလ်လောင်းသင်တန်း အပတ်စဉ် ၁ ကနေ ၃၀ ထိ တေဇအလုပ်သင်က မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ အရာရှိ ခြောက်ထောင်ကျော် ဦးစီးပြီး သံသရာမှာ ကုသိုလ်ကျောပိုးအိတ်ပါရှိစေမယ့် စေတီတော်မြတ်တည်ဖို့ အုတ်မြစ်တော်စီ အခမ်းအနားပဲဖြစ်ပါတယ်၊ အခုမြေနေရာ နှစ်ဧကကျော်မှာ စေတီတော်တည်ထားဖို့ လှူခွင့်ရတဲ့အတွက်လည်း ဝမ်းသာပီတိ ဖြစ်ရပါတယ်၊ ၅၄ ပေ ဉာဏ်တော်အမြင့် စေတီတော်တည်ထားမှာပါ၊ သာသနာ တော် ထွန်းကားတဲ့ မြန်မာပြည်မှာ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ပြီး ဘာသာ၊ သာသနာ အဓွန့်ရှည်တည်တံ့ဖို့ တေဇညီအစ်ကိုတွေအားလုံး ကုသိုလ် အဖြစ်မှတ်တိုင်တစ်ခု ကျန်ရစ်ခဲ့တာဟာ ဘယ်အရာနဲ့မှ အစားထိုးလို့မရတဲ့ ကုသိုလ်ပီတိပါပဲ" ဟု မြေအလှူရှင်ဖြစ်သော ဗိုလ်မှူးကြီး ရန်နိုင်ဦး(ငြိမ်း)က ပီတိစကားပြောကြားသည်။

ယနေ့တွင် ကျော်ထွဋ်ခေါင် မဟာ တေဇဘာတိကစေတီတော် အုတ်မြစ် တော်စီအခမ်းအနား အောင်မြင်စွာ ပြီးစီးပြီးနောက် စေတီတော်ကြီးအား ဆက်လက် တည်ထားလျက်ရှိကြောင်း သိရသည်။

**သတင်း-သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**



# နွားထိုးကြီးဘိုးဘွားရိပ်သာ မကြာမီဖွင့်မည်

**နွားထိုးကြီး မေ ၁၂**

နွားထိုးကြီးနယ်သူနယ်သားများ၏ ကိုယ့်အားကိုယ်ကိုး တည်ဆောက်နေသော နွားထိုးကြီး ဘိုးဘွားရိပ်သာကို ၂၀၁၈ နှစ်ကုန်တွင် ဖွင့်လှစ်နိုင်မည်ဟု တည်ဆောက်ရေးဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က ပြောသည်။

နွားထိုးကြီးဘိုးဘွားရိပ်သာတွင် အဘိုးဆောင်၊ အဘွား ဆောင်၊ စားမြိန်ဆောင်၊ တရားနာဆောင်၊ ဧည့်ဆောင် စသဖြင့် အဆောင်ငါးဆောင်ကို တည်ဆောက်နေရာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

နယ်သူနယ်သား အလှူငွေကျပ်သိန်း ၇၀၀ ကျော်နှင့် မတည်၍ အလှူရှင်များ၏ စုပေါင်းမှုကြောင့် ယခုကဲ့သို့ ဘိုးဘွား ဆောင်များ ပြီးစီးနေခြင်းဖြစ်၍ မကြာမီဖွင့်လှစ်နိုင်မည်ဖြစ် သည်။

ဘိုးဘွားများအတွက် ကျွေးမွေးကုသမှု ရန်ပုံငွေသာ လိုအပ် မည်ဖြစ်၍ နွားထိုးကြီးနယ်သူနယ်သားများ ပါဝင်လှူဒါန်းကြရန် ဘိုးဘွားရိပ်သာကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင် ဖုန်း-၀၉-၂၅၆၅၃၂၄၃၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ငွေးမြင့်မောင်**

# နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ် ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ငြိမ်းချမ်းပါစေ ငွေတောင်ပြည်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

> **"နိုင်ငံသူ နိုင်ငံသားအားလုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကိုသာ ဖော်ဆောင်ပေးနိုင်မည်ဆိုလျှင် အတိုင်းထက်အလွန်ပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံအတွက် အသက်တမျှအရေးပါသော ထိုငြိမ်းချမ်းရေးအား ရယူတည်ဆောက်နိုင်ရန်သည် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုများအကြား သံသယများ ဖယ်ရှားပြီး ယုံကြည်မှုတည်ဆောက်သွားရန် လိုအပ်ပါသည်။ ဦးစွာ ယုံကြည်မှုတည်ဆောက်ပြီးမှသာ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်"**

ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)တို့သည် NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဧပြီလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အပြုသဘောဆောင်သော ရလဒ်များ ရရှိခဲ့သည်။ နှစ်ဖက်သဘောတူညီချက်ရရှိပြီး ပူးတွဲကြေညာချက်ပင် ထုတ်ပြန်နိုင်ခဲ့သည်။ မကြာမီ NCA ၌ ပါဝင်လက်မှတ်ရေးထိုးနိုင်တော့မည် ဖြစ်သည်။ ညီနောင်တိုင်းရင်းသားများအတွက် ဝမ်းမြောက်ဖွယ်ရာသတင်းပင်ဖြစ်သည်။ အထူးသဖြင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

**ငြိမ်းချမ်းရေးဆိုသည်မှာ**

ငြိမ်းချမ်းရေးဆိုသောစကားရပ်သည် လူတိုင်း၏ စိတ်နှလုံးကိုချမ်းမြေ့စေသည်မှာအမှန်။ ထိုနည်းတူစွာ တည်ငြိမ်အေးချမ်းမှုရှိသောပတ်ဝန်းကျင်တွင်လည်း တရားဥပဒေစိုးမိုးပြီး ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်နိုင်မည် ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ပြီးဒီမိုကရေစီစနစ်ကျင့်သုံးလျက်ရှိသော ကမ္ဘာ့နိုင်ငံအားလုံးသည် ငြိမ်းချမ်းရေးကို ခိုင်မာအောင်တည်ဆောက်ထားပြီးဖြစ်သည်။ ငြိမ်းချမ်းရေးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မရေသောက်မြစ်ပင်ဖြစ်သည်။

တိုင်းပြည်အတွင်း နိုင်ငံသူ နိုင်ငံသား အားလုံးလိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကိုသာ ဖော်ဆောင်ပေးနိုင်မည်ဆိုလျှင် အတိုင်းထက်အလွန်ပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံအတွက် အသက်တမျှ အရေးပါသော ထိုငြိမ်းချမ်းရေးအား ရယူတည်ဆောက်နိုင်ရန်သည် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုများအကြား သံသယများ ဖယ်ရှားပြီး ယုံကြည်မှုတည်ဆောက်သွားရန် လိုအပ်ပါသည်။ ဦးစွာ ယုံကြည်မှုတည်ဆောက်ပြီးမှသာ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည် ဖြစ်သည်။

**NCA လက်မှတ်ရေးထိုးခြင်း**

ထို့ကြောင့်မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော အစိုးရအသီးသီးသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ သက်ဆိုင်သူများအကြား အပြန်အလှန်နားလည်မှု၊ယုံကြည်မှု၊စိတ်ရှည်သည်းခံခွင့်လွှတ်မှုတို့ကို အခြေခံလျက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့ခြင်းကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ရှစ်ဖွဲ့တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ပေသည်။

ထို့အပြင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင်လည်း မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) တို့သည် NCA တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။ လက်ရှိအချိန်၌ NCA တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့ ၁၀ ဖွဲ့အထိ ရှိလာပြီဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အပြန်ပြန်အလှန်လှန် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်မှုရရှိလာခြင်း ဖြစ်သည်။ လက်ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်လည်း မဝေးတော့သည့် အနာဂတ်တွင် NCA ၌ ပါဝင်လက်မှတ်ရေးထိုးကြမည်ဟု ခိုင်မာစွာယုံကြည်မိပါသည်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစုပင်လုံ**

ထို့အပြင် ဒီမိုကရေစီအစိုးရသည် တိုင်းပြည်အတွင်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-၂၁ရာစုပင်လုံ (ပထမအကြိမ်) အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -၂၁ ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ကိုလည်း နေပြည်တော်တွင် ၂၀၁၇ ခုနှစ် မေလ ၂၄ ရက်နေ့မှ ၂၉ ရက်နေ့အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - ၂၁ ရာစုပင်လုံ (တတိယအစည်းအဝေး) ကိုလည်း မေလအတွင်း ကျင်းပသွားရန် စီစဉ်ထားရှိပေသည်။ ထို့ကြောင့် KNPP အနေဖြင့်လာမည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကြီး၌ NCA တွင် လက်မှတ်ရေးထိုးနိုင်မည်ဆိုလျှင် အတိုင်းထက်အလွန်ပင်ဖြစ်သည်။

**လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့**

စာရေးသူသည် ၁၉၉၀ ပြည့်လွန်နှစ်များက ကယားပြည်နယ် ဘော်လခဲမြို့ကလေးတွင် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထိုစဉ်က လွိုင်ကော်နှင့် ဘော်လခဲကို ယာဉ်တန်းရှိမှသာ သွားလာနိုင်သည်။ လိုင်းကားရှိသော်လည်း လုံခြုံရေးအခြေအနေအရ ယာဉ်တန်းကိုသာ အားကိုးခဲ့ရသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် ကုန်ဈေးနှုန်းကြီးမြင့်ခဲ့သည်။ လတ်ဆတ်သောဟင်းသီးဟင်းရွက်နှင့်အသားငါးများရှားပါးခဲ့သည်။ နေ့စဉ်ကြက်ဥ၊ ငါးခြောက်နှင့် ဖရုံသီးလောက်သာ စားခဲ့ရသည်။

ထိုစဉ်က ထိုင်း - မြန်မာနယ်စပ်မြို့ဖြစ်သည့် မယ်စဲ့မြို့ကို သွားဖို့ရန်ခက်ခဲလှသည်။ ယာဉ်တန်းရှိသည့် အချိန်တွင် ဖားဆောင်းမှတစ်ဆင့် သံလွင်မြစ်ကို ဇက်ဖြင့် ဖြတ်ကူးခဲ့ရသည်။ သံလွင်အရှေ့ဘက်ခြမ်းတွင် လုံခြုံရေးစိတ်မချရပေ။ မကြာခဏ တိုက်ပွဲဖြစ်လေ့ရှိသည်။ ကျောက်ချောလမ်းတစ်လျှောက် ကျီးကန်းတောင်းမှောက်ဖြင့် ကားစီးခဲ့ရသည်။ ထိုင်းပစ္စည်းများကို ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူသုံးစွဲခဲ့ရသည်။

**ကုန်စည်စီးဆင်းမှုမြန်ဆန်လာ**

သို့သော် ဒီမိုကရေစီအစိုးရလက်ထက်တွင် မယ်စဲ့မြို့၌ ထိုင်း - မြန်မာ နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့အပြင် ဖားဆောင်းမြို့၌လည်း သံလွင်မြစ်ကူးတံတားတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်သည်။ လွိုင်ကော်နှင့် မယ်စဲ့ကို နေ့ချင်းပြန်ခရီးပေါက်နေပြီဖြစ်သည်။ လမ်းများကို အဆင့်မြှင့်တင်ထားသဖြင့် ကုန်စည်စီးဆင်းမှုလည်း ပိုမို မြန်ဆန်လာခဲ့သည်။

ထိုင်းနိုင်ငံဘက်ခြမ်းမှ ကုန်ပစ္စည်းများကို မြန်မာနိုင်ငံမန္တလေးမြို့အထိတင်သွင်းနိုင်သလို မြန်မာနိုင်ငံမှ ထွက်ရှိသော ကုန်ပစ္စည်းများကိုလည်း ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ပြီဖြစ်သည်။ ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ပြီ ဖြစ်သည်။ ထို့ကြောင့် (KNPP) အနေဖြင့် NCA တွင် ပါဝင်လက်မှတ်ရေးထိုးမည်ဆိုလျှင် ကယားပြည်နယ်သည် ယခုထက်ပိုမိုတိုးတက်လာစေမည်ဖြစ်သည်။

**လွမ်းမိပါသည်**

လွိုင်ကော်မြို့သည် အေးချမ်းသော မြို့လေးပင်ဖြစ်သည်။ နွေရာသီတွင် အနည်းငယ်ပူသော်လည်း ညဘက်တွင်နေ၍ကောင်းပါသည်။ ဘီလူချောင်းကြီးက မြို့လယ်ကို ဖြတ်သန်းစီးဆင်းနေသဖြင့် အသားငါး ပေါလှသည်။ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒေသခံတိုင်းရင်းသားများ၏ ဖြူစင်သော စိတ်ထားကို သီရိမင်္ဂလာဈေးကြီး၌ တွေ့မြင်နိုင်ပေသည်။ လောပိတရေအားလျှပ်စစ်စက်ရုံကြီးက လွိုင်ကော်မြို့ကို ပို၍ အဆင့်မီစေပါသည်။

တန်ခိုးကြီး ဆုတောင်းပြည့်မြို့နံ့စေတီတော်နှင့် တောင်ကွဲစေတီတို့သည် လွိုင်ကော်၏ အလှကိုပိုမိုတင့်တယ်လျက်ရှိသည်။ စာရေးသူတို့ တာဝန်ထမ်းဆောင်စဉ်က တက္ကသိုလ်မရှိသေးပေ။ ယခုဆိုလျှင် လွိုင်ကော် တက္ကသိုလ်ကိုပင် ဖွင့်လှစ်ထားပြီးဖြစ်သည်။ စာရေးသူမသိသေးသည့် အခြားတိုးတက်မှုများစွာလည်း ရှိနေဦးမည်ထင်ပါသည်။ ဒေသခံတိုင်းရင်းသားများသည် ကယားပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်ကို မျှော်လင့်ကြသည်။ ထိုပွဲတော်ကာလတွင် နာမည်ကြီးအဆိုတော်များ၏ ဂီတဖျော်ဖြေပွဲများ အပါအဝင်ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းကျင်းပလေ့ရှိသည်။ မည်သို့ပင်ဆိုစေကာမူ ယနေ့အချိန်အထိ ငွေတောင်ပြည်ကို လွမ်းမိနေပါသည်။

**လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာ**

စာရေးသူကယားပြည်နယ်တွင် တာဝန်ထမ်းဆောင်စဉ်ကပင် လွိုင်ကော -ပင်လောင်း- အောင်ပန်း- သာစည် ရထားလမ်းဖောက်လုပ်ထားပြီးဖြစ်သည်။ နေ့စဉ် နံနက်ပိုင်းတွင် လွိုင်ကော်မှ သာစည်သို့ ရထားထွက်ခွာပြီး သာစည်မှ ထွက်ခွာလာသည့် ရထားသည် ညနေဘက်တွင် လွိုင်ကော်ဘူတာသို့ ဝင်လေ့ရှိသည်။ ကုန်စည်စီးဆင်းမှု ချောမွေ့ခဲ့သည်။ ထိုစဉ်က ရထားစက်မောင်းဆရာသည် လမ်းတစ်လျှောက်ကျေးရွာများ မှ တိုင်းရင်းသူ၊ တိုင်းရင်းသားများကို စိတ်ရှည်သည်းခံစွာဖြင့် ရပ်၍တင်ပေးလေ့ရှိသည်။ ပီတိဖြစ်ဖွယ် မြင်ကွင်းပင်ဖြစ်သည်။

ထို့အပြင် လွိုင်ကော်မှ ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ တောင်ကြီးမြို့များသို့လည်း နေ့စဉ်လိုင်းကားများ ထွက်ရှိသည်။ အပတ်စဉ် လွိုင်ကော်-ဟဲဟိုး-မန္တလေးနှင့် လွိုင်ကော်-ဟဲဟိုး-ရန်ကုန်လေယာဉ်ခရီးစဉ်များ ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေးအတွက်အဆင်ပြေချောမွေ့ခဲ့သည်။ လက်ရှိအချိန်တွင် လမ်းပန်းဆက်သွယ်ရေးသည် ပိုမိုကောင်းမွန်လာမည်ဟု ခိုင်မာစွာယုံကြည်မိပါသည်။

**ငြိမ်းချမ်းပါစေငွေတောင်ပြည်**

လက်ရှိအချိန်အထိ အပစ်အခတ်ရပ်စဲနိုင်ခဲ့ပြီး ငြိမ်းချမ်းရေးရယူထားသောပြည်နယ်များတွင် မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူများသည် အတိတ်ကာလကဲ့သို့ ကျီးလန့်စာစား ဘဝမျိုးမဟုတ်တော့ပေ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသသည် တည်ငြိမ်အေးချမ်းနေပြီဖြစ်သည်။ ထိုဒေသများရှိ ပြည်သူများသည် ငြိမ်းချမ်းရေးအသီးအပွင့်များကို ခံစားနေရပြီဖြစ်သည်။ တိုင်းရင်းသားများသည် နေ့စဉ်လူမှုဘဝအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အေးချမ်းတည်ငြိမ်ပျော်ရွှင်စွာ လုပ်ကိုင်စားသောက်နေထိုင်လျက်ရှိကြသည်မှာ တွေ့ရ၊ မြင်ရသူတိုင်းအတွက် စိတ်ချမ်းမြေ့ဖွယ်ရာမြင်ကွင်းများပင် ဖြစ်သည်။

အထူးသဖြင့် အပစ်အခတ်ရပ်စဲထားသော ဒေသများတွင် လမ်း၊ တံတား၊ စာသင်ကျောင်း၊ ဆေးခန်း၊ ဆက်သွယ်ရေးစခန်းစသည့်အခြေခံအဆောက်အအုံများ တိုးတက်လာသဖြင့် ကျောင်းသားမိဘများနှင့် ဒေသခံများ စိတ်ချမ်းမြေ့လျက်ရှိကြသည်။ ထိုသို့ နိစ္စဓူဝ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စိုးရိမ်ကြောင့်ကြမှုကင်းမဲ့စွာဖြင့် လွတ်လပ်စွာ သွားလာလှုပ်ရှား ကူးသန်းရောင်းဝယ်မှုများ လုပ်ကိုင်နိုင်သဖြင့် ဒေသခံပြည်သူများ၏ လူမှုဘဝတစ်ဟုန်ထိုးတိုးတက်လျက်ရှိသည်မှာ ကျွန်တော်တို့အားလုံး လက်ခံရမည့် အမှန်တရားပင်ဖြစ်ပါသည်။ ထို့ကြောင့် KNPP သည် NCA တွင် ပါဝင်လက်မှတ်ရေးထိုးသွားမည်ဆိုလျှင် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားများမှာ ငြိမ်းချမ်းရေးအပြည့်အဝရရှိတော့မည် ဖြစ်သည်။

ခြုံ၍ တင်ပြရလျှင် ငြိမ်းချမ်းရေးကော်မရှင် (PC)နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့သည် NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ရာ သဘောတူညီချက်များ ရရှိခဲ့သဖြင့် ပူးတွဲကြေညာချက်ပင် ထုတ်ပြန်နိုင်ခဲ့သည်။ ဒေသခံပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ရာ သတင်းပင်ဖြစ်သည်။ စင်စစ်အားဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးပါဝင်သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးသည် ပြည်သူအားလုံးတောင့်တနေသော အိပ်မက်ပင်ဖြစ်သည်။ ထိုအိပ်မက်ကို အကောင်အထည်ဖော်နိုင်မည်ဆိုလျှင် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် KNPP သည် မဝေးတော့သည့် အနာဂတ်တွင် NCA ၌ ပါဝင်လက်မှတ်ရေးထိုးသွားမည်ဟု ရိုးသားစွာ ယုံကြည်မိပါသည်။ ထိုအချိန်တွင် ငွေတောင်ပြည်သည် ငြိမ်းချမ်းရေးအသီးအပွင့်များကို အပြည့်အဝခံစားရတော့မည် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ **ငွေတောင်ပြည်ကြီးငြိမ်းချမ်းပါစေ** ဟု စစ်မှန်သောစေတနာဖြင့် အကြိမ်ကြိမ်ဆန္ဒပြုမိပါသည်။ ။

---

## ဒလတံတား စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသော အောင်တော်မူဘုရားကြီး ပြောင်းရွှေ့တည်ထား

**ရန်ကုန် မေ ၁၂**

ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်မည့် စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသော ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းပေါ်ရှိ အောင်တော်မူဘုရားကြီးအား ကျန်စစ်သားရပ်ကွက် မြဝတီမင်းကြီးလမ်းဘေးရှိ တရားကွင်းမြေနေရာသို့ ပြောင်းရွှေ့၍ တည်ဆောက်ရေးလုပ်ငန်းများကို မေ ၁၁ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့(၂)မှ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အောင်တော်မူဘုရားကြီး ပြောင်းရွှေ့ တည်ဆောက်ခြင်းလုပ်ငန်းတွင် ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ရာတွင် အနောက်ကျောင်းတိုက်ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဦးသေဝိက ကြီးမှူး၍ မြို့နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများကို ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်ခြင်းကို အဆောက်အအုံ အထူးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်ပေးလျက်ရှိပြီး လာမည့်ဇွန်လနောက်ဆုံးပတ်တွင် အပြီးတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း အောင်တော်မူဘုရားကြီး တည်ဆောက်ရေး စီမံကိန်းမှ တာဝန်ခံအင်ဂျင်နီယာ ဦးမင်းသူထံမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**



# မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၁)၌ CNG Compressor အသစ်တိုးချဲ့တပ်ဆင်ခြင်း ဖွင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၁၂

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း စဥ့်ကိုင်မြို့နယ် ပလိပ်ဒေသရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ် ၁ ၌ CNG Compressor အသစ် တိုးချဲ့တပ်ဆင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါအရောင်းဆိုင်နေရာ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စွမ်းအင်ကဏ္ဍအနေဖြင့် စွမ်းအင်အရင်းအမြစ်များကို ပြည်သူများနှင့်ပူးပေါင်းပြီး အကျိုးရှိရှိ အထိရောက်ဆုံးဖြစ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အများပြည်သူအသုံးပြုသည့် ယာဉ်များ၊ ဒေသတွင်းသွားလာသည့် ယာဉ်ငယ်များအတွက် CNG ဖြင့် အသုံးပြုနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းမှ သဘာဝဓာတ်ငွေ့များရရှိရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိပါကြောင်း။

၂၀၂၀ ပြည့်နှစ်တွင် LPG အား အိမ်ထောင်စုပေါင်း ၁၅၀၀၀၀ ခန့် သုံးစွဲနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာမီကာလတွင် ရန်ကုန်၌ LPG Terminal တစ်ခုအား ဖွင့်လှစ်သွားမည်ဖြစ်ပြီး တန် ၂၀၀၀ ထိ တင်ဆောင်နိုင်သည့် သင်္ဘောများဖြင့် သယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ပြည်ပမှ တင်သွင်းသည့် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား CNG ကို အစားထိုးသုံးစွဲခြင်းဖြင့် နိုင်ငံတော်၏ နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း အထိုက်အလျောက် သက်သာစေမည်ဖြစ်ပါကြောင်း။

CNG Compressor စက်အသစ် တိုးချဲ့တပ်ဆင်အဆင့်မြှင့်တင်ပေးခြင်းအားဖြင့် CNG သုံးမော်တော်ယာဉ်များကို ဓာတ်ငွေ့ဖိအား ၃၀၀၀ psi ဖြည့်တင်းပေးနိုင်မည်ဖြစ်၍ ဖြည့်တင်းချိန် မြန်ဆန်လာခြင်း၊ စက်မောင်းချိန်လျော့နည်းသွားခြင်း၊ စက်ပြုပြင်ထိန်းသိမ်းမှု သက်သာခြင်းအပြင် မန္တလေးတိုင်းဒေသကြီး၌ လက်ရှိတွင် CNG သုံး မော်တော်ယာဉ် ၇၄၂ စီးရှိရာမှ နောက်ထပ် မော်တော်ယာဉ်စီးရေ တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း၊ CNG သုံး မော်တော်ယာဉ်များကိုလည်း ခရီးအကွာအဝေးမိုင် ပိုမိုသွားလာနိုင်ပြီး ခရီးသည်များနှင့် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းများကိုလည်း ပိုမိုတိုးတက်သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ သဘာဝဓာတ်ငွေ့များကို အသုံးပြုခြင်းအားဖြင့် စွမ်းအင်ချွေတာရာရောက်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း လျှော့ချနိုင်မည်ဖြစ်၍ ဒေသခံများအနေဖြင့် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာပြီး မိမိတို့ဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် CNG Compressor အသစ်တိုးချဲ့တပ်ဆင်ဖွင့်လှစ်ခဲ့ခြင်းအတွက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး CNG Compressor အသစ်တိုးချဲ့တပ်ဆင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကြည်မို့မို့လွင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က CNG Compressor စက်အသစ်ကို စက်ခလုတ်နှိပ်၍ သဘာဝဓာတ်ငွေ့ဖြည့်တင်းပေးသည်။

ယင်းနောက် CNG အရောင်းဆိုင်အတွင်း မော်တော်ယာဉ်များအား CNG ဓာတ်ငွေ့ရောင်းချနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရှိ အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံထိန်းချုပ်ခန်းအတွင်း ဓာတ်အားများ လက်ခံ၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးနေမှုအခြေအနေနှင့် Switchyard အတွင်း ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ တာဝန်ရှိသူများက မန်းရေနံမြေမှ ထွက်ရှိမည့် စက်သုံးဆီများအား အထက်မြန်မာပြည်သို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်မည့် အစီအမံများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) အစည်းအဝေးခန်းမတွင် ကျင်းပသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်လျှပ်စစ်မန်နေဂျာများက မိမိတို့ခရိုင်အလိုက် မီးသုံးစွဲသူဦးရေ၊ ဓာတ်အားခ ကောက်ခံမှုအခြေအနေ၊ ဓာတ်အားစနစ် တိုးတက်ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ဓာတ်အားစနစ် ဖွံ့ဖြိုးမှုအစီအမံလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ဓာတ်အားပျောက်ဆုံးမှုလျှော့ချရေး လုပ်ငန်းများဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြကြရာ ခေတ္တအမှုဆောင်အရာရှိချုပ်နှင့် ခေတ္တဥက္ကဋ္ဌတို့က ခရိုင်များအလိုက် တင်ပြချက်များအပေါ် ဖြည့်စွက်တင်ပြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက သုံးသပ်ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❑ *ကျောဖုံးမှ*

အထောက်အကူပြုဆေးဝါးများကို တိုးချဲ့ထပ်မံထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ပဋိဇီဝဆေး (Antibiotic) ကို ပထမဆုံး ထုတ်လုပ်တဲ့စက်ရုံကြီး အောင်မြင်စွာ ဖွင့်လှစ်နိုင်တဲ့အတွက် ဂုဏ်ယူပါတယ်၊ စက်ရုံဖွင့်လှစ်လိုက်တဲ့အတွက် ပြည်သူတွေ အလုပ်အကိုင် ရရှိမှာဖြစ်သလို အဆင့်မြင့်ဆေးပညာရပ်တွေကိုလည်း သင်ယူရရှိနိုင်မှာဖြစ်တယ်၊ နောက်ပိုင်း ပြည်ပမှ တင်သွင်းစရာ မလိုအပ်ဘဲ ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်တော့မှာဖြစ်လို့ မြန်မာ့ဆေးလောကမှာတော့ အင်မတန်ကောင်းမွန်တဲ့ သတင်းတစ်ရပ်ဖြစ်ပါတယ်၊ ဩစတြေးလျနိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုနဲ့ မြန်မာနိုင်ငံတို့ လက်တွဲဖွင့်လှစ်တဲ့အတွက် အရည်အသွေးပြည့်မီဖို့သာမက ငွေကြေးကုန်ကျမှုအနေနဲ့လည်း ပြည်ပကမှာယူသုံးစွဲရတာထက်စာရင် ပိုအကျိုးရှိလာမှာပါ၊ မြန်မာနိုင်ငံမှာ အရည်အသွေးပြည့်မီတဲ့ ဆေးဝါးတွေထွက်ရှိပြီး ဈေးလည်းသက်သာရင် နယ်စပ်ကလိုင်စင်မဲ့ဆေးတွေ ဝင်ရောက်မှုဟာ အလိုလိုတန့်လာမှာဖြစ်တယ်၊ ပြည်သူတွေအနေနဲ့ စစ်မှန်တဲ့ဆေးဝါးတွေကို ရရှိမှာဖြစ်တဲ့အတွက် ဒီဆေးဝါးစက်ရုံကြီးဟာ ကျန်းမာရေးလောကအတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ ဆေးပညာရပ်တွေ ရရှိလာမှာဖြစ်ပါတယ်" ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ယနေ့ဖွင့်လှစ်သော ဆေးဝါးစက်ရုံအနေဖြင့် ဖလူးမောက်ဆေးကို စတင်ထုတ်လုပ်သွားမည်ဖြစ်ပြီး ယင်းဖလူးမောက်ဆေးသည် မြန်မာနိုင်ငံ ဆေးရုံဆေးခန်းများ၌ အများဆုံး အသုံးပြုနေသော ဆေးတစ်မျိုး ဖြစ်သည်။ ဖလူးမောက်ဆေးသည် သောက်ဆေးအဖြစ်လည်း အသုံးပြုနိုင်သကဲ့သို့ ထိုးဆေးအဖြစ်လည်း အသုံးပြုနိုင်သော ကျန်းမာရေးအထောက်အကူပြု ဆေးဝါးတစ်မျိုးဖြစ်သည်။ အဆိုပါ ဆေးကို မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် အိန္ဒိယနိုင်ငံမှ ဝယ်ယူအသုံးပြုနေရကြောင်း သိရသည်။ ပဋိဇီဝဆေးဝါးစက်ရုံကြီး ယနေ့ ဖွင့်လှစ်လိုက်ခြင်းအားဖြင့် ပြည်တွင်းဆေးဝါးလိုအပ်ချက်ကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် လာမည့်အနာဂတ်တွင် ၎င်းဆေးဝါးစက်ရုံမှ ထုတ်လုပ်သော ဆေးဝါးများကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့ဖြန့်ဖြူးသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

Zifam Pyrex Myanmar Co., Ltd. မှ ဒါရိုက်တာ အဖွဲ့ဝင် ဒေါက်တာခင်သီရိက "ဒီနေ့ မြန်မာနိုင်ငံမှာ အထူးလိုအပ်နေတဲ့ ပဋိဇီဝဆေးအမျိုးအစားတွေထဲက ဆေးမျိုးတွေကို ထုတ်လုပ်သွားနိုင်တော့မှာဖြစ်လို့ ဝမ်းသာ ပါတယ်၊ ခုချိန်မှာ မြန်မာနိုင်ငံအနေနဲ့ ပဋိဇီဝဆေးအမျိုးအစားတွေကို ပြည်ပက ၉၀ ရာခိုင်နှုန်း တင်ပို့နေရတဲ့အတွက် နိုင်ငံအနေနဲ့ ထွက်ငွေတွေ ဖြစ်နေပါတယ်၊ တစ်ခါတလေ ပြည်ပက အချိန်မီ မရောက်ရှိတဲ့အခါတွေမှာ ဆေးဝါးပြတ်လပ်တာမျိုးတွေ ရှိပါတယ်၊ မြန်မာနိုင်ငံမှာ အခုလို စက်ရုံဖွင့်လှစ်နိုင်တဲ့အတွက် ပြည်ပထွက်ငွေ လျော့နည်းသွားမှာဖြစ်သလို ဆေးဝါးအတုအပအတွက်လည်း စိုးရိမ်စရာလိုတော့မှာ မဟုတ်ပါဘူး" ဟု ယနေ့ဖွင့်ပွဲ အခမ်းအနားအပြီးတွင် မီဒီယာများအား ပြောကြားသည်။

သီလဝါအထူးစီးပွားရေးဇုန်၌ ယနေ့ ဖွင့်လှစ်သော ပဋိဇီဝဆေးဝါးစက်ရုံသစ် ဖွင့်ပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ သီလဝါအထူးစီးပွားရေးဇုန် ဥက္ကဋ္ဌ ဒေါက်တာ ဆက်အောင်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်း - မောင်စိန်လွင် (မြန်မာ့အလင်း)**

**ဓာတ်ပုံ - မင်းထက်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

---

# သတင်းမီဒီယာဆင့်ပွားသင်တန်း ဖွင့်

**မန္တလေး မေ ၁၂**

သတင်းမီဒီယာဆင့်ပွားသင်တန်း အမှတ်စဉ် ၃ သင်တန်းဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ မေ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ ပါ ဦးစားပေး အဆင့်နှင့် ရည်မှန်းချက်များကို သိရှိနားလည်ပြီး သတင်းမီဒီယာသမားများနှင့် ဆက်ဆံရာတွင်လည်းကောင်း၊ ပြည်သူများသို့ တရားရုံးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ ဖြန့်ဝေရာတွင်လည်းကောင်း ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ၊ ရှောင်ကြဉ်ရမည့် အချက်များကို သိရှိနားလည်ကာ အများပြည်သူသို့ တရားရုံးမှ တိကျမှန်ကန်သော သတင်းအချက်အလက်များ ထုတ်ပြန်နိုင်ရေးနှင့် တရားစီရင်ရေးကဏ္ဍနှင့် သတင်းမီဒီယာ ဆက်ဆံရေးကျွမ်းကျင်မှု တိုးတက်လာစေရန်အတွက် ဆောင်ရွက်သွားကြရန်နှင့် သင်တန်းအတွေ့အကြုံများအား လက်တွေ့နယ်ပယ်တွင်ပါ ကောင်းမွန်စွာ ထိရောက်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချိုနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်တရားရေးအရာရှိ စုစုပေါင်း ၄၀ တက်ရောက်ပြီး သင်တန်းအား မေ ၁၂ ရက်မှ မေ ၁၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။ အဆိုပါသင်တန်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သတင်းမီဒီယာကျွမ်းကျင်နည်းပြအဆင့် သင်တန်းတက်ရောက်ခဲ့သော တရားရေးအရာရှိ သုံးဦးက ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

---

◆ *ကျောဖုံးမှ*

ပြိုင်ပွဲတွင် ဗိုလ်စွဲထားသည့်အသင်းလည်းဖြစ်သည်။ မြန်မာအသင်းနှင့် ထိုင်းအသင်းသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ ဗိုလ်လုပွဲတက်ရောက်လာခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ်တွင်မှု နှစ်သင်းစလုံး ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရလာခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် မလေးရှားကို နှစ်ဂိုး-တစ်ဂိုး၊ စင်ကာပူကို ခုနစ်ဂိုး-တစ်ဂိုး၊ ဖိလစ်ပိုင်ကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဗီယက်နမ်နှင့် ဂိုးမရှိသရေကျခဲ့သည်။ ဆီမီးဖိုင်နယ်တွင် လာအိုအသင်းနှင့် ပွဲချိန်အတွင်း တစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ မြန်မာအသင်းက ငါးဂိုး-လေးဂိုး စုစုပေါင်း ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းမှာမူ အုပ်စုသုံးပွဲစလုံး အနိုင်ရခဲ့ပြီး အင်ဒိုနီးရှားအသင်းကို လေးဂိုး-တစ်ဂိုး၊ လာအိုအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ကမ္ဘောဒီးယားအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်အသင်းနှင့် ဂိုးမရှိသရေကျခဲ့၍ ပယ်နယ်တီဖြင့်ဆုံးဖြတ်ရာ ထိုင်းအသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပြိုင်ပွဲတစ်လျှောက် ပထမဆုံး ဗိုလ်လုပွဲတက်ရောက်သည့်ပြိုင်ပွဲတွင် ချန်ပီယံဆုရရန် ကြိုးပမ်းမည်ဖြစ်ပြီး သွင်းဂိုးအများဆုံးစာရင်းတွင်လည်း မြတ်နိုးခင်နှင့် ဆွေမာအောင်တို့က ဦးဆောင်လျက်ရှိသည်။

**သတင်း - ရဲရင့်ရှိန်း**

**ဓာတ်ပုံ - MFF**

---

❍ *ကျောဖုံးမှ*

ရရန်ကြိုးပမ်းခဲ့သော်လည်း GFA အသင်းကို မယှဉ်နိုင်ဘဲ ဂိုးသွင်းခွင့် အနည်းငယ်သာရရှိခဲ့သည်။ GFA အသင်းသည် ပွဲစကတည်းက ဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း မိနစ် ၃၀ ကျော်မှ ဂိုးစရခဲ့သည်။ GFA အသင်းအတွက် အနိုင်ဂိုးကို ၃၄ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် တိုက်စစ်မှူး ဂျော်ဒန်က ခေါင်းတိုက်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး၏ကစားပုံမှာ အားရစရာမရှိဘဲ GFA ၏ ဂိုးထပ်ရရန် ကြိုးစားမှု ငွေကြယ်ပွင့်အသင်း၏ ခြေပဂိုးရရန် ကစားပုံများမှာ အရာမထင်ခဲ့ပေ။ ငွေကြယ်ပွင့်အသင်း ခြေပဂိုးရနိုင်သည့် အပိုင်အခွင့်အရေး နှစ်ကြိမ်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ GFA အသင်းသည် နောက်ခံလူ အီဖာကို တိုက်စစ်သို့ ပြောင်းလဲကစားခဲ့သော်လည်း အလုပ်မဖြစ်ခဲ့ပေ။ GFA အသင်းသည် ဒုတိယအဆင့်တွင် Southern အသင်းနှင့် ကစားရမည်ဖြစ်သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ဒဂုံအသင်းက ကချင်ယူနိုက်တက်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဒဂုံအသင်းသည် ဒုတိယအဆင့်တွင် မကွေးအသင်းနှင့် တွေ့ဆုံနေသည်။

ပဒုမ္မာကွင်း၌ ကျင်းပသောပွဲတွင် ရှိုင်ရယ်သန်လျင်အသင်းက တက္ကသိုလ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ဒုတိယအဆင့်တက်ခဲ့ပြီး ရောဝတီအသင်းနှင့် ကစားရမည်ဖြစ်သည်။

ပထမအဆင့် ဒုတိယနေ့ကို မေ ၁၃ ရက် (**ယနေ့**)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ စစ်ကိုင်းယူနိုက်တက်နှင့်မြဝတီ၊ အောင်ဆန်းကွင်း၌ Mountain Lion နှင့် မောရဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-စိုးညွန့်**

# ဂျပန်အစိုးရက လှူဒါန်းသော စက်၊ ယာဉ်၊ ယန္တရားများ လွှဲပြောင်းခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၁၂

**ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ လမ်းဦးစီးဌာန စက်မှုဌာနခွဲ ယန္တရားတပ်ခွဲ(တောင်)၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုစီမံချက်အရ ဂျပန်အစိုးရက လှူဒါန်းသော စက်၊ ယာဉ်၊ ယန္တရားများ လွှဲပြောင်းခြင်း အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ဂျပန်အစိုးရအနေဖြင့် ထောက်ပံ့ငွေ ဂျပန်ယန်း ၉၄၅ သန်းကို မြန်မာနိုင်ငံအတွင်း စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေသော လုပ်ငန်းများတွင် သုံးစွဲမည့် စက်၊ ယာဉ်၊ ယန္တရားများ ဝယ်ယူနိုင်ရန် လှူဒါန်းခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယင်းထောက်ပံ့ငွေ ဂျပန် ယန်း ၉၄၅ သန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက ၂၆၅ သန်း၊ တံတားဦးစီးဌာနက ၂၀၂ သန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၄၆၈ သန်း အသီးသီးခွဲဝေသုံးစွဲခဲ့ကြခြင်း ဖြစ်ပါကြောင်း။

### လွှဲပြောင်းလက်ခံ

လမ်းဦးစီးဌာနက လမ်းတည်ဆောက်ရေးလုပ်ငန်းသုံး စက်၊ ယာဉ် ခုနစ်မျိုး ၂၁ စီး၊ တံတားဦးစီးဌာနက တံတားတည်ဆောက်ရေးလုပ်ငန်းသုံး စက်ယန္တရား သုံးမျိုး ရှစ်စီးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရေးပေါ် အခြေအနေတွင် သုံးစွဲရန် ရေသန့်စင်စက်ယာဉ် ကိုးစီး စုစုပေါင်း စက်၊ ယာဉ်၊ ယန္တရား ၁၁ မျိုး ၃၈ စီးတို့ကို ဂျပန်နိုင်ငံရှိ စီးပွားရေးကော်ပိုရေးရှင်းကြီးများထံမှ ဝယ်ယူရရှိခဲ့ပြီးဖြစ်၍ ယခုလို လွှဲပြောင်းလက်ခံပွဲ ကျင်းပခြင်းဖြစ်ကြောင်း။

### ကူညီထောက်ပံ့ပေးမှု

ယခု စီမံကိန်းသည် ဂျပန်အစိုးရက ဆောက်လုပ်ရေးဝန်ကြီး ဌာနသို့ စက်၊ ယန္တရားများ ထောက်ပံ့ခဲ့မှုအနေဖြင့် ပဉ္စမမြောက် ထောက်ပံ့ပေးသည့် စီမံကိန်းဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအတွက် ဒုတိယအကြိမ်မြောက် ထောက်ပံ့ပေးသော စီမံကိန်းဖြစ်ကြောင်း၊ ယခင် စီမံကိန်း လေးခုအပါအဝင် ဂျပန်နိုင်ငံမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ စက်၊ ယာဉ်၊ ယန္တရား ၂၈ မျိုး စုစုပေါင်း ၄၁၉ စီး လှူဒါန်းလွှဲပြောင်း ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ထိုသို့ စဉ်ဆက်မပြတ် ကူညီထောက်ပံ့ ပေးမှုများအတွက် ဂျပန်ပြည်သူနှင့် ဂျပန်နိုင်ငံအစိုးရတို့အား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E Mr. Ichiro MARUYAMA က စက်၊ ယာဉ်၊ ယန္တရားများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ဂျပန်နိုင်ငံ သံအမတ်ကြီးက ဒုတိယဝန်ကြီးထံ စက်၊ ယာဉ်၊ ယန္တရားများ လွှဲပြောင်း ပေးအပ်ပြီး ဒုတိယဝန်ကြီးက အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ် သည်။ ယင်းနောက် လှူဒါန်းထားသော စက်၊ ယာဉ်၊ ယန္တရားများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**



**သတင်းစဉ်**

# ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သော အလုပ်သမားများအတွက် ကရုဏာကြေးပေးအပ်ပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် မေ ၁၂**

မဲဆောက်မြို့အလွန် တောင်ပေါ်အဆင်းလမ်း၌ ပြီးခဲ့သည့် ဧပြီ ၉ ရက်က ယာဉ်မတော်တဆမှု ဖြစ်ပွားခြင်းကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သော မြန်မာ အလုပ်သမားများအတွက် ကရုဏာကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။

### ကရုဏာကြေးပေးအပ်

အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က "MoU စနစ်နဲ့ ထိုင်းနိုင်ငံကို သွားရောက်ပြီး အလုပ်လုပ်တဲ့ အလုပ်သမားတွေ စီးနင်းလာတဲ့ ကားဟာ ဧပြီ ၉ ရက်က မတော်တဆမှုဖြစ်ပွားခဲ့ပါတယ်၊ အဲဒီဖြစ်စဉ်မှာ အလုပ်သမား ခြောက်ဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိသွားပါတယ်၊ စတင်ဖြစ်ပွားစဉ်ချိန်မှာ ထိုင်းနိုင်ငံဆိုင်ရာ စစ်သံမှူးအပါအဝင် နှစ်နိုင်ငံက သက်ဆိုင်ရာ တာဝန်ရှိသူတွေ အချိန်နဲ့တစ်ပြေးညီ ကူညီဆောင်ရွက်ခဲ့ပါတယ်၊ မြဝတီမြို့မှာလည်း ပထမအကြိမ် ထောက်ပံ့ငွေတွေပေးအပ်ခဲ့ပါတယ်၊ ဒီကနေ့မှာတော့ ကရုဏာကြေးပေးအပ်တာ ဖြစ်ပါတယ်၊ အလုပ်သမားတွေအားလုံးဟာ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးနေသူတွေဖြစ်လို့ အခုလိုဖြစ်ရပ်ဟာ နိုင်ငံအတွက် များစွာဆုံးရှုံးရတဲ့ ဝမ်းနည်းဖွယ်ဖြစ်ရပ်ဖြစ်ပါတယ်" ဟု ပြောသည်။

ထိုသို့ပေးအပ်ရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက ငွေကျပ် ၅၁ သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနက ငွေကျပ် ၂၄ သိန်း၊ မြန်မာ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်က ငွေကျပ် ၄၉၀၅၀၀၀ နှင့် ထိုင်းဘတ် ငွေ ၁၉၅၀၀၊ Golden Royal Mandalay Services Co.,Ltd က ငွေကျပ် ၅၈ သိန်း အပါအဝင် စုစုပေါင်း ငွေကျပ် ၁၈၂၀၅၀၀၀ နှင့် ဘတ် ၁၉၅၀၀ တို့ကို သက်ဆိုင်ရာ တာဝန်ရှိသူတို့က သတ်မှတ်နှုန်းထားများအလိုက် ကရုဏာကြေးကို အသီးသီးပေးအပ်ရာ သေဆုံးသူ ခြောက်ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၂ ဦးတို့၏ မိသားစုဝင်များက လက်ခံရယူကြသည်။ **(အပေါ်ပုံ)**



မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်မှ မဇာခြည်လှိုင် က "ယာဉ်မတော်တဆ မှုဖြစ်ပြီး ဆုံးပါးသွားတဲ့ထဲမှာ ကျွန်မရဲ့ ညီမလေးလည်း ပါသွားတယ်၊ အဲဒီအတွက် ဒီနေ့မှာ ကရုဏာ ကြေး ငွေကျပ် ၁၂ သိန်းရပါတယ်၊ မြဝတီမှာတုန်းကလည်း ပထမ အကြိမ် ငွေကျပ် ၁၃ သိန်း ရရှိခဲ့ပါတယ်၊ အခုလို ရရှိတဲ့ ငွေတွေနဲ့ ညီမလေးအတွက် အကောင်းဆုံးနဲ့ အမှတ်တရလေးဖြစ်အောင် ကုသိုလ်ကောင်းမှုတွေ လုပ်ပေးသွားမှာပါ၊ စတင်ဖြစ်ပွားစဉ်ကတည်းက အစိုးရဘက်က အစစအရာရာ တာဝန်ယူဆောင်ရွက် ပေးပါတယ်၊ နောက်ပိုင်းမှာလည်း နစ်နာကြေးငွေ ထောက်ပံ့ကြေးတွေ ထပ်ပေးဦးမယ် လို့လည်း သိရပါတယ်"ဟု ပြောသည်။

Golden Royal Mandalay Services Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းထွဋ်ဦးက "တာဝန်ခံမှု၊ တာဝန်ယူမှုရှိစွာနဲ့ ကိုယ့်ဘက်က အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်၊ သေဆုံးခဲ့သူတွေအတွက်ကိုလည်း ကရုဏာကြေး ပေးခဲ့ပါတယ်၊ အသက်အာမခံကြေးတွေကလည်း သီးခြား ထပ်ရဦးမှာပါ၊ အဲဒါတွေ ကတော့ ထိုင်းဘက်က လုပ်ထုံးလုပ်နည်းအရ ဆက်လက်ကြိုးစားဆောင်ရွက်နေဆဲပါ၊ တစ်ဦးကို ခန့်မှန်းခြေ ထိုင်းဘတ် ခုနစ်သိန်းဝန်းကျင်လောက်ရဖို့ စီစဉ်နေပါတယ်၊ သူတို့အတွက် ကိုယ်စားသွားရောက်ထုတ်ယူမယ့်သူတွေအတွက် ပတ်ပို့စ်တွေ လျှောက်ပြီးပြီ၊ ဗီဇာတွေလည်း ဝင်ပြီးပါပြီ၊ ဟိုဘက်က အဆင်ပြေပြီဆိုတာနဲ့ မိသားစုဝင် တွေကို ခေါ်သွားပြီး ထုတ်ယူကြမှာဖြစ်ပါတယ်၊ ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ၁၂ ဦးမှာ တစ်ဦးပဲ ဆေးရုံမှာ ကျန်ပါတော့တယ်၊ ကျန်တဲ့ ၁၁ ဦးကတော့ Tak ခရိုင် ဆေးရုံက ဆင်းသွားပြီး၊ သူတို့နေတဲ့ စက်ရုံကနေတစ်ဆင့် နီးစပ်ရာဆေးရုံတွေမှာ သွားရောက်ပြသပြီး လိုအပ်တဲ့သောက်ဆေး၊ ထိုးဆေးလုပ်တာမျိုးပဲ ရှိပါတော့တယ်"ဟု ပြောသည်။

Golden Royal Mandalay Services Co.,Ltd အစီအစဉ်ဖြင့် ထိုင်းနိုင်ငံ Sukhonavason Co.,Ltd လုပ်ငန်းခွင်သို့ MoU အရ သွားရောက်လုပ်ကိုင်ရန် အလုပ်သမားများ စီးနင်းလာသော မော်တော်ယာဉ်သည် ဧပြီ ၉ ရက်က မဲဆောက်မြို့အလွန် တောင်ပေါ်အဆင်းလမ်း၌ ဘီးပေါက်ပြီး ချောက်ထဲကျခဲ့သဖြင့် မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အလုပ်သမား ၅၁ ဦးအနက် အမျိုးသမီး ခြောက်ဦး သေဆုံးခဲ့ကာ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

### တွေ့ဆုံအားပေး

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဧပြီ ၁၀ ရက်က ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်ခင်ဇော်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အလုပ်သမား သံအရာရှိများ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာအေဂျင်စီ၊ ထိုင်းအေဂျင်စီတို့မှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ စစ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝိကျက်၊ Tak ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ များမှ တာဝန်ရှိသူများသည် မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်ခဲ့သည့်နေရာကို သွားရောက်ကြည့်ရှုခြင်း၊ သာမန်ထိခိုက်ဒဏ်ရာရသူများကိုထားရှိသည့် Maetho ရဲစခန်းနှင့် အတွင်းလူနာအဖြစ် ကုသနေသည့် အလုပ်သမား ၁၂ ဦးရှိရာ Tak ခရိုင် ဆေးရုံသို့ သွားရောက်တွေ့ဆုံအားပေးခြင်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် သေဆုံးသူ ခြောက်ဦးအတွက် မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေး မှူးက ငွေကျပ်တစ်သိန်းစီနှင့် Golden Royal Mandalay Services Co., Ltd က ငွေကျပ် ၁၂ သိန်းစီကို မြဝတီမြို့တွင် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုအခါ သက်ဆိုင်ရာအနေဖြင့် သေဆုံးသူအလုပ်သမားများအတွက် ရသင့် ရထိုက်သော လျော်ကြေးငွေရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပြီး ထိခိုက်ဒဏ်ရာရရှိသည့် အလုပ်သမားများကိုလည်း သက်သာပျောက်ကင်းသည်အထိ ဆေးကုသမှု ခံယူနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးကို ညှိနှိုင်းထားသည့်အပြင် နောက်နောင်တွင် ယင်းကဲ့သို့ ဝမ်းနည်းဖွယ် အဖြစ်ဆိုးမျိုးကို ရှောင်ရှားနိုင်ရန် အလုပ်သမားများ ခေါ်ယူရာတွင် လုံခြုံမှုရှိသည့် မော်တော်ယာဉ်များနှင့် ကျွမ်းကျင်မှုရှိသော ယာဉ်မောင်းများကိုသာ အသုံးပြုသွားရန် ထိုင်းနိုင်ငံအစိုးရကို ညှိနှိုင်းအကြောင်းကြားထားကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



# တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် မေ ၁၂**

တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရေးအတွက် အထူးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးအစည်းအဝေးခန်းမ၌ မေ ၁၂ ရက် နံနက် ၁၁ နာရီခွဲက ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်က တရားမျှတသည့် တရားစီရင်ရေးစနစ် ဖြစ်ပေါ်စေရေး၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းစေရေးနှင့် တရားစီရင်ရေး မဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် ရုံးဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်း ဥပဒေပါ တာဝန်နှင့် စည်းကမ်းများကို လိုက်နာရန်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်သော မိမိရာထူး အဆင့်အလိုက် တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန်၊ တရားရုံးအသုံးပြုသူများအပေါ် ကောင်းမွန်သော ဝန်ဆောင်မှုပြုရန်၊ တရားရုံး လုပ်ငန်းစဉ်များအပေါ် ပြည်သူများ လက်လှမ်းမီရေးကို အလေးဂရုပြုရန်၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရန်၊ မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ မိမိလုပ်ဆောင်ချက်တိုင်း တာဝန်ယူမှု၊ တာဝန်ခံမှု ရှိကြရန် မှာကြားပြီး ရုံးဝန်ထမ်းများက တင်ပြသည့် ဆွေးနွေးအကြံပြုချက်များ နှင့် အခက်အခဲများကို ပြန်လည်ဆွေးနွေး ဖြေရှင်းပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးမှ တရားသူကြီးများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ ရုံးဝန်ထမ်းများ စုစုပေါင်း ၂၀၂ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **ရွှေအင်းသား-ခင်မောင်ဝင်း**

# ပြင်ဦးလွင်မြို့တွင် နေရာတိုင်း၌ အခကြေးငွေကောက်ခံနေခြင်းကြောင့် ဈေးရောင်းသူတို့နှင့် လာရောက်လည်ပတ်သူတို့ အခက်တွေ့နေဟုဆို

**ပြင်ဦးလွင် မေ ၁၂**



ပြင်ဦးလွင်မြို့သည် လာရောက်လေ့လာလည်ပတ်ရန် အထင်ကရနေရာများပေါများခြင်းကြောင့် နေ့စဉ် ဝင်၊ ထွက်သွားလာနေကြသည့် ခရီးသွားဧည့်သည်များပြားလျက်ရှိနေသော်လည်း မြို့အဝင်အထွက်မှ စတင်လျက် နေရာတိုင်းတွင် အခကြေးငွေများ ကောက်ခံလျက်ရှိနေသောကြောင့် ခရီးသွားဧည့်သည်များအပါအဝင်အဆိုပါ ဧည့်သည်တို့ကိုမှီတင်း၍ ဈေးရောင်းနေရသည့် ဈေးသည်တို့သည်လည်း အရောင်းအဝယ်ပါးလျက်အခက်တွေ့နေရကြောင်း သိရသည်။

"ပြင်ဦးလွင်မြို့ထဲကို မဝင်ခင်ကတည်းက မြို့ဝင်ကြေးဆိုပြီး ကားတားကောက်ခံတာကို ခံနေကြရတယ်၊ မြို့ထဲမဝင်ဘဲ မြို့ရှောင်လမ်းကနေ သွားမယ့်ကားတွေကိုရော၊ ပြင်ဦးလွင်မြို့တွင်းမှာရှိတဲ့ကားတွေကိုပါ အကုန်ကောက်ခံနေတာကို တွေ့ရတယ်၊ နောက်ထပ် တစ်ခါကားတွေက အမျိုးသားကန်တော်ကြီးဥယျာဉ်နဲ့ ပွဲကောက်ရေတံခွန် စတဲ့အထင်ကရနေရာတွေကိုပဲ သွားသွား ယာဉ်ရပ်နားခ၊ လူဝင်ကြေး စသည်ဖြင့် ထပ်ပေးနေရသေးတယ်။

"ပြင်ဦးလွင်မှာရှိနေတဲ့ အထင်ကရနေရာတွေကို အဖွဲ့လူ ၁၀ ဦးပါတဲ့ ကားတစ်စီး တစ်နေကုန်လည်ပတ်မယ်ဆိုရင် လူဝင်ကြေးနဲ့ ယာဉ်ရပ်နားခတွေပေါင်းလိုက်ရင် ငွေကျပ် တစ်သိန်းနီးပါးလောက်ကုန်နေပါပြီ၊ ဒါကြောင့် ဘယ်ကိုမှ မလည်ပတ်ကြတော့ဘဲ မြို့မဈေးကြီးမှာ ဈေးဝယ်ပြီး ပြန်ကြမယ်၊ လမ်းဘေးဆွယ်တာဆိုင်တွေမှာ ဆွယ်တာဝယ်ပြီး ပြန်ကြမယ်ဆိုရင်တောင် ကားရပ်လိုက်တဲ့နေရာတိုင်းမှာ ယာဉ်ရပ်နားခဆိုပြီး လာကောက်နေလို့ ကားရပ်လိုက်တိုင်းပေးနေရတယ်၊ ပြင်ဦးလွင်မှာ ဘုရားသွားလည်း ငွေကောက်၊ လည်ပတ်လည်းငွေနဲ့ ကားရပ်ရင်လည်း ငွေလာကောက်တယ်၊ နောက်ဆုံး အများသုံး သန့်စင်ခန်းသွားရင်လည်း ငွေပေးနေရလို့ နောက်ဆိုလာလည်ရမှာကို ကြောက်နေပြီ" ဟု ခရီးသွားယာဉ်မောင်းတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ထို့အတူ အထင်ကရနေရာတစ်ခုတွင် ဈေးရောင်းချနေသူ တစ်ဦးကလည်း "လာလည်ကြသူတွေက နေရာတိုင်းမှာ ဝင်ကြေးတွေပေးနေရတော့ သူတို့လည်း ဈေးဆိုင်တွေမှာ လာဝယ်စားကြတာနည်းကုန်တယ်၊ အကုန်အကျများလို့ အိမ်ကနေ ထမင်းချိုင့်တွေ၊ အစားအသောက်တွေ ကိုယ်စီထည့်လာကြတော့ ဈေးဆိုင်တွေမှာ အရင်ကလို ဈေးရောင်းလို့ မကောင်းတော့ဘဲ အရောင်းအဝယ်ပါးကုန်ကြတယ်" ဟု ပြောသည်။

ပြင်ဦးလွင်မြို့၌ ယာဉ်ဝင်ကြေးနှင့် ယာဉ်ရပ်နားခအဖြစ် ငွေကျပ် ၂၀၀၊ ၃၀၀၊ ၅၀၀ နှုန်းများဖြင့် ကောက်ခံလျက်ရှိနေပြီး လူဝင်ကြေးများအဖြစ် နေရာအလိုက် လူတစ်ဦးလျှင် ငွေကျပ် ၂၀၀၊ ၅၀၀၊ ၁၀၀၀၊ ၂၀၀၀၊ ၄၀၀၀ စသည်ဖြင့် သတ်မှတ်ကောက်ခံလျက်ရှိနေကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ခြင်းတောင်းစိမ်းစိမ်းလေးထဲမှာနှင့် အခြားစာစုများ စာအုပ်ထွက်ရှိ

**နေပြည်တော် မေ ၁၂**




စာရေးဆရာမြင့်စိုး(နတလ) ရေးသားသည့် ခြင်းတောင်းစိမ်းစိမ်းလေးထဲမှာနှင့်အခြားစာစုများ စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် ပါရှိသော အကြောင်းအရာ၊ အဖြစ်အပျက်နှင့် အချက်အလက်များသည် စာရေးသူ၏ ဘဝတစ်လျှောက် ကြုံတွေ့ခဲ့ရသော ကိုယ်တွေ့အဖြစ်အပျက်များ၊ မြင်တွေ့ခဲ့ရသော ဖြစ်ရပ်မှန်အကြောင်းအရာနှင့် ခံစားသိရှိခဲ့ရသော တောခလေ့တောသဘာဝများကို ပြန်လည်မျှဝေထားခြင်းဖြစ်ပြီး လူငယ်များအတွက် ဦးတည်ရေးသားထားခြင်းဖြစ်ကြောင်း စာရေးသူ၏ အမှာစာတွင် ဖော်ပြထားသည်။

ယင်းစာအုပ်တွင် အာစရိယဂုဏော အနန္တော၊ သုံးရာသီသဘာဝ စာသလို့ထားချင်တယ်၊ ခြင်းတောင်းစိမ်းစိမ်းလေးထဲမှာ၊ သားအတွက် ပြတိုက်ငယ်လေးတစ်ခု၊ အမေရေးခဲ့တဲ့ စာကလေးတစ်စောင်၊ လမင်းထိန်ထိန် တလင်းနယ်ချိန်၊ Second Nature၊ ဒုတိယ ဒေါင်းလန်းကြီးတစ်ချပ်၊ အမှားကို ဝန်ခံခြင်း၊ စာပေအမွေ၊ အောင်မြင်မှုအတွက် ခြေတစ်လှမ်း၊ Facebook စသည့် ခေါင်းစဉ်များအပါအဝင် စာစုပေါင်း ၁၆ ခုဖြင့် ရေးသားဖော်ပြထားသဖြင့် စာဖတ်ပရိသတ်များအား စိတ်ဝင်စားမှုရှိအောင် ရေးသားထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါ စာအုပ်ကို ရောင်းရန်မဟုတ်ဘဲ စာပေအလှူဒါနအဖြစ် အခမဲ့ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

**စာအုပ် စာပေ လူ့မိတ်ဆွေ**

# ယုဇနဥယျာဉ်မြို့တော်မှ ဒေသခံပြည်သူများ သောက်သုံးရေ ပုံမှန်ရရှိရေးအတွက် ဆန္ဒဖော်ထုတ်



**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၉၄ ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် A, B, C ဘလောက်အလိုက် တိုက်ခန်းပေါင်း ၉၀၀ ကျော်တွင်နေထိုင်သည့် ဒေသခံပြည်သူများက နေ့စဉ်နှင့်အမျှ သုံးစွဲနေရသည့် သောက်သုံးရေရရှိရေးအတွက် တရားဝင်ဆန္ဒဖော်ထုတ် တောင်းဆိုခဲ့သည်။

အဆိုပါမြို့နယ် ၉၂ ရပ်ကွက် မြသီတာပန်းဥယျာဉ်ရှေ့ရှိ မြသီတာလမ်းမထောင့်၌ မေ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ရှေ့နေ ဦးအေးပိုင်နှင့် ပြည်သူတစ်ဦးချင်းစီအလိုက် သောက်သုံးရေ ပုံမှန်ရရှိရေး အချက်အလက်အကြောင်းအရာများကို ဟောပြောကြောင်း၊ ယင်းနောက် ကံ့ကော်လမ်းမ(ဈေးတန်းလမ်း)တစ်လျှောက် B (၁၁) လမ်းမှတစ်ဆင့် C (၁၁)လမ်း၊ ထိုမှတစ်ဆင့် စိန်ပန်းလမ်းအတိုင်း ပိတောက်ကွေ့ မြသီတာလမ်းဆုံး အထိ ဒေသခံပြည်သူ ၁၀၀ ကျော်ခန့်က ဆိုင်းဘုတ်ကိုင်ဆောင်၍ ဆန္ဒပြတောင်းဆိုကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရေမရရှိသည့် ဒေသခံပြည်သူတစ်ဦးက ၉၃ ရပ်ကွက်ရှိ အဝီစိတွင်းမှ ထွက်ရှိသောရေကို သုံးဘီးဆိုင်ကယ်ဖြင့် လိုက်လံရောင်းချရာ မြေညီထပ်တွင် ငွေကျပ် ၁၀၀၀ နှုန်း၊ ပထမထပ်တွင် ငွေကျပ် ၁၂၀၀ နှုန်း၊ ဒုတိယနှင့် တတိယထပ်တွင် ငွေကျပ် ၁၅၀၀၊ အထပ်မြင့် အပေါ်ဆုံးထပ်တွင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဝယ်ယူသုံးစွဲနေရကြောင်း ပြောကြားသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဦးစီးဌာန ရေနှင့်သန့်ရှင်းမှု မြို့နယ်ရေပေးဝေရေးတာဝန်ခံ ဦးအန်ထော်နီက လျှပ်စစ်မီးပုံမှန်လာပါက ၉၂ ရပ်ကွက် ချင်းတွင်းအိမ်ရာရှိ ရေဂါလန် ခြောက်သိန်းဆံ့ ရေလှောင်ကန်မှရေကို အလှည့်ကျ ရပ်ကွက်အလိုက် ပို့လွှတ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ကျင်မောင်(ဆိပ်ကမ်း)**

# ကျောက်ဆည်ခရိုင်အတွင်း တရားမဝင်သစ်များခုတ်နေ၍ သစ်တောများပြုန်းတီးမည်ကို စိုးရိမ်နေရ

**ကျောက်ဆည် မေ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကင်းတားတမံသွားကားလမ်းတစ်လျှောက်ရှိ သစ်တောများ၌ တရားမဝင် သစ်ခုတ်နေကြသောကြောင့် တောတောင်များနှင့် လမ်းဘေး ဝဲယာများတွင် သစ်တောများ ပြုန်းတီးနေသည်ကို တွေ့ရသည်။

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျီတိုင်ကျေးရွာအုပ်စု ကန်ဆည်၊ ကျီတိုင်ဘိုးအင်၊ မောင်းကွေ့၊ ကင်းတားရေလှောင်တမံအနီး သုံးမိုင်ချောင်း၊ ရေပြာ၊ ကျောက်ချော၊ ဖိုးကွေ့၊ ရနဲ၊ မင်းမလှောင်ကျေးရွာ ကင်းတားဆည်ကားလမ်းဘေး ဝဲယာတစ်လျှောက်ရှိတောင်တန်း တောင်စွယ်များနှင့် လမ်းဘေးရှိ ကျွန်းသစ်၊ တမလန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ အင်ကြင်း၊ သစ်ရာ စသည့် သစ်များကို နေ့စဉ်ကားများဖြင့် သယ်ယူနေရာ ယခုအခါ သစ်တောတစ်ခုလုံး ပြုန်းတီးနေပြီဖြစ်သည်။ ထို့အပြင် ကင်းတားဆည်ထဲမှလည်း သစ်များကို စက်လှေများဖြင့် တရားမဝင် သယ်ယူရောင်းချနေသည်ကို တွေ့ရသည်။

တရားမဝင်သစ်များကို ကင်းတားကားလမ်းမှတစ်ဆင့် ကူမဲ၊ မြစ်သား၊ ကျောက်ဆည်၊ ဝမ်းတွင်းမြို့များသို့ ကျွန်းသစ်၊ ပိတောက်၊ တမလန်းသစ်များကို နေ့စဉ် ၅ တန်မှ ၁၀ တန်အထိ တစ်ရက်လျှင် ကား ၁၀ စီးခန့်ဖြင့် သယ်ယူရောင်းချနေကြသည်။ ကင်းတားရေလှောင်တမံထဲမှ စက်လှေများဖြင့် သစ်များကို ဝမ်းတွင်း၊ သဲတောအထိ ထုတ်ယူနေရာ ယခုအခါ သစ်များမှာ ကုန်သလောက်ဖြစ်နေသည်။

မတ် ၂၀ ရက်ကလည်း ကင်းတားလမ်းမ ၂၁ မိုင်တွင် ကန်ဆည်ရွာမှ ရွာသားတစ်ဦးပိုင် လိုင်စင်မဲ့ကားဖြင့်



ကူမဲ ကင်းတားလမ်းတွင် မှောင်ခိုသစ်များတင်ထားသော ယာဉ်တစ်စီး။



**ကင်းတားတမံအတွင်းမှ မှောင်ခိုသစ်များအား စက်လှေများဖြင့် သယ်ဆောင်ရန် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။**

သစ်ငါးတန်ကို သက်ဆိုင်ရာက ဖမ်းမိခဲ့၍ **(အောက်ပုံ)** သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနသို့ ဆက်လက်စုံစမ်းရာ သစ်ကား လုံးဝဖမ်းဆီးခြင်းမရှိကြောင်း သစ်တောဦးစီးအရာရှိက ဖြေကြားခဲ့သည်။ ထို့ကြောင့် ဖမ်းမိပြီးမှ ပျောက်ဆုံးသွားသော လိုင်စင်မဲ့ကားနှင့် သစ်များကို အမြန်ဆုံးဖော်ထုတ်အရေးယူပေးရန် မြို့လူထုက လိုလားနေကြသည်။

**တင်လှိုင်(မိတ္ထီလာ)**



# ကချင်ပြည်နယ်အတွင်း တပ်မတော်၏စစ်ဆင်ရေးလုပ်ခဲ့ရသည့်အကြောင်းနှင့် နေရပ်ခေတ္တစွန့်ခွာနေကြသူများအတွက် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို သတင်းမီဒီယာအဖွဲ့ မေးမြန်းသတင်းယူ




**ရန်ကုန် မေ ၁၂**

ကချင်ပြည်နယ်သို့ သွားရောက်ခဲ့သည့် သတင်းမီဒီယာအဖွဲ့သည် မေ ၁၁ ရက်က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်အား သွားရောက်တွေ့ဆုံ၍ ကချင်ပြည်နယ်အတွင်း စစ်ဆင်ရေးလုပ်ခဲ့ရသည့် အကြောင်းရင်း၊ တပ်မတော်၏ သဘောထားနှင့် နေရပ်ကိုခေတ္တစွန့်ခွာ၍ နေထိုင်လျက်ရှိသည့် ကျေးရွာသူ ကျေးရွာသားများအတွက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေတို့ကို မေးမြန်းခဲ့သည်။ **(ယာပုံ)**

**နယ်မြေရှင်းလင်းမှုလုပ်**

တိုင်းမှူးက "နယ်မြေအတွင်းမှာ ကျွန်တော်တို့ စစ်ဆင်ရေးဆောင်ရွက်တယ်၊ ပုံမှန်အားဖြင့် စစ်ဆင်ရေးက နယ်မြေထိန်းသိမ်းတဲ့ သဘောအနေအထားနဲ့ ရှင်းတာပါ၊ KIA အနေနဲ့ တနိုင်းဘက်မှာ ကျွန်တော်တို့ ပုံမှန်အုပ်ချုပ်မှုလုပ်နေတဲ့တပ်ကို ချောင်းမြောင်းတိုက်ခိုက်ခဲ့တဲ့အတွက် ကျွန်တော်တို့ စစ်သည်တွေ ထိခိုက်ဒဏ်ရာရလာတာတွေ ရှိလာလို့ ကျွန်တော်တို့ နယ်မြေရှင်းလင်းမှုလုပ်ပါတယ်၊ အလားတူ ကဆုန့်ဘက်မှာလည်း နမ္မတီး၊ မိုးကောင်း၊ မိုးညှင်းဘက်နေရာတွေမှာ ဝင်ပြီးတော့ သူတို့တွေ ဆက်ကြေးကောက်တယ်၊ လူတွေအတင်းအဓမ္မဖမ်းဆီးတယ်၊ တိုက်ခိုက်မှုအားလုံးက KIA အဖွဲ့အနေနဲ့ စတင်ပြီး တိုက်ခိုက်လို့ ကျွန်တော်တို့က တုံ့ပြန်ပြီး ရှင်းလင်းတာဖြစ်ပါတယ်၊ စစ်ရဲ့သဘောသဘာဝက ပြန်လည်မတုံ့ပြန်နိုင်အောင် အတွင်းထဲအထိ ရှင်းလင်းရတာ ရှိပါတယ်၊ ရှင်းလင်းတဲ့အခါမှာ အရပ်သားတွေ ထိခိုက်ဒဏ်ရာရတယ်ဆိုပြီး ပြောတာတွေရှိပါတယ်၊ အောင်လော့ဒ်မှာ ရွာသားတစ်ယောက်သေတယ်ဆိုပြီး ပြောတယ်၊ တကယ်တမ်းကျတော့ သေတယ်ဆိုတဲ့ သူဟာ KIA တပ်မဟာ စခန်း (၂) ထဲမှာ ရှိနေသူဖြစ်ပါတယ်၊တိုက်ပွဲတွေဖြစ်နေပါတယ်ဆိုတာကို လက်နက်ကိုင်အဖွဲ့နဲ့အတူ တပ်မဟာ (၂) ထဲမှာ သွားနေတော့ ရွာသားလား၊ တစ်ဖက်အဖွဲ့အစည်းလားဆိုတဲ့ အဖြေကရှင်းနေပါတယ်" ဟုပြောကြားသည်။

**အရေးယူခံရမည်ဖြစ်**

KIA အဖွဲ့သည် ဘာသာရေးအဖွဲ့အစည်းအချို့နှင့် ဆက်နွှယ်မှုရှိနေပြီး တပ်မတော်အနေဖြင့် သက်သေအထောက်အထားများရှိကြောင်း ၊ နောင်အခါတွင် တရားဥပဒေပုဒ်မ ၁၇/၁ နှင့် အရေးယူခံရမည်ဖြစ်ကြောင်း တိုင်းမှူးက ပြောကြားသည်။

"အချို့သောဘာသာရေးအဖွဲ့ပေါ့၊ သူတို့ဝင်လာရင် ရွာသားတွေ မလုပ်ရဲ ၊ မကိုင်ရဲ ၊ မပြောရဲ ၊ မဆိုရဲ ဖြစ်တာတွေ ကျွန်တော်တို့ တွေ့ရတယ်၊ ဥပမာ-အောင်လော့ဒ်ဆိုရင် ရွာသားတွေ ဝင်လာပြီးတော့ တနိုင်းကို သတင်းပို့တယ်၊ အောင်လော့ဒ်မှာ ပျက်စီးမှုမရှိဘူးဆိုတာ အခုရောက်ခဲ့တဲ့ သတင်းသမားတွေ အသိပဲ၊ ဖျက်ဆီးထားတာလည်း မရှိဘူး၊ တိုက်ပွဲဖြစ်တဲ့ အခါမှာတောင် ကျွန်တော်တို့က ရွာထဲကို လုံးဝမပစ်ဘဲ ရန်သူ့နယ်မြေနဲ့စခန်းကိုပဲ ကန့်သတ်ပြီး ပစ်တာ၊ ဘာမှ ပျက်စီးတာမရှိတဲ့အတွက် တနိုင်းက RC ဘုန်းတော်ကြီးက သူတို့ကိုယ်တိုင် လိုက်မယ်၊ ရွာသားတွေ နေရအောင်လုပ်ပေးပါမယ်ဆိုပြီး သူတို့ပါ ပူးပေါင်းဆောင်ရွက်တာတွေ့ရတယ်၊ ဒါပေမယ့် နောက်ထပ်ဘာသာရေးအဖွဲ့တစ်ဖွဲ့ထပ်ဝင်လာတော့ ကျေးရွာသူ၊ ကျေးရွာသားတွေက မလိုက်တော့ဘူး၊ ဒါနဲ့ရွာသားတွေ အမှန်တကယ်နေလို့ရ၊ မရ ပြည်နယ်အစိုးအရအဖွဲ့က သွားကြည့်တဲ့အခါ လမ်းမှာ ပြည်နယ်အစိုးရအဖွဲ့ကားကို သေနတ်နဲ့ပစ်တယ်၊ ပစ်ပြီးသွားတဲ့အခါမှာ သူမပစ်ပါဘူးငြင်းတယ်၊ KIA ရဲ့ရည်ရွယ်ချက်က ဒုက္ခသည်တွေ များလာတယ်၊ လူ့အခွင့်အရေး ချိုးဖောက်တယ် ဆိုတာမျိုးကို ဦးတည်နေတယ်" ဟု ပြောသည်။

တိုင်းမှူးက စစ်ဆင်ရေးကာလအတွင်းမှာ လေကြောင်းတိုက်ခိုက်မှု ရှိခဲ့သလား။ ရှိခဲ့ရင် ဘယ်နှကြိမ်ရှိခဲ့သလဲ မေးမြန်းချက်နှင့် ပတ်သက်၍ ဖြေကြားရာတွင် "တိုက်တဲ့အခါကျရင် ရန်သူဆိုမှတော့ ကျွန်တော်တို့ ပေါ့ပေါ့ ပါးပါးလေး တိုက်တာမရှိဘူး၊ စစ်ရဲ့ သဘော သဘာဝကိုက ရန်သူကို သာလွန်တဲ့ အင်အားနဲ့ တိုက်ရမယ်၊ ဒါမှသာ ကျွန်တော်တို့ လူတွေအထိအခိုက်နည်းမယ်၊ အကြိမ်အရေအတွက်ကတော့ တိုက်ခိုက်ခဲ့တာတွေ ဖြစ်တဲ့အတွက် ပြောစရာမရှိပါဘူး၊ လေကြောင်းတိုက်ခိုက်မှုအားလုံးသည် နည်းပညာနဲ့ဆိုင်တဲ့ အချက်အလက်တွေ သုံးပြီး ကျွန်တော်တို့က စခန်းကဘယ်မှာရှိတယ်၊ ရန်သူက ဘယ်မှာရှိတယ်၊ ရွာက ဘယ်နေရာဆိုတာကို အကုန် ခွဲခြားထားပြီးသားဖြစ်ပါတယ်၊ တိုက်ခိုက်မှုမှန်သမျှသည် ရန်သူ့စခန်းတည့်တည့်ကိုသာ အတိအကျ တိုက်ခဲ့တာ ဖြစ်တယ်၊ ရွာတွေကို ကျွန်တော်တို့ အကုန်ရှောင်တယ်၊ ရန်သူလား၊ ကျေးရွာလား မသေချာရင် ကျွန်တော်တို့ လုံးဝ မပစ်ဘူး၊ ရန်သူရှိနိုင်တယ်ဆိုပြီး ကျွန်တော်တို့ လုံးဝမပစ်ဘူး၊ သေချာမှ တိုက်တယ်၊ မသေချာရင် လုံးဝ မတိုက်ဘူး" ဟု ဖြေကြားသည်။

**တရားဥပဒေ စိုးမိုးမှုရှိဖို့ ရှိရမယ်**

ဆက်လက်၍ "အောင်လော့ဒ်ကျေးရွာကို သတင်းသမားတွေ ရောက်ခဲ့တာပဲ၊ မြေပြင်အနေအထားလည်း တွေ့ခဲ့တာပဲ၊ တကယ်တော့ အောင်လော့ဒ်ဟာ ပြည်နယ်အစိုးရရဲ့အုပ်ချုပ်မှုအာဏာအတွင်းမှာ လုံးဝမရှိဘူး၊ အခုဆိုရင် တွေ့လိမ့်မယ်၊ KIA တရားစီရင်တဲ့ တရားရုံးတို့၊ ပညာရေးရုံးတို့၊ ဒါမျိုးတွေနဲ့ သွားတယ်၊ ကျွန်တော်တို့ မူလရည်ရွယ်ချက်က နိုင်ငံတော်အတွင်းမှာ တည်ငြိမ်အေးချမ်းဖို့၊ တရားဥပဒေ စိုးမိုးမှုရှိဖို့တို့ ရှိရမယ်၊ နိုင်ငံတော်အစိုးရရဲ့ အာဏာစက်ဟာ သက်ရောက်ရမယ်၊ အောင်လော့ဒ်မရောက်ခင် ဖြတ်သွားတဲ့ နေရာတွေမှာ ညောင်ရမ်းစခန်းကို တွေ့ရမယ်၊ ဒါတွေကို ကျွန်တော်တို့ တိုက်ခဲ့တာ၊ KIA တပ်ရင်းဌာန ချုပ်နားမှာနေမှတော့ ဆွေမျိုးတွေ ဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ ဒါပေမယ့် ဆွေမျိုးတွေ ဖြစ်လို့ဆိုပြီး ကျွန်တော်တို့ မတိုက်ဘူး၊ အိမ်တွေ ဒီအတိုင်းရှိတယ်၊ ဒါပေမယ့် သူတို့ကို ဆွဲခေါ်သွားတယ်။

**၂၀၀ လောက် ပြန်ရောက်လာ**

"ကျွန်တော်တို့ ဒီမှာ ခေါ်ပါတယ်၊ အကူအညီတွေပေးမယ်၊ နေရာထိုင်ခင်းတွေ လုပ်ပေးမယ်၊ ရွာမပျက်ပါဘူးလို့ ပြောတာတောင်မလာဘူး၊ ကျွန်တော်ပြောတဲ့ထဲမှာ မပါတဲ့ လူတွေ ပြန်ရောက်လာကြတယ်၊ လူဦးရေ ၂၀၀ လောက် ပြန်ရောက်လာကြတယ်။

"ကျွန်တော်တို့ကတော့ ပြောထားပြီးသား၊ ဒီနေရာကို တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိအောင် လုပ်မယ်၊ ဒီတော့ဒါကို တားဆီးနေတဲ့ ဥစ္စာဆိုရင်တော့ ဖယ်ထုတ်ရမှာပဲ၊ ပုံမှန် အတိုင်းဖြစ်လာဖို့ KIA က NCA လမ်းကြောင်းပေါ်တက်လာမှပဲ ရမယ်၊ တက်မလာဘူးဆိုရင် နိုင်ငံတော် အစိုးရကို လက်နက်ကိုင်ပြီး တော်လှန်ပုန်ကန်နေသူတွေအဖြစ် သတ်မှတ်ပြီး အစွမ်းကုန်ရှင်းမှာပဲ။

**အစွမ်းကုန် စောင့်ကြည့်နေ**

"အရင်ကလည်း သူတို့အခက်အခဲတွေရှိရင် မြို့ပေါ်လာပြီး ဒုက္ခပေးတာတွေရှိတယ်၊ ဥပမာ လားရှိုးလို နေရာမျိုးပေါ့၊ ဗုံးဖောက်ခွဲမှုတွေရှိတယ်၊ ကျွန်တော်တို့ဘက်ကတော့ အဖျက်အမှောင့်လုပ်လို့မရအောင် ပြည်နယ်ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး အစွမ်းကုန် ဆောင်ရွက်နေတယ်၊ ရန်သူကတော့ ချိုပါတာမဟုတ်တော့ ကျွန်တော်တို့လည်း သေသေချာချာမသိဘူး၊ လုပ်ချင်လည်း လုပ်နိုင်တယ်၊ ဒါမှမဟုတ်အခြေအနေစောင့်ကြည့်နေတာလည်း ဖြစ်နိုင်တယ်၊ မဖြစ်အောင်တော့ ကျွန်တော်တို့ အစွမ်းကုန် စောင့်ကြည့်နေတယ်။

**ဥပဒေက တစ်ခုပဲရှိ**

"တိုက်ပွဲရှောင် ရွာသားတွေသည် KIA နဲ့ ဆက်နွှယ်မှုမရှိရင် သူတို့ကို ဘာမှ ကျွန်တော်တို့ မလုပ်ဘူး၊ KIA ကို သတင်းပေးနေမယ်၊ ဒါမှမဟုတ် KIA က ရွာသား အယောင်ဆောင်မယ်၊ မြို့ပေါ်တက်လာမယ်၊ သတင်းပေးမယ်၊ ဒါကို သိရင်တော့ ကျွန်တော်တို့ အရေးယူမယ်၊ တချို့ဘာသာရေး အဖွဲ့တွေ ရှိတယ်။ KIA ဆီသွားတွေ့တယ်၊ ပြီးရင် ပြန်လာတယ်၊ ရည်ရွယ်ချက်နဲ့သွားတာ၊ သူတို့ ပြောတာတွေမှာလည်းရည်ရွယ်ချက်တွေပါတယ်၊ ဒီလိုဆိုရင်တော့ ကျွန်တော်တို့ အရေးယူမယ်၊ နိုင်ငံတော်မှာ ဥပဒေကတစ်ခုပဲရှိတယ်၊ စစ်သားပဲဖြစ်ဖြစ်၊ အရပ်သားပဲဖြစ်ဖြစ်၊ ဘာသာရေးအဖွဲ့အစည်းပဲဖြစ်ဖြစ် နိုင်ငံတော်ရဲ့ဥပဒေကို လိုက်နာရမယ်၊ ကျွန်တော်တို့ တပ်မတော်သည်လည်း နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ ဥပဒေတွေကို မလိုက်နာရင် အရေးယူခံရတာပဲ။ နိုင်ငံတော်ရဲ့ ဥပဒေကော၊ စစ်ဘက်ဆိုင်ရာ ဥပဒေကော နှစ်မျိုးစလုံးနဲ့ ပြင်းပြင်းထန်ထန်အရေးယူတယ်၊ နိုင်ငံသားဖြစ်ရင် ဥပဒေကို လိုက်နာရမယ်ဆိုတာ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် အတူတူပဲ။

"ပိတ်မိနေတယ်ဆိုတဲ့သူတွေသည် KIA ကနေ အတင်းအဓမ္မခေါ်ထားတဲ့ သူတို့ရဲ့ လူတွေပဲ ဖြစ်ပါတယ်။ ကျန်တဲ့ ရွာသူရွာသား ဒေသခံက သူ့နေရပ်မှာ အေးချမ်းရင်လာနေမယ်၊ နေလို့မရရင် တခြားတစ်နေရာမှာ ခဏနေမယ်၊ ပြီးလို့ကိုယ့်နေရပ်ကိုယ်ပြန်နေလို့ရရင်နေမယ်ဆိုတဲ့သူတွေပဲ ရှိပါတယ်" ဟု တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်က ဖြေကြားသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# မိတ္ထီလာမြို့နယ်တွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်လဲကျကာ နေအိမ်များပျက်စီး

**မိတ္ထီလာ မေ ၁၂**

မိတ္ထီလာမြို့နယ်တွင် မေ ၁၁ ရက် ည ၇ နာရီခွဲမှ ၈ နာရီ ၅ မိနစ်ခန့်ထိ လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်လဲကျမှုများ ဖြစ်ပေါ်ခဲ့ပြီး ရဲစခန်းလိုင်းခန်း အမိုးလန်ခြင်း၊ ကားနှင့် ဆိုင်ကယ်ပျက်စီးခြင်းလူများထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် အမှတ် ၂ နယ်မြေရဲစခန်းဝင်းအတွင်း အနောက်ဘက်ခြမ်း နေအိမ်ငါးခန်းတွဲနေ ရဲတပ်သား ဖြိုးသူရဒွေး နေထိုင်သည့် လိုင်းခန်းအနောက်ရှိ လဲပင်ကိုင်းကျိုးကျ၍ နေအိမ်လိုင်းခန်း နောက်ပိုင်း ခေါင်မိုးပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိခြင်း မရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် နယ်မြေ ၄ ရှိ ဒေါ်ချိုချိုသန်း (၄၂ နှစ်) နေအိမ်အတွင်း ထိုင်နေစဉ် အုတ်ရေကန်မိုးထားသော အမိုးသွပ်မှာ လန်ထွက်ပြီး ၎င်းအား ထိမှန်ကာ ဦးခေါင်းငယ်ထိပ်ပြတ်ရှဒဏ်ရာ (မစိုးရိမ်ရ၊ အတွင်းလူနာ၊ မိတ္ထီလာဆေးရုံ) ရရှိခဲ့ကြောင်း သိရသည်။



ထို့ပြင် မိတ္ထီလာ အမှတ် ၂ နယ်မြေ ရဲစခန်းအပိုင် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၃၈/၁ နှင့် ၃၃၈/၂ အကြား မန္တလေးမြို့ဘက်မှ မိတ္ထီလာမြို့ဘက်သို့ မိတ္ထီလာမြို့ပညာဘဏ်လမ်း ဝမ်းတော်ပြည့် တိုးချဲ့ကွက်သစ်နေ ယာဉ်မောင်း ကျော်ကျော်ဦး (၄၁ နှစ်) မောင်းနှင်လာသည့် YGN- 7I/.... NISSAN HILUX အမျိုးအစား ယာဉ်မှာ လမ်းမြောက်ဘက် ဘေးမှ အမြင့် ၂၅ ပေ၊ လုံးပတ် ၆ ပေ ရှိသော ကုက္ကိုပင်ပိ၍ ကား၏ခါးလယ် ပိပြားခဲ့ပြီး ကားပေါ်လိုက်ပါလာသူတို့မှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း၊ သို့သော် သစ်ပင်လဲကျချိန်တွင် မိတ္ထီလာမြို့ဘက်သို့ သာစည်မြို့ ညောင်ပင်သာအုပ်စု ကျောက်ပုံကုန်းကျေးရွာနေသူ မစိုးမိုး (၂၅ နှစ်) မောင်းနှင်ပြီး တစ်ရွာထဲနေ မငြိမ်းငြိမ်း(၂၃ နှစ်) လိုက်ပါလာသော ဆိုင်ကယ်အမှတ် ၂၆ယ/---- ရင်ဇင်း အမျိုးအစားဆိုင်ကယ်ပေါ် လဲကျကာ သစ်ပင်ကိုင်းဖျားပိ၍ ဆိုင်ကယ်မှာ ပျက်စီးသွားပြီး မစိုးမိုး (စိုးရိမ်ရ၊ အတွင်းလူနာ၊ မိတ္ထီလာဆေးရုံ)၊ မငြိမ်းငြိမ်း (မစိုးရိမ်ရ၊ အတွင်းလူနာ၊ မိတ္ထီလာဆေးရုံ) ဒဏ်ရာများရရှိပြီး သတိကောင်းစွာမရသေးကြောင်း၊ ယင်းသစ်ပင်လဲကျမှုကြောင့် ဆိုင်ကယ်မှာပျက်စီးသွားပြီး NISSAN HILUX ယာဉ်မှာ ပျက်စီးခဲ့ကြောင်း မှုခင်းမှတ်တမ်းအရ သိရသည်။

အဆိုပါလဲကျသော သစ်ပင်အား မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့မှူး မိုးညွန့်ထွန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ ခရိုင်မီးသတ်ဦးစီး ဦးကျော်ဆန်းပါ မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦး၊ မြို့နယ် ကြက်ခြေနီအဖွဲ့မှ ငါးဦး၊ ရှမ်းတဲမေတ္တာ လူမှုကူညီရေး အသင်းနှင့် ပြည်သာယာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းမင်းမြတ်နှင့် အဖွဲ့တို့မှ ချက်ချင်းရှင်းလင်းဆောင်ရွက်ခဲ့ရာ ည ၉ နာရီခွဲခန့်တွင် ရှင်းလင်းပြီးစီးခဲ့ပြီး လမ်းမှာပုံမှန်သွားလာနိုင်ခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ဘိုကလေးမြို့နယ်၌ မုန်တိုင်းသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခန်းများပြုလုပ်၍ သဘာဝဘေးလျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်

**ဘိုကလေး မေ ၁၂**

မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ဒေသခံပြည်သူများ ကိုယ်တိုင်ပါဝင်လျက် အရေးပေါ်တုံ့ပြန်ရင်ဆိုင်နိုင်ရေးအတွက် မုန်တိုင်းသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို ဘိုကလေးမြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့မှ ဦးဆောင်၍ မေ ၁၂ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပျဉ်ဘိုးကြီးကျေးရွာအုပ်စု ပျဉ်ဘိုးကြီးကျေးရွာ၌ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

"မိမိမြို့နယ်အတွင်း ထိခိုက်လွယ်တဲ့နေရာတွေမှာ ပြည်သူတွေ မုန်တိုင်းအန္တရာယ်ဘေးလျော့ပါးစေရန် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲအဖွဲ့အနေနဲ့ မိတ်ဖက်အဖွဲ့အစည်းများရဲ့ အင်အားရယူပြီး အသိပညာပေးခြင်း သဏ္ဍာန်တူလေ့ကျင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ အဓိကကျတဲ့ ရပ်ကျေးအုပ်ချုပ်ရေးမှူးများကိုလည်း တိုက်တွန်းစည်းရုံးဆောင်ရွက်နေပါတယ်၊ အဲဒီလိုဆောင်ရွက်ခြင်းကြောင့် ပြည်သူများအားဘေးဒုက္ခက လျော့ပါးအောင် ဆောင်ရွက်နိုင်မည်"ဟု ယုံကြည်ပါတယ်၊ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက ပြောသည်။

မုန်တိုင်းသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ရာ၌ ပျဉ်ဘိုးကြီး မုန်တိုင်းဒဏ်ခံအဆောက်အအုံမှ ကျေးရွာစီမံခန့်ခွဲမှုကော်မတီသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပေးပို့အကြောင်းကြားလာသည့် မိုး/ဇလ၏ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေကြောင်း သတင်းရရှိချိန်မှစ၍ မိုး/ဇလမှ ထုတ်ပြန်



ပြောကြားသည့် မုန်တိုင်းသတိပေးချက်အဆင့် အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်၊ အညိုရောင်၊ အစိမ်းရောင်စသည့် အဆင့်အလိုက် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်ပြီး အရေးပေါ်တုံ့ပြန်ရင်ဆိုင်နိုင်ရန် စုပေါင်းလေ့ကျင့်ခဲ့ကြသည်။

အဆိုပါ မုန်တိုင်းသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်း အစီအစဉ်တွင် မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်၊ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနဦးစီးမှူး ဒေါ်သီသီချိုနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်ထွေ၊ ဦးစီးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပျဉ်ဘိုးကြီး ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ NGO/INGO အဖွဲ့အစည်းများ၊ ပတ်ဝန်းကျင်ကျေးရွာအုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာတာဝန်ခံများ၊ စေတနာ့ဝန်ထမ်းလူငယ်များ၊ စုစုပေါင်းအင်အား ၄၀၀ ကျော် ပူးပေါင်းပါဝင်လျက် ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်ပြီး ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်ရွှေ့ပြောင်းရေးနှင့် သယ်ယူပို့ဆောင်ခြင်း၊ လေဘေးရှောင်ပြည်သူများအား စနစ်တကျ နေရာချထားခြင်း၊ စားနပ်ရိက္ခာများ နေရာချထားခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းစသည့် သရုပ်ပြလေ့ကျင့်မှုကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"လက်တွေ့ သရုပ်ပြလေ့ကျင့်ခြင်းတွေ လုပ်ပေးတဲ့အတွက် မိုးလေဝသသတင်းနားထောင်ရင် ဘယ်အရောင်ဆိုဘာတွေပြင်ဆင်ထားရမယ်ဆိုတာ သိလာရတယ်၊ မုန်တိုင်းသတင်းနားထောင်ပြီးရင် အရောင်အဆင့်အလိုက် ဘယ်လိုနေထိုင်ကြရမယ်၊ ဘေးလွတ်ရာရွှေ့ပြောင်းရမယ့် အပိုင်းတွေပါ လက်တွေ့လေ့ကျင့်ထားတဲ့အတွက် မုန်တိုင်းအန္တရာယ်ကြုံလာခဲ့ရင် နာဂစ်တုန်းကလိုမဟုတ်ဘဲ စနစ်တကျတုံ့ပြန်နိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ဘိုကလေးမြို့သည် မြစ်ချောင်းပေါများသည့် မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလည်း ဖြစ်သည့်အားလျော်စွာ နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရစဉ်က ကျေးရွာအုပ်စု ၁၂ စုခန့် ရွာလုံးကျွတ်နီးပါး ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ခံစားခဲ့ရသော ဒေသတစ်ခုလည်း ဖြစ်ပေသည်။

**သူဇာနွယ်(ဖျာပုံ)**

# မိုးသည်းထန်လေပြင်းတိုက်မှုကြောင့် နေအိမ်များနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်

### ညောင်ဦး

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မေ ၁၁ ရက် ညပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုအရှိန်ကြောင့် ချောက်မြို့နယ် လျှပ်စစ်ဓာတ်အားခွဲရုံမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ညောင်ဦး-မြင်းခြံ ၆၆ ကေဗွီ ဓာတ်အားလိုင်းပေါ်သို့ ထန်းပင်နှစ်ပင် ပြိုလဲကျခဲ့သဖြင့် လျှပ်စစ်မီးများ ပြတ်တောက်မှုဖြစ်ပွားခဲ့ကြောင်း၊ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်ဓာတ်အားလိုင်းကြိုး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးမှုကြောင့် လျှပ်စစ်မီးများ ပြန်လည်ရရှိပြီဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

### ခိုလမ်

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ခိုလမ်မြို့နယ် ဟိုနောင်ကျေးရွာအုပ်စု နောင်ခမ်း ၁၉ မိုင်ကျေးရွာတွင် မေ ၁၁ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၃၈ လုံး အမိုးလန်ပျက်စီးခဲ့ပြီး အိမ်ထောင်စု ၃၈ စု၊ အမျိုးသား ၁၁၅ ဦး၊ အမျိုးသမီး ၂၃၂ ဦးသည် နီးစပ်ရာပတ်ဝန်းကျင်နေအိမ်များသို့ နေထိုင်လျက်ရှိပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



### မြင်းခြံ

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် မေ ၁၁ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ယုံထိုးကျေးရွာအုပ်စု ယုံထိုးတောင်ပေါ်ဘုန်းကြီးကျောင်းရှိ ရွှေမုဋ္ဌောဘုရားစေတီပတ်လည်တန်ဆောင်းရှိ သွပ်မိုးများလန်ခြင်း၊ ရွာသစ်ကျေးရွာတွင် အ.ထ.က ကျောင်းဆောင်သစ် ရေ့မျက်နှာကြက် ချပ် ၅၀ ခန့်ပျက်စီးခြင်း၊ ဥဒယကျေးရွာတွင် မြေစိုက်နေအိမ်တစ်လုံးပြိုကျခြင်းနှင့် နေအိမ်ခုနစ်လုံး အမိုးလန်ခြင်း၊ ဆီမီးခုံကျေးရွာတွင် မြေစိုက်အိမ်တစ်လုံးပြိုကျခြင်း၊ နေအိမ်ပေါ်သစ်ကိုင်းကျိုးကျခြင်းနှင့် အခြားအိမ်အလုံး ၂၀ တွင် အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း၊ သိမ်တိုင်ကျေးရွာတွင် နေအိမ်ပေါ် သို့ သစ်ကိုင်းကျိုးကျခြင်း၊ ဇလပ်ကုန်းကျေးရွာတွင် နေအိမ်တစ်လုံးပြိုကျခြင်း၊ သရက်ကန်ကျေးရွာတွင် နေအိမ်နှစ်လုံး အမိုးလန်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေကျေမှုမရှိကြောင်း သိရှိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

### နွားထိုးကြီး

နွားထိုးကြီးမြို့ပေါ်တွင် မေ ၁၁ ရက် ညနေပိုင်းက မိုးသက်လေပြင်းတိုက်ပြီး မိုးသီးကျသွား၍ လျှပ်စစ်ဓာတ်တိုင်၊ တယ်လီဖုန်းကြိုးများနှင့် သစ်ပင်အများအပြားလဲကျ၍ လျှပ်စစ်မီးတစ်ညလုံးပြတ်တောက်ခဲ့ပြီး အမှတ် ၁ ရပ်ကွက် မြို့စည်ပင်ဈေးကြီးတွင် ကုက္ကိုပင်ကြီးလဲကျ၍ ဓာတ်တိုင်သုံးတိုင်ပါ တစ်ဆက်တည်း လဲကျခဲ့သည်။

အလားတူ အမှတ် ၁ ရပ်ကွက်၊ အမှတ် ၂ ရပ်ကွက်၊ အမှတ် ၃၊ ၄၊ ၅ ရပ်ကွက်တို့တွင်လည်း သစ်ပင်လဲခြင်း၊ သစ်ကိုင်းကျိုးကျခြင်း၊ ဆိုင်းဘုတ်လဲခြင်း၊ နေအိမ်အချို့အမိုးလန်ခြင်းများ၊ လျှပ်စစ်မီးပြတ်တောက်ခြင်းများ ဖြစ်သွားသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

### တံတားဦး

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်တွင် မေ ၁၁ ရက် ညနေပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၂၅ လုံး၊ နွားစာတဲတစ်လုံးတို့မှ သွပ်ချပ်ရေ ၃၂၉ ချပ်၊ အမိုးလန်ပျက်စီးပြီး နေအိမ်ငါးလုံး ပြိုကျပျက်စီးခဲ့သည်။ သင်းတိမ်းကျေးရွာအုပ်စု သင်းတိမ်း (အ.မ.က)၊ အိမ်ကန်ကျေးရွာအုပ်စု၊ သမန်းကန်ကျေးရွာ (အ.မ.က)၊ နွားခြံကြီးကုန်းကျေးရွာအုပ်စု၊ ရှန်းတောကျေးရွာ (အ.မ.က) ကျောင်းများမှ စာသင်ဆောင်အချို့ ပျက်စီးခဲ့သည်။ လေပြင်းတိုက်ခိုက်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

### စလင်း

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် မေ ၁၁ ရက် ညပိုင်းက မိုးသည်းထန်လေပြင်းများတိုက်ခတ်မှုကြောင့် ကျေးရွာများမှ ဘုန်းကြီးကျောင်း၊ လူနေအိမ်များ အမိုးလန်ခြင်းဖြစ်ပေါ်ခဲ့ပြီး တာဝန်ရှိသူများက သွားရောက်၍ ကျေးရွာပြည်သူများနှင့် ပူးပေါင်းကာ အမိုးလန်အိမ်များကို ပြန်လည်ပြုပြင်ခြင်း ပြိုလဲနေအိမ်များမှ အိမ်ထောင်စုဝင်များအား နီးစပ်ရာဆွေမျိုးများ နေအိမ်သို့ ကူညီပြောင်းရွှေ့ပေးခဲ့သည်။ လေပြင်းဒဏ်ကြောင့် လူနေအိမ် ၂၀၂ လုံး ဘာသာရေးအဆောက်အအုံငါးလုံး ပျက်စီးခဲ့ပြီး လူ၊ တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

### ကန့်ဘလူ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း မေ ၁၀ ရက်က မိုးသည်းထန်လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ငွေများထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၂ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတွဲဖက်အတွင်းရေးမှူး ဦးဇော်အောင်လေး အမှာစကားပြောကြားပြီး တာဝန်ရှိသူများက လေပြင်းများတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော ကျေးရွာအုပ်စု ၄၂ အုပ်စုမှ နေအိမ်အမိုးလန်ပျက်စီးခဲ့သည့် အိမ်ခြေ ၄၅၇၊ ပြိုကျပျက်စီးနေအိမ်ငါးလုံး၊ ဘုန်းကြီးကျောင်း ခြောက်ကျောင်းတို့ကို စုစုပေါင်း ငွေကျပ် ၁၃၆၇၀၀၀၀ နှင့် အမိုးလန် တစ်အိမ်ထောင်လျှင် ထောက်ပံ့ပစ္စည်းငါးမျိုးစီနှင့် ပြိုကျအိမ်တစ်အိမ်လျှင် ပစ္စည်း ၁၆ မျိုးစီကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### မြောင်

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အတွင်း မေ ၁၁ ရက် ညပိုင်းက လေပြင်းတိုက်မှုကြောင့် နေအိမ် ၂၆ လုံး အမိုးလန်ပျက်စီးခြင်း၊ ဓာတ်တိုင်၊ တယ်လီဖုန်းတိုင်များလဲခြင်းနှင့် ခိုင်းနွားတစ်ကောင် သစ်ပင်ပိ သေဆုံးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



### ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မေ ၁၁ ရက် ညပိုင်းက မိုးသက်လေပြင်းများ ဆက်လက်တိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာများတွင် လူနေအိမ်အချို့အမိုးလန်ပျက်စီးခြင်း၊ ပြိုလဲခြင်း၊ ဘုန်းကြီးကျောင်းသုံးကျောင်း အမိုးလန်ပျက်စီးခြင်းနှင့် (၈၃ နှစ်)အရွယ် အဘွားအိုတစ်ဦး ခြေထောက်ပေါင်ကျိုး(မစိုးရိမ်ရ) ဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့သည်။

ကုလားကုန်းကျေးရွာတွင် နေအိမ်ကိုးလုံး၊ လယ်လှကုန်းကျေးရွာတွင် နေအိမ် ၂၁ လုံး၊ ဆည်မုန်းကျေးရွာတွင် နေအိမ်တစ်လုံး၊ ထနောင်းကုန်းကျေးရွာတွင် နေအိမ်သုံးလုံး၊ လယ်ကိုင်းကျေးရွာတွင် နေအိမ် ၂၇ လုံး၊ ရွာသစ်ကုန်းကျေးရွာတွင် နေအိမ်အလုံး ၆၀၊ ကံဆွယ်ကျေးရွာတွင် နေအိမ်ခြောက်လုံး၊ နဘဲကုန်းကျေးရွာတွင် နေအိမ် ၁၈ လုံး စုစုပေါင်း ကျေးရွာကိုးရွာတွင် နေအိမ်အလုံး ၁၄၀ တစ်စိတ်တစ်ပိုင်း အမိုးလန်ပျက်စီးခဲ့ပြီး နေအိမ် ၁၆ လုံး ပြိုလဲပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။ ထို့အပြင် လယ်ကိုင်းကျေးရွာနေ ဦးထွန်း၏ နေအိမ်ပေါ်သို့ ကန္တာရပင်ကြီး လဲကျသွားခဲ့သဖြင့် (၈၃နှစ်)အရွယ်ရှိ အဘွားအို ဒေါ်ရင်၏ ပေါင်တစ်ဖက်ကျိုး (မစိုးရိမ်ရ) ဒဏ်ရာရရှိသွားခဲ့၍ မင်းဘူးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူရန် ပို့ဆောင်ပေးထားရကြောင်း၊ ထိခိုက်ပျက်စီးသည့် နေအိမ်များနှင့် ဘုန်းကြီးကျောင်းဆောင်များအား ပွင့်ဖြူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# KIA / TNLA လက်နက်ကိုင်အဖွဲ့က မူဆယ်မြို့အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၊ ၁၉ ဦး သေဆုံး၊ ၂၇ ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်အတွင်းရှိ လုံခြုံရေးဂိတ်စခန်းများနှင့် မြို့တွင်းရှိနေအိမ်များသို့ ယနေ့ နံနက်ပိုင်းတွင် KIA/ TNLA လက်နက်ကိုင်အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ၁၉ ဦး သေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ပြန်လည်ခုခံတိုက်ခိုက်**

KIA/TNLA အဖွဲ့သည်နံနက် ၅ နာရီခန့်မှစတင်၍ မူဆယ်မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် နမ့်ခမ်းမြို့မ ပြည်သူ့ စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ ပူးပေါင်းလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် မူဆယ်မြို့နယ် ပန်ခမ်းတံတားအား အင်အား ၅၀ ခန့်ဖြင့် အရှေ့တောင်ဘက်မှလည်းကောင်း၊ မူဆယ်မြို့အတွင်းရှိ နမ့်ခမ်းမြို့မ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ခေါင်းဆောင် ဦးအိုက်စံ၏ နေအိမ်တစ်ဝိုက်အား အင်အား ၃၀ ခန့်ဖြင့် အရှေ့တောင်ဘက်မှလည်းကောင်း၊ မူဆယ်မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် နမ့်ခမ်းမြို့မ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များပူးပေါင်းလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် မန်ဝိန်းဂိတ်အားအင်အား ၁၀ ဦးခန့်ဖြင့် လည်းကောင်း၊ မူဆယ်မြို့ပန်ခမ်းတံတားအနီးရှိ နောင်ရမ်းကျေး ရွာအားလည်းကောင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ နံနက် ၈ နာရီခန့်တွင် တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့ကြောင်း။

ယင်းသို့ တိုက်ခိုက်မှုများကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် တစ်ဦး၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင် လေးဦး၊ အပြစ်မဲ့တိုင်းရင်းသားပြည်သူ အမျိုးသား ၁၂ ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၉ ဦး သေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်သုံးဦး၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင် ခြောက်ဦး၊ အပြစ်မဲ့တိုင်းရင်းသားပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီးတစ်ဦးစုစုပေါင်း ၂၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သိရှိရသည်။

**သတင်းစဉ်**



KIA/ TNLA လက်နက်ကိုင်အဖွဲ့ မူဆယ်မြို့အတွင်းသို့ လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ထွက်ပေါ်လာသည့် မီးခိုးများကို တွေ့ရစဉ်။





KIA/TNLA လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူများကို တွေ့ရစဉ်။



KIA/ TNLA လက်နက်ကိုင်အဖွဲ့က ပစ်ခတ်မှုကြောင့် ပျက်စီးသွားသည့် ယာဉ်ကို တွေ့ရစဉ်။

## ထိန်ချျုံမြို့သို့ ဝင်ရောက်မည့် ယာဉ်များကို အထူးတင်းကျပ်စစ်ဆေးမည်

**မြစ်ကြီးနား မေ ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်ချျုံမြို့သို့ မေ ၉ ရက်က နယ်စပ်၏ အခြားတစ်ဖက်မှ ယာယီဝင်ရောက်လာမည့် မော်တော်ယာဉ်များ၊ ကားဆရာများအား အထူးတင်းကျပ်စစ်ဆေး ဆောင်ရွက်မည်ဖြစ်ကြောင်း ထိန်ချျုံအစိုးရက မေ ၉ ရက်က ထုတ်ပြန်ခဲ့သည်။

ဤသို့ အမိန့်ထုတ်ပြန်ကြေညာရခြင်းမှာ ယာဉ်လမ်းကြောင်း ဝန်းကျင်သန့်ရှင်းစေရန် ဖြစ်ကြောင်း၊ ပြည်ပမှ ယာဉ်များ ယာဉ်မတော်တဆဖြစ်ပွားမှု ဖြစ်ပွားခြင်း တားဆီးနိုင်ရန်ဖြစ်ကြောင်း၊ ပြည်သူလူထု၏အကျိုး၊ အသက်အိုးအိမ်စီးပွားကိုကာကွယ်နိုင်ရန်လည်း ဖြစ်ကြောင်းနှင့် ထိန်ချျုံမြို့၏ ပုံရိပ်အားတိုးရစ်မြို့ပုံရိပ်နှင့်အညီ ယဉ်ကျေးသောမြို့ပုံရိပ်နှင့်အညီ ပိုမိုထင်ရှားစေရန်အတွက် ထိန်ချျုံမြို့ အစိုးရအဖွဲ့မှ သုတေသနပြုလုပ်လေ့လာခဲ့ပြီး ပြည်ပယာဉ်များအား စနစ်တကျ ကြီးကြပ်နိုင်ရန် ယခုကဲ့သို့ အမိန့်ထုတ်ပြန်ရခြင်းဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ပြည်ပမှ ကားများအား တရုတ်နိုင်ငံသားများ မောင်းနှင်ခြင်းကို လည်းကောင်း၊ ကားတု၊ ဘော်ဒီအတု၊ ခိုးသွင်းခြင်း၊ တရားမဝင် ခရီးသည်ပြေးဆွဲခြင်းတို့ကို ပြင်းထန်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံသားများ၏လက်ဝယ်တွင်ရှိနေသော ပြည်ပမှ ယာဉ်များအား ၁၀ ရက်အတွင်း ထွက်ခွာရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်များတွင် ပါဝင်သည်။

အဆိုပါ အမိန့်ထုတ်ပြန်ချက်များတွင် တရုတ်နိုင်ငံတွင်းသို့ ယာယီဝင်ရောက်လာကြသော ယာဉ်များနှင့် ယာဉ်မောင်းများသည် တရုတ်နိုင် ငံ၏ စည်းမျဉ်း စည်းကမ်းများကို လေ့လာလိုက်နာရမည်ဟု ပါရှိသည်။

ယင်းနယ်စပ် ဖြတ်ဝင်လာသည့်နေရာ (သို့မဟုတ်) မိမိမူလနေရာတို့မှ သက်ဆိုင်ရာ ပြည်သူ့ရဲ ယာဉ်ထိန်းတပ်ဖွဲ့များထံတွင် ယာယီနံပါတ်ပြားနှင့် ယာဉ်မောင်းလိုင်စင် (သို့မဟုတ်) ယာဉ်မောင်းခွင့်များ လျှောက်ထားရမည်ဟူ၍ လည်းကောင်း၊ တရုတ်ပြည်တွင်းသို့ ယာယီဝင်ရောက်သော ကားများကို မောင်းနှင်သည့် ယာဉ်မောင်းများသည် တရုတ်ပြည်၏ ယာဉ်ထိန်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် သတ်မှတ်ချက်များကို လေးစားလိုက်နာရမည်ဟု ပါရှိသည်။

ယာယီ နယ်စပ်ဖြတ်ကျော်ဝင်စဉ် ထုတ်ပေးသော ယာယီလိုင်စင်ပေါ်တွင် သတ်မှတ်ထားသည့် နယ်မြေ၊ လမ်းကြောင်းနှင့် ကာလကန့်သတ်ချက်များအတိုင်းသာ မောင်းနှင်ရမည်ဖြစ်ကြောင်းနှင့် ခွင့်ပြုချက်မရှိဘဲ နယ်စပ်ဝင်လာသော ယာဉ်များအား တရုတ်နိုင်ငံသားများ မောင်းနှင်ခွင့်မရှိဟူ၍ လည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများအနေဖြင့် လမ်းပေါ်တွင် ကြီးကြပ်ကွပ်ကဲမှုကို အားဖြည့်ကာ ယာဉ်ဥပဒေမဲ့ မောင်းနှင်ခြင်းများကို အချိန်မီဖော်ထုတ်အရေးယူသွားမည်ဟူ၍ လည်းကောင်း၊ တရုတ်ပြည်တွင်းသို့ ယာယီဝင်ရောက်လာသော ယာဉ်များအန္တရာယ်ကင်းရှင်းရေးဥပဒေစည်းမျဉ်း စည်းကမ်းများ အညီဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ချက်တွင် ပါရှိသည်။

**မင်းမင်းဦး**

## YBS ယာဉ်မောင်းအား ယာဉ်ပိုင်ရှင်တို့က ခြေထောက်နှင့်ကန်၊ ထိုးကြိတ်၊ လည်ပင်းညှစ်မှုဖြစ်ပွား

**ရန်ကုန် မေ ၁၂**

လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာအုပ်စု ရန်ကုန်- ညောင်တုန်းလမ်းမဘေးရှိ YBS 20 ကားအချင်းချင်း တိုက်မိကာလေကာမှန် နှစ်ချပ်ကွဲသောကြောင့် ယာဉ်ပိုင်ရှင်က ယာဉ်မောင်းအား အလုပ်ဖြုတ်ပစ်မည်ဟုဆိုကာ ယာဉ်မောင်းလိုင်စင်များ သိမ်းဆည်း၍ ခြေထောက်ဖြင့် ကန်၊ ထိုးကြိတ်၊ လည်ပင်းညှစ်ခြင်းများ ပြုလုပ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၈ ရက် နံနက် ၁၁ နာရီခန့်က လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာအုပ်စု ရန်ကုန်- ညောင်တုန်းလမ်းမဘေး YBS- 20 ကားရပ်နားဝင်းအတွင်းသို့ YBS-20(4N/---) ယာဉ်မောင်းဦးအောင်မြတ် ( ၃၃ နှစ်) သည် ကားဝင်းအတွင်း မြောက်မှ တောင်သို့ မောင်းနှင်လာစဉ် YBS-20 (4N/-----)ယာဉ်မောင်း ဦးကျော်မင်းထွန်း(၃၈ နှစ်) အရှေ့မှအနောက်သို့ မောင်းနှင်လာသော ယာဉ်အားချိတ်မိခဲ့ရာ လေကာမှန်နှစ်ချပ် ကွဲသွားခဲ့သဖြင့် ယာဉ်ပိုင်ရှင်များဖြစ်သော ဦးကျော်နေဝင်းနှင့် ဦးဇွဲနေဝင်းတို့က ဦးအောင်မြတ်အား ခြေထောက်နှင့် ကန်ခြင်း၊ ထိုးကြိတ်ခြင်း၊ လည်ပင်းညှစ်ခြင်းတို့ ပြုလုပ်ခဲ့ရာ ဦးအောင်မြတ်တွင် ဒဏ်ရာများရရှိခဲ့သည့် အပြင်အလုပ်မှ ထုတ်ပယ်မည်ဖြစ်ကြောင်း ပြောဆို၍ ဦးအောင်မြတ်နှင့် ဦးကျော်မင်းထွန်းတို့၏ ယာဉ်မောင်းလိုင်စင်များအား သိမ်းဆည်းခဲ့ကြောင်း၊ ဦးအောင်မြတ်သည်ရရှိသော ဒဏ်ရာများအား လှိုင်သာယာပြည်သူ့ဆေးရုံသို့ သွားရောက်ပြသကာ ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။

အဆိုပါ ကိစ္စအပေါ် ဦးအောင်မြတ်က မေ ၁၁ ရက် နံနက် ၁၀ နာရီခွဲခန့်က သောင်ကြီးနယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့ရာ ရဲစခန်းမှ တရားရုံးသို့ဦးတိုက်လျှောက်ထားပေးခဲ့သဖြင့် လှိုင်သာယာမြို့နယ်တရားရုံးက ရာဇသတ်ကြီးအမှုအမှတ် (၁၃၉၈/၂၀၁၈)ဖြင့် တွဲဖက်တရားသူကြီး (၁) ဒေါ်သိင်္ဂီမြင့်အောင်က လက်ခံစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

## တောင်ငူမြို့တွင် ဆိုင်ကယ်ခိုးယူသူအား ဖမ်းဆီးရမိ

**တောင်ငူ မေ ၁၂**

တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များတွင် ဆိုင်ကယ်များ မကြာခဏ ပျောက်ဆုံးလျက်ရှိရာ ဆိုင်ကယ်ခိုးယူနေသူတစ်ဦးဖြစ်သည့် ကျော်သူရ(ခ) ပေါက်စီ (၂၄ နှစ်) ၁၈ ရပ်ကွက် တောင်ငူမြို့နေသူအား မေ ၈ ရက် ည ၁၀ နာရီခန့်၌ တောင်ငူမြို့ မြို့မစခန်းမှူးဒုရဲမှူး ရန်နိုင်လတ်၏ ကြီးကြပ်မှုဖြင့် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာမှ မေ ၁၁ ရက်အထိ ဆိုင်ကယ်ရှစ်စီး၊ မေ ၁၂ ရက်တွင် သုံးစီးထပ်မံ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

တောင်ငူမြို့နယ်ရှိဆိုင်ကယ်ပျောက်ဆုံးမှုဖြစ်ပေါ်ထားသူများကို အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကြည့်ရှုတိုက်ဆိုင်စစ်ဆေးနိုင်ကြောင်းနှင့် အဆိုပါဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူအား တောင်ငူမြို့မစခန်းမှ ဆက်လက်စစ်ဆေးဆောင်ရွက်ထားကြောင်း သိရသည်။

**၁၂၃**

# တောင်ကြီးနှင့် မန္တလေးမြို့တွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည့် မြန်မာအမျိုးသမီးအသင်း

**မန္တလေး မေ ၁၂**

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် တောင်ကြီးနှင့် မန္တလေးမြို့တွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မေ ၁၄ ရက်မှ ၃၀ ရက်အထိ သွားရောက်မည်ဖြစ်ပြီး ခြေစမ်းပွဲခြောက်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယင်းခြေစမ်းခရီးစဉ်အား ကစားသမား ၂၅ ဦးခေါ်ဆောင်သွားမည်ဖြစ်ပြီး တောင်ကြီးနှင့် မန္တလေးမြို့ခရီးစဉ်တွင် ကစားသမားများ၏ ခြေစွမ်းအား စောင့်ကြည့်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲများအဖြစ် မေ ၁၇ ရက်တွင် ဟိုပုန်းလူငယ်အသင်း၊ မေ ၁၉ ရက်တွင် တောင်ကြီးမျိုးဆက်သစ်လူငယ်အသင်း၊ မေ ၂၁ ရက်တွင် ကယားလက်ရွေးစင်ဟောင်းများအသင်း၊ မေ ၂၅ ရက်တွင် Lucky Home အကယ်ဒမီအသင်း၊ မေ ၂၇ ရက်တွင် Unity လူငယ်အသင်း၊ မေ ၂၉ ရက်တွင် မန္တလေး YDPP နည်းပြများအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လက်ရှိဖွဲ့စည်းထားသည့် မြန်မာအမျိုးသမီးအသင်းတွင် **နည်းပြချုပ်အဖြစ်** ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြများအဖြစ်** ဦးခင်မောင်ထွေး၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြအဖြစ်** ဦးမြကိုမင်း၊ အားကစားသမားများအဖြစ် **ဂိုး**- ဇာဇာမြင့်၊ သင်းသင်းစိုး၊ မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ **နောက်တန်း** - ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ဇွန်ယုယဦး၊ ခင်မျိုးဝင်း၊ ယမင်းလွင်၊ **အလယ်တန်း** - ခင်မာလာထွန်း၊ သင်းသင်းယု၊ ရူပါခိုင်၊ ခင်မိုမိုထွန်း၊ နော်အားလိုဝါးဖော၊ သန္တာမိုး၊ သန်းသန်းထွေး၊ **ရှေ့တန်း** - နုနု၊ ရီရီဦး၊ ဝင်းသီတာထွန်း၊ ဂျူလိုင်ကျော်၊ ခင်မိုးဝေ၊ နီလာဝင်းတို့ ပါဝင်ကြသည်။

မြန်မာအမျိုးသမီးအသင်းသည် ပြည်တွင်းခြေစမ်းခရီးစဉ်ပြီးဆုံးပါက ဇွန် ၁၁ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများ သွားရောက်ကစားမည်ဖြစ်ပြီး ထိုင်းလက်ရွေးစင်အသင်းအပါအဝင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

# ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲကျင်းပ

**ရန်ကုန် မေ ၁၂**

မြန်မာ-ကိုရီးယားနှစ်နိုင်ငံအတွင်း အပြန်အလှန်လေ့ကျင့်သင်ကြားပေးစေနိုင်ရေး၊ တိုက်ကွမ်ဒိုအားကစားနည်းဖြင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိနိုင်စေရေးတို့အတွက် ကျင်းပရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr. Lee Sang Hwa က ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌဦးမြဟန်က ပြိုင်ပွဲကျင်းပရခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားပြီး သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် တောင်၊ မြောက်ကိုရီးယားနှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ်ဖြစ်သည့် တိုက်ကွမ်ဒိုသရုပ်ပြသမှုကို တီဗီဖန်သားပြင်မှ ပြသမှုကို ကြည့်ရှုအားပေးကာ ပထမနေ့ ပြိုင်ပွဲများစတင်ကျင်းပခဲ့သည်။

ယင်းပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကယားပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ နေပြည်တော်မှအသင်းများ အပါအဝင် ပြိုင်ပွဲဝင်အသင်းပေါင်း ၂၃ သင်း ပါဝင် ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



# ထိုင်းလိဂ်-၁ ပြိုင်ပွဲ၏ ဧပြီလအတွက် အကောင်းဆုံးဆုနှင့် အကောင်းဆုံးသွင်းဂိုးဆုကို အောင်သူရရှိ

**ဗန်ကောက် မေ ၁၂**

ထိုင်းလိဂ်-၁ ကလပ် Police Tero အသင်းတွင် အငှားသွားရောက်ကစားနေသည့် မြန်မာ့လက်ရွေးစင်အသင်းတိုက်စစ်မှူး အောင်သူသည် ဧပြီလအတွက် အကောင်းဆုံးကစားသမားဆုနှင့် အကောင်းဆုံးသွင်းဂိုးဆုရရှိခဲ့သည်။

အောင်သူသည် ယခုရာသီအစမှ Police Tero အသင်းသို့ ပြောင်းရွှေ့ကစားသော်လည်း အချိန်တိုအတွင်း အသင်းနှင့်အံဝင်ကာ ခြေစွမ်းပြပြီး ဂိုးများသွင်းယူလျက်ရှိသည်။ အောင်သူသည် ပွဲစဉ် ၁၄ အပြီးတွင် သွင်းဂိုး ရှစ်ဂိုးအထိရှိလာခဲ့ပြီး ရတနာပုံအသင်းတွင် ကစားစဉ်က တစ်ရာသီအတွင်း သွင်းယူနိုင်ခဲ့သည့် သွင်းဂိုးအရေအတွက်ကို ၁၄ ပွဲအပြီးမှာပင် ချိုးဖျက်နိုင်ခဲ့ခြင်းဖြစ်သည်။ အောင်သူသည် ဧပြီလအတွင်း ထိုင်းလိဂ်ပွဲပေါင်း ခြောက်ပွဲယှဉ်ပြိုင်ကစားခဲ့ရာ ငါးဂိုးသွင်းယူနိုင်ခဲ့သောကြောင့် Goal.com (Thailand) မှ ချီးမြှင့်သည့် ဧပြီလအတွက် အကောင်းဆုံးဆုကိုရရှိခဲ့ကာ ထိုင်းလိဂ်ပြိုင်ပွဲကျင်းပရေးမှ ချီးမြှင့်သည့် ဧပြီလအတွက် အကောင်းဆုံးသွင်းဂိုးဆုကိုလည်း ပတ္တရားယူနိုက်တက်အသင်းနှင့်ပွဲတွင် ဒုတိယဂိုးသွင်းယူခဲ့သည့် ၎င်း၏ဂိုးက ရွေးချယ်ခံခဲ့ရသည်။ အောင်သူသည် ပတ္တရားယူနိုက်တက်အသင်း နောက်ခံလူများကို ကျော်ဖြတ်ကာ အဝေးမှ လှလှပပကန်သွင်းခဲ့ခြင်းဖြစ်သည်။ အောင်သူသည် ယခုရာသီတွင် Police Tero အသင်းအတွက် ၁၃ ပွဲပါဝင်ကစားထားပြီး ၁၂ပွဲတွင် ပွဲထွက်ကစားသမားအဖြစ် ကစားခဲ့ကာ ကျန်တစ်ပွဲကိုမူ လူစားဝင်ကစားသမားအဖြစ် ကစားထားခြင်းဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

## မြန်မာ့ရုပ်မြင်သံကြား

၁၃ -၅- ၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆ း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇ း၀၀ - Breakfast News
၇ း၃၅ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင်
**ဦးခိုက်ဖူးမြော် ကော့သောင်းမြို့မှ ပြည်တော်စေတီတော်**
၈ း၃၅ - တရုတ်ကာတွန်း **ရိုဘီနှင့် ယိုးယိုး** (အပိုင်း- ၄၉)
၉ း၁၅ - **လူတော်လူကောင်းဖြစ်စေဖို့ ယဉ်ကျေးလိမ္မာသင်တန်း တက်ကြစို့**
၉ း၂၅ - ကျန်းမာရေးမဂ္ဂဇင်း **စပျစ်သီးသန္ဓေအကြောင်း**
**သိကောင်းစရာ**
၉ း ၃၅ - MRTV Travelogue
၁၀း၀၀ - Sunday Talk
၁၂း၃၀ - This Week's Special Interest
၁၃း၀၀ - မြန်မာဂန္ထဝင်ရုပ်ရှင် **နေကျောက်ခဲ** ကျော်ဟိန်း၊ ဆွေဇင်ထိုက်၊ ခင်သီတာထွန်း (ဒါရိုက်တာ- သင်းသင်းယု)

**ညပိုင်း**

၁၇း၀၅ - **မေလအတွက် လပတ်မိုးလေဝသ**
၁၇း၂၀ - **ရခိုင်ပြည်နယ်ပြန်လည် ထူထောင်ရန်အတွက်ကဏ္ဍမှ ဆောင်ရွက်ချက်များ (၅၂)**
၁၇း၃၀ - Sunday Talk
၁၈း၃၅ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် **မြိတ်မြို့မှ ဇီဝဗိုးငှက်အိမ်ဆီ**
၁၈း၅၀ - **အဂတိလိုက်စားမှုကို အတူတကွ တိုက်ဖျက်ဖို့အားလုံးပါဝင် ကူညီကြပါစို့**
၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ **မြွေပြိုမယ်ရဲ့မာယာလှည့်ကွက်** (အပိုင်း- ၈၉)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - **ID & Out** ပုဂံခရီးစဉ် (အပိုင်း- ၅) (လေးဖြူ၊ အငဲ)
- သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်အလင်္ကာ ဝတ်ရည်တေးဂီတအဖွဲ့ ပူးပေါင်းဖျော်ဖြေ တင်ဆက်သည့် မြန်မာမှုတေးဂီတတင်ဆက်ပွဲ
- **မှိုခိုရာ** (သီလ)


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**နည်းပညာသက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)**
**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ)အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး)တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) (၁၉၂ပေ×၃၈ပေ)စာသင်ဆောင် RC နှစ်ထပ် (၁)လုံး
(ခ) (၁၅၀ပေ×၇၅ပေ)အလုပ်ရုံတစ်ထပ် Steel Structure (၁)လုံး
(ဂ) (၇၈ပေ×၉၄ပေ)ဆရာ/မဆောင် RC လေးခန်းတွဲနှစ်ထပ်(၁)လုံး
၂။ **တင်ဒါလျှောက်လွှာပုံစံများ** - ၁၅-၅-၂၀၁၈ရက်
**စတင်ရောင်းချမည့်ရက်/အချိန်** - နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအထိ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၆-၂၀၁၈ရက် ညနေ ၄း၃၀နာရီ
၃။ အသေးစိတ်သိရှိလိုပါက အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး)ရှိ အောက်ပါဖုန်းနံပါတ်များအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။
ဖုန်း-၀၉-၂၄၅၀၇၃၇၊ ၀၇၀-၂၁၈၃၃၊ ၀၇၀-၂၁၈၄၁
**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)**



**ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊**
**ပခုက္ကူတက္ကသိုလ်တွင်**
**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်**
**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ ၂၀၁၈ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ)ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုငွေဖြင့် တည်ဆောက်မည့် အောက်ပါလုပ်ငန်းများကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
(၁) လေးခန်းတွဲ လေးထပ်အရာရှိ နေအိမ်တစ်လုံးဆောက်လုပ်ခြင်း (၁၀၀'×၃၀'×၄၂') RC (ရေမီးအပါအဝင်)
(၂) ပါမောက္ခအိမ်ရာ၊ အရာရှိအိမ်ရာနှင့် ဝန်ထမ်းအိမ်ရာသွားလမ်း၊ ကွန်ကရစ်ခင်းခြင်း (၂၄၉၆ '×၁၆'×၆"ထု)
(၃) ဂါလန် (၁၀၀၀၀)ဆံ့ ကွန်ကရစ်ရေစင် ( ၈'×၈'×၄၀')
၂။ **တင်ဒါစတင်ရောင်းချမည့် ရက်/အချိန်** - ၁၁-၅-၂၀၁၈ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၁-၆-၂၀၁၈ ရက်ညနေ ၄း၃၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ဘဏ္ဍာဌာန၊ ပခုက္ကူတက္ကသိုလ်
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန- ဖုန်း-၀၆၃-၂၈၁၃၁
ပခုက္ကူတက္ကသိုလ်၊ ဘဏ္ဍာဌာန ဖုန်း-၀၆၂-၂၁၁၇၇
ပခုက္ကူတက္ကသိုလ်၊ အင်ဂျင်နီယာဌာန ဖုန်း-၀၉-၄၀၂၅၂၅၃၀၃၊ ၀၉-၇၈၈၃၄၆၉၀၆
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ပခုက္ကူတက္ကသိုလ်**



**ပျောက်ဆုံးကြောင်း**
ကျွန်တော် မင်းမျိုးမြင့် ၁၀/ခဆန(နိုင်)၁၁၉၁၃၂ ၏ Passport-No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

**မွေးသက္ကရာဇ်အမှန်**
ဟုမ္မလင်းမြို့နယ်၊ မနော်သာကျေးရွာမှ မောင်ကျော်ဇံဝင်း ၅/ဟမလ(နိုင်)၀၉၀၆၆၈၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၄-၁၉၉၃ ဖြစ် ပါသည်။ **မောင်ကျော်ဇံဝင်း**

**ဖခင်အမည်မှန်**
ဗဟန်းမြို့နယ်၊ အလက(၃) ဗဟန်းမှ မနန်းရွှေရင် ဆဋ္ဌမတန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအောမာစိန်တ ၁၃/မပတ(နိုင်) ၀၃၆၁၆၁ဖြစ်ပါသည်။



**အများသိစေရန်ကြေငြာခြင်း**
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပဲခူး(ဥဿာ) မြို့သစ်၊ ရပ်ကွက် (၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဦးပိုင်အမှတ်(၄၀၆)၊ မြေကွက်အမှတ်(၄၀၆) ၊ အကျယ်အဝန်း(၀.၁၈၄ ဧက)ရှိ ဦးသက်အောင်အေး (၁၀/မဒန(နိုင်) ၀၀၁၉၉၃) အမည်ပေါက်နှစ် (၃၀) ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးသက်အောင်အေးထံမှ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ဒီးဖန်(၅/တမန(နိုင်)၀၀၀၅၈၆)က(၁၀-၄-၂၀၁၈)နေ့စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍လက်ရှိပိုင်ဆိုင်လျက်ရှိကြောင်း၊ ကျွန်ုပ်မိတ်ဆွေ ခွင့်ပြုချက်မရရှိဘဲ အဆိုပါအိမ်ခြံမြေအား လွှဲပြောင်းရောင်းချခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းတို့ကို မပြုလုပ်ရန် နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ဦး LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) Hein Htet San Law Firm
ဦးထိန်လင်းသန်း LL.B, D.B.L, D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် BB/8604 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7I/7627 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**လင်မယားကွာရှင်းပြတ်စဲပြီးကြောင်းကြေညာခြင်း**
ဒေါ်နန်းကြည် ၁၂/သလန(နိုင်)၀၅၄၇၉၃နှင့် ဦးအုန်းမြင့် ၁၂/သလန(နိုင်) ၁၃၆၆၉၀တို့သည် ၄-၅-၂၀၁၈ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးပါကြောင်း ကြေညာအပ်ပါသည်။
**ဒေါ်နန်းကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်မြင့်(LL.B)၊ ဒေါ်ငယ်ငယ်သန်းညွန့်(LL.B)**
**(အထက်တန်းရှေ့နေများ)**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ချင်းပြည်နယ်အစိုးရအဖွဲ့**
**ဟားခါးမြို့**
**အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း**

၁။ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၈ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ)(၆)လ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း/ရုံး(၉၂)၏ ကျောင်းဆောင်၊ရုံးနှင့် ဝန်ထမ်းအိမ်ရာ၊ အဆောက်အအုံသစ် ဆောက်လုပ်ရန်ရှိ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender ) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
၂။ **အိတ်ဖွင့်တင်ဒါပုံစံ**
**စတင်ရောင်းချမည့်ရက်/အချိန်** - ၁၅-၅-၂၀၁၈ရက်(ရုံးချိန်)
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၅-၂၀၁၈ရက်(ရုံးချိန်)
**တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်ပညာရေးမှူးရုံး ဟားခါးမြို့
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-
ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး၊ ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၂၃၉၃၊ ၀၉-၂၆၀၀၄၅၇၃၈၊
ချင်းပြည်နယ် ပညာရေးမှူးရုံး၊ ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၁၂၀၄၊ ၀၉-၂၅၉၀၄၅၂၉၀
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**



**"မြေဂရန်နှင့် ဆက်စပ်စာချုပ်စာတမ်းများ ပျောက်ဆုံးနေကြောင်း အများသိစေရန် အသိပေးကြေငြာခြင်း"**
ကျွန်ုပ်တို့မိတ်ဆွေ ဦးသိန်းဇော် (KMYT - ၀၅၇၂၄၂)သည် ၂၀၀၂ ခုနှစ်ခန့်က လှိုင်သာယာမြို့နယ်၊ (၃)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အိမ်အမှတ် (၁၂၆)၊ လိပ်စာအမည်ရှိ အကျယ်အဝန်း (၄၀ × ၆၀)ပေ၊ မြေတိုင်းအမှတ် (၁)၊ နှစ် (၆၀)ဦးတင်ထွန်း အမည်ပေါက်ဂရန်မြေကွက်ကို ဆက်စပ်စာချုပ် စာတမ်းများနှင့်တကွ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးသိန်းဇော်အမည်သို့ ဂရန်အမည်ပြောင်းပေးရန် တရားလွှတ်တော်ရှေ့နေ ဦးကိုရီ (စဉ်-၄၅၆၀) အား ပေးအပ်ထားရာမှ ဦးကိုရီ၏ လက်ဝယ်တွင် ပျောက်နေကြောင်း သိရှိရပါသည်။ ဦးကိုရီမှလည်း အမှတ် (၃)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး လှိုင်သာယာရုံးအဖွဲ့ ရှေ့မှောက်တွင် ဝန်ခံလက်မှတ်ရေးထိုးထားပြီး ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါပျောက်ဆုံးနေသော မြေဂရန်မူရင်း၊ စာချုပ်စာတမ်းမူရင်းများကို အကြောင်းပြုလျက် မသက်ဆိုင်သူများက မသမာသောနည်းဖြင့် မြေကွက်ပေါ်တွင် လွန်ခဲ့သော (၁၆)နှစ်ခန့်ကတည်းက တရားဝင်နေထိုင်သူတို့အား နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊ မြေကွက်အတွင်း ကျူးကျော်နေထိုင်ခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအေးသိန်း (တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၅၉၂)
ဒေါ်သူသူမြင့် (အထက်တန်းရှေ့နေ) (စဉ်-၄၃၂၄၆)
အမှတ် (၁၁၂၅)၊ မြေညီ (အေ)၊ ကမ္ဘာ့ဌာန်းလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

# အီရတ်နိုင်ငံ၌ ပထမဆုံး ပါလီမန်ရွေးကောက်ပွဲ ကျင်းပ



**ဘဂ္ဂဒက် မေ ၁၂**
အိုင်အက်စ်အကြမ်းဖက်အဖွဲ့ကို အောင်နိုင်ခဲ့ပြီးဖြစ်သည်ဟု ကြေညာခဲ့ပြီးနောက် အီရတ်နိုင်ငံသည် ပထမဆုံးအကြိမ်အဖြစ် မေ ၁၂ ရက်က ၎င်း၏ ပထမဆုံး ပါလီမန်ရွေးကောက်ပွဲကို ကျင်းပခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အီရတ်နိုင်ငံသည် ၎င်း၏ ပျက်စီးယိုယွင်းနေသော ငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက်နိုင်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ထိုသို့ ပါလီမန်ရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်း ဖြစ်သည်။ နျူကလီးယားသဘောတူညီချက်နှင့် ပတ်သက်ပြီး အီရန်နှင့် အမေရိကန်ပြည်ထောင်စုတို့ သဘောထားတင်းမာသည့်ကြားထဲက ပါလီမန်ရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ အာဏာရရှိရေး အားပြိုင်မှုများကြောင့် အီရတ်နိုင်ငံအနေဖြင့် ဖရိုဖရဲဖြစ်မည့်ဘေးမှ စိုးရွံ့ကာ ယခုကဲ့သို့ ပါလီမန်ရွေးကောက်ပွဲ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျီဟတ်အစွန်းရောက်များကို နှိမ်နင်းပြီးနောက် ပျမ်းမျှ မဲဆန္ဒရှင်ပေါင်း ၂၄ ဒသမ ၅ သန်းသည် နိုင်ငံရေးမတည်ငြိမ်မှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

၂၀၁၄ ခုနှစ်က ဂျီဟတ်အစွန်းရောက် အိုင်အက်စ်အကြမ်းဖက်သမားများ အီရတ်နိုင်ငံတစ်ဝန်း သောင်းကျန်းခဲ့သည့်အချိန်ကတည်းက အီရတ်နိုင်ငံဝန်ကြီးချုပ်ဖြစ်နေသော ဟိုက်ဒါ အယ်လ် အဘာဒီသည် နောက်ထပ်သက်တမ်းအတွက် တာစူနေကြောင်းလည်း သိရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်-မြောက်ကိုရီးယားအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရန် စင်ကာပူကြိုးပမ်းမည်

**စင်ကာပူ မေ ၁၂**
စင်ကာပူနိုင်ငံတွင် ပြုလုပ်မည့် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးကို စင်ကာပူနိုင်ငံအနေဖြင့် အောင်မြင်စွာကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် လီရှန်လွန်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အား ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန၏ မေ ၁၁ ရက် ထုတ်ပြန်ချက်တွင် ဝန်ကြီးချုပ် လီရှန်လွန်းအနေဖြင့် ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။




အဆိုပါ ထုတ်ပြန်ချက်၌ ဇွန် ၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် အစည်းအဝေးတက်ရောက်မည်ဆိုသည့်အပေါ် ကြိုဆိုကြောင်း၊ အဆိုပါအစည်းအဝေးသည် သမိုင်းဝင်တွေ့ဆုံမှုတစ်ခုဖြစ်ပြီး ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်မှုအတွက် အရေးပါသည့် ခြေလှမ်းတစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ထို့အပြင် စင်ကာပူနိုင်ငံအနေဖြင့် အစည်းအဝေးကို လက်ခံကျင်းပခွင့်ရရှိသည့်အတွက် လွန်စွာဂုဏ်ယူပါကြောင်းနှင့် တတ်စွမ်းသလောက် အစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကလည်း ၎င်းအနေဖြင့် အစည်းအဝေးအား အောင်မြင်စွာကျင်းပနိုင်ရေး အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စင်ကာပူနိုင်ငံအနေဖြင့် အစည်းအဝေးအား လက်ခံကျင်းပပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေးအတွက် လတ်တလောကာလအတွင်း အရေးပါသည့် တိုးတက်မှုများစွာ ရရှိခဲ့ကြောင်း၊ ယခုအစည်းအဝေးမှတစ်ဆင့် ကာလရှည်ကြာ မဖြေရှင်းနိုင်သည့် ကိစ္စရပ်များကို ဖြေရှင်းနိုင်ရန် မျှော်လင့်ထားကြောင်း သမ္မတဒေါ်နယ်ထရန့်က ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ဆီးရီးယားတပ်ဖွဲ့များ အိုင်အက်စ်အစွန်းရောက်များကို နှိမ်နင်း

**ဒမတ်စကတ် မေ ၁၂**
အစိုးရတပ်ဖွဲ့များက ဂျီဟတ်အစွန်းရောက်အကြမ်းဖက်သမားများကို ၎င်းတို့၏ ခံတပ်နေရာဖြစ်သည့် ဒမတ်စကတ်မှ အပြီးပြတ်ရှင်းလင်းမှုများ လုပ်ဆောင်ခဲ့ရာ လွန်ခဲ့သော ရက်သတ္တပတ်က တိုက်ခိုက်ရေးသမားအနည်းဆုံး ၈၆ ဦး ဆီးရီးယားတွင် သေဆုံးခဲ့သည်ဟု အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့ကြောင်း ဆီးရီးယားအရေးစောင့်ကြည့်အဖွဲ့က ပြောခဲ့သည်။

မေ ၅ ရက်ကတည်းကစတင်ပြီး ဒမတ်စကတ်မြို့စွန် ဟာဂျာအယ်လ်အက်စ်ဝက်ဒ်ပြည်နယ်တွင် နှစ်ဖက်ထိတွေ့မှုများ ဖြစ်ပွားခဲ့ရာ ဂျီဟတ်အစွန်းရောက် ၅၇ ဦး ဆုံးရှုံးခဲ့ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောခဲ့သည်။

ဧပြီ လလယ်လောက်မှစကာ ဆီးရီးယားသမ္မတ ဘတ်ရှာ အယ်လ်အာဆတ် သစ္စာခံတပ်ဖွဲ့များက အိုင်အက်စ်အစွန်းရောက်များကို ၎င်းတို့၏ နောက်ဆုံးခြေကုပ်ယူရာ ဒမတ်စကတ်မှ အပြီးပြတ် တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

အိုင်အက်စ်လက်ထဲမှ နယ်မြေများကို ပြန်လည်ရရှိရေး ကြိုးစားရာတွင် ဟာဂျာအယ်လ်အက်ဝက်ဒ်နှင့် ရာမက် ပါလက်စတိုင်းဒုက္ခသည်စခန်းများနှင့် အနီးဝန်းကျင်ဒေသများကို မြို့တော်၏ ထိန်းချုပ်မှုအောက်တွင် ပြန်လည်ထားရှိနိုင်ခဲ့သည်။

**အေအက်ဖ်ပီ**

# အီရန်နှင့် အစ္စရေးတို့ စစ်ရေးဆိုင်ရာ တင်းမာမှုမြင့်တက်ချိန်တွင် အီရန်ကို ဖိအားပေးရန် နိုင်ငံတကာကို အမေရိကန် တိုက်တွန်း

**ဝါရှင်တန် မေ ၁၂**
အီရန်နှင့် အစ္စရေးတို့ စစ်ရေးဆိုင်ရာတင်းမာမှုများ မြင့်တက်လာချိန်တွင် အီရန်ကို နိုင်ငံတကာဖိအားများ ဆက်လက်ပေးရန် အိမ်ဖြူတော်က တိုက်တွန်းခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဆီးရီးယားရှိ အီရန်တို့ကို ဦးတည်သည့် အစ္စရေးလေကြောင်းချီတက်တိုက်ခိုက်မှုများပြုလုပ်ပြီးနောက် အိမ်ဖြူတော် ပြန်ကြားရေးဝန်ကြီး ဆာရာဆန်ဒါးက မေ ၁၁ ရက်တွင် အဆိုပါ ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ဆီးရီးယားတွင် တပ်ဖြန့်ထားသော အီရန်ထိပ်တန်းတော်လှန်ရေး အစောင့်တပ်ဖွဲ့က ဂိုလန်ကုန်းမြင့်အား ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကို လက်တုံ့ပြန်သည့်အနေဖြင့် တိုက်ခိုက်မှုများကို ပြန်လည်ပြုလုပ်ခြင်းဖြစ်ကြောင်း အစ္စရေးက ပြောခဲ့သည်။

အီရန်တို့၏ လုပ်ဆောင်ချက်များက ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဂရုမစိုက်သည့်အနေဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း ဆန်ဒါးက ပြောခဲ့သည်။

ယခုလို အန္တရာယ်ရှိသည့် လုပ်ဆောင်မှုမျိုးကို အဆုံးသတ်ရန် တာဝန်သိသည့် နိုင်ငံများအနေဖြင့် အီရန်ကို ဖိအားပေးမှုများလုပ်ဆောင်သင့်ကြောင်း အဆိုပါကြေညာချက်တွင် ထုတ်ပြန်ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရန်နျူကလီးယားသဘောတူညီချက်မှ ယခုရက်သတ္တပတ်အစောပိုင်းက ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ ထိုသို့ပြုလုပ်ခြင်းသည် အီရန်ကို ဖိအားများများပေးနိုင်ရေး အတွက် ရည်ရွယ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## အီရန်နျူကလီးယား သဘောတူညီချက်မှ အမေရိကန်နုတ်ထွက်ခြင်းအပေါ် ဂျာမနီဝေဖန်

**ဘာလင် မေ ၁၂**
ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က အီရန်နျူကလီးယားသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်သွားခဲ့သည့်အပေါ် ပြစ်တင်ဝေဖန်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် ထိုသို့လုပ်ဆောင်လိုက်ခြင်းသည် နိုင်ငံတကာယုံကြည်မှု စည်းစနစ်တစ်ခုကို ချိုးဖောက်ရာရောက်ကြောင်း၊ သို့သော်လည်း ဂျာမနီနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မကြာသေးမီက ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ပြောခဲ့သည်။

အမေရိကန်၏ လုပ်ဆောင်ချက်သည် နိုင်ငံတကာအသိုက်အဝန်းအတွက် ဆိုးရွားသည့် နစ်နာမှုတစ်ခုဖြစ်စေခဲ့ကာ၊ အဆိုပါ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည့်အတွက် ဂျာမနီနိုင်ငံအနေဖြင့် လွန်စွာအံ့အားသင့်ကြောင်း၊ ထို့အတူ ဝမ်းနည်းဖွယ်ရာလည်းကောင်းကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့အတူ အမေရိကန်နိုင်ငံ၏ ပါရီသဘောတူညီချက်မှ နုတ်ထွက်ခြင်းသည်လည်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများအတွက် ဖိအားဖြစ်ပွားလာစေကြောင်း၊ အမေရိကန်နိုင်ငံ၏ နုတ်ထွက်မှုအောက်တွင် အီရန်နိုင်ငံအနေဖြင့် သဘောတူညီချက်အား ဆက်လက်လိုက်နာခြင်းရှိ မရှိ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း အိန်ဂျလာမာကယ်က ပြောခဲ့သည်။

ဂျာမနီနိုင်ငံအနေဖြင့် မည်သည့်ခက်ခဲသော အခြေအနေတွင်မဆို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် မေ ၈ ရက်က အီရန်နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်ပြီးနောက် ဂျာမနီနိုင်ငံအနေဖြင့် အရေးပေါ်နိုင်ငံခြားရေးဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အီရန်ကုမ္ပဏီများနှင့် တစ်ဦးချင်းပုဂ္ဂိုလ်များအား စီးပွားရေးပိတ်ဆို့မှုအသစ်များ ချမှတ်ကြောင်း အမေရိကန်ကြေညာ

ဝါရှင်တန် မေ ၁၂

အမေရိကန်အစိုးရသည် အီရန်ကုမ္ပဏီများနှင့် တစ်ဦးချင်းပုဂ္ဂိုလ်များအား စီးပွားရေး ပိတ်ဆို့မှုများ အသစ်ထပ်မံပြုလုပ်လိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာနသည် စီးပွားရေးလုပ်ငန်းသုံးခုနှင့် ပုဂ္ဂိုလ်ခြောက်ဦးတို့ကို ပိတ်ဆို့မှုပြုလုပ်ခဲ့ကြောင်း ကြာသပတေးနေ့က ပြောကြားခဲ့သည်။

ယင်းပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းစုများသည် အီရန်၏ လက်ရွေးစင် တော်လှန်ရေးအစောင့်တပ်ဖွဲ့များအတွက် ရန်ပုံငွေရရှိအောင်ကြိုးပမ်းရာတွင် ပါဝင်ခဲ့ကြသူများဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ယခု ချမှတ်လိုက်သည့်ပိတ်ဆို့မှုများသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အီရန်နျူကလီးယားစာချုပ်မှ နုတ်ထွက်ကြောင်း အင်္ဂါနေ့ကကြေညာခဲ့ပြီးချိန်မှစတင်ကာ အီရန်အပေါ် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသော စီးပွားရေးပိတ်ဆို့မှုများ ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

### ဩစတြေးလျ၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာ ကလေးငယ်များအပါအဝင် ခုနစ်ဦး သေဆုံး

ဆစ်ဒနီ မေ ၁၂

ဩစတြေးလျအနောက်ပိုင်း ပတ်သ်မြို့မှ ကီလိုမီတာ ၂၇၀ အကွာ မာဂရက်မြစ်အနီးတွင် သောကြာနေ့ အစောပိုင်းက သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ကလေးငယ် လေးဦးအပါအဝင် လူခုနစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဩစတြေးလျ ရဲတပ်ဖွဲ့အကြီးအကဲ ခရစ်ဒေါ်ဆန်က အရာရှိများအားလုံးကို အော့စမင်တာမြို့ငယ်ရှိ အဆောက်အအုံတစ်ခုသို့ ဆင့်ခေါ်ထားကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သေနတ်ပစ်ခတ်မှုတွင် ဆယ်ကျော်သက် သုံးဦးနှင့် ကလေးငယ်လေးဦးတို့ သေဆုံးသွားသည်မှာ ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရပ်ဖြစ်ကြောင်း ၎င်းကပြောခဲ့သည်။

လတ်တလောတွင် သေနတ်ပစ်ခတ်ခံရမှုအတွင်း သေဆုံးသွားသူများ၏ ကိုယ်ရေး အချက်အလက်များနှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြခြင်း မရှိသေးပေ။

ယခုဖြစ်ရပ်သည် ၁၉၉၆ ခုနှစ် နောက်ပိုင်း ဩစတြေးလျ၌ ဖြစ်ပွားသည့် အဆိုးရွားဆုံးသော သေနတ်ပစ်ခတ်မှု ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မဟာသီယာမိုဟာမက်၏ အနိုင်ရရှိမှုနှင့် ရွေးကောက်ပွဲအလွန် မလေးရှားပြည်သူတို့၏ မျှော်လင့်ချက်များ

**ကလျာမိုးမြင့်**



မလေးရှားနိုင်ငံရဲ့ ဝန်ကြီးချုပ်နဲ့ မဟာမိတ်ဟောင်းတို့ ထိပ်တိုက်ယှဉ်ပြိုင်ရတဲ့ ရွေးကောက်ပွဲကြီးအပြီးမှာ အသက် ၉၂ နှစ်ရှိပြီဖြစ်တဲ့ အမျိုးသားတစ်ဦးဟာ အသက်အရွယ်အကြီးဆုံး ကမ္ဘာ့ခေါင်းဆောင်တစ်ဦးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့ပါပြီ။ သူကတော့ မလေးရှား ဝန်ကြီးချုပ်ဟောင်း မဟာသီယာ မိုဟာမက်ပဲ ဖြစ်ပါတယ်။

မိုဟာမက်ဟာ မေ ၁၀ ရက်မှာ ကျမ်းသစ္စာ ကျိန်ဆိုခဲ့ပြီဖြစ်တယ်လို့ နိုင်ငံပိုင်သတင်း အေဂျင်စီဘာနမာက ဖော်ပြထားပါတယ်။ ဝန်ကြီးချုပ်ဟောင်းဟာ အငြိမ်းစားယူပြီးခါမှ ၎င်းရဲ့တပည့်ဟောင်း ဖြစ်ခဲ့ဖူးသူ ဝန်ကြီးချုပ် နာဂျစ်ရာဇတ်နဲ့ ရင်ဆိုင်ယှဉ်ပြိုင်ဖို့ အတိုက်အခံပါတီဘက်ကို ကူးပြောင်း ရောက်ရှိလာခဲ့သူပါ။ မိုဟာမက်ရဲ့ သမိုင်းဝင် အောင်ပွဲဟာ ၁၉၅၇ ခုနှစ် မလေးရှားနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့ချိန်ကတည်းက အာဏာကြီးထွားလာခဲ့တဲ့ Barisan Nasional (BN) မဟာမိတ်အဖွဲ့ကို တိုက်ထုတ်ပစ်လိုက်နိုင်ခြင်းပဲ ဖြစ်ပါတယ်။ အနိုင်အရှုံးကို သဲသဲကွဲကွဲ သိလိုက်ရပြီမို့မဟာသီယာကို ထောက်ခံသူတွေဟာ လမ်းတွေတစ်လျှောက်မှာ ပြည့်နှက်လို့ နေပါတယ်။

**မစ္စတာနာဂျစ်ရဲ့လက်ခံတုံ့ပြန်မှု**

ပြည်သူလူထုရဲ့ အဆုံးအဖြတ်ကို လက်ခံသွားမှာပါလို့ မစ္စတာနာဂျစ်က ပြောဆိုခဲ့ပါတယ်။ ဒါပေမယ့် သတင်းထောက်တွေက အခုလို ရုတ်တရက် နိုင်ငံရေး အကြီးအကျယ်ပြောင်းလဲမှု ဖြစ်လာပြီးတဲ့နောက်မှာ အာဏာကို ချောမွေ့စွာ လွှဲပြောင်းပေးဖို့ဟာ ထင်ထားသလောက်တော့ မလွယ်နိုင်ဘူးလို့ ပြောခဲ့ပါတယ်။ မဟာမိတ်အဖွဲ့အတွင်းက ဘယ်ပါတီတစ်ခုချင်းကမှ အများစုကို အနိုင်ရရှိခဲ့ခြင်း မရှိပါဘူး။ ဒီတော့ အစိုးရတစ်ရပ်ကို ဖွဲ့စည်းရေး ဆုံးဖြတ်ဖို့ဟာ မလေးရှားဘုရင်ဆီကို ကျရောက်လာပါပြီ။

**ပြည်သူတွေရဲ့တုံ့ပြန်မှု**

"ဟုတ်ကဲ့၊ ကျွန်တော် သက်ရှိထင်ရှား ရှိနေတုန်းပါပဲ" လို့ မစ္စတာ မဟာသီယာက ကြာသပတေးနေ့ အစောပိုင်းက ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ပြောခဲ့ပါတယ်။ မဟာသီယာက ၎င်းရဲ့ အစိုးရအဖွဲ့ဟာ လက်တုံ့ပြန်ဖို့ ကြိုးစားနေမှာ မဟုတ်ဘူး။ ဒါပေမယ့် တရားဥပဒေစိုးမိုးရေးကိုတော့ ပြန်လည် ရယူနိုင်အောင် လုပ်ရမှာပဲလို့ ဆိုပါတယ်။ မဟာသီယာက ၎င်းကို ထောက်ခံသူတွေ အတွင်းမှာ ဂုဏ်ပြုကြဖို့အတွက် အများပြည်သူရုံးပိတ်ရက် နှစ်ရက် ရှိလိမ့်မယ်။ ဒါပေမယ့် အနိုင်ရသူတွေအတွက်ကတော့ အားလပ်ရက်ဆိုတာ ရှိမှာမဟုတ်ကြောင်း ကြေညာခဲ့ပါတယ်။ တရားဝင်ထုတ်ပြန် ခဲ့တဲ့ မဲရလဒ်တွေက အတိုက်အခံ ပါကာတန်ဟာရာပန်အဖွဲ့ဟာ ရာထူးနေရာ ၂၂၂ ခုအနက် ၁၁၃ ခုကို ရရှိခဲ့ပြီး BN မဟာမိတ်အဖွဲ့ကတော့ ၇၉ နေရာကို ရရှိခဲ့ကြောင်း ဖော်ပြနေပါတယ်။

အသက်မွေးနေထိုင်မှု ကုန်ကျစရိတ် ကြီးမြင့်ခြင်းနဲ့ ကြာမြင့်နေပြီဖြစ်တဲ့ အကျင့်ပျက်ခြစားမှု စွပ်စွဲချက်တွေက မဲဆန္ဒရှင်တွေကို ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်လာစေခဲ့ပြီး မစ္စတာနာဂျစ်နဲ့ ၎င်းရဲ့ တစ်ချိန်က မယိမ်းမယိုင်ရှိနေခဲ့တဲ့ မဟာမိတ်အဖွဲ့ကို စွန့်ခွာသွားသလို တွေ့မြင်လာရပါတယ်။ ဒီအပြောင်းအလဲနဲ့အတူ ကျွန်ုပ်တို့ဟာ အနာဂတ်မှာ ပိုကောင်းတဲ့ အရာတွေကို တွေ့မြင်ရဖို့ ဖြစ်လာနိုင်တယ်လို့ အသက် ၄၈ နှစ်ရှိပြီဖြစ်တဲ့ ဆရာဝန် ဆူဗာဆယ်လ်ဗန်က အေအက်ဖ်ပီသို့ ပြောခဲ့ပါတယ်။ အနာဂတ်အတွက် ကျွန်တော်တို့မျှော်လင့်တာက ပိုကောင်းတဲ့အစိုးရ၊ လွတ်လပ်ပြီး၊ တရားမျှတကာ စုစည်းညီညွတ်တဲ့ အစိုးရတစ်ရပ်ဖြစ်လာဖို့ မျှော်လင့်မိတာပါပဲလို့ ၎င်းက ဆိုပါတယ်။

**မလေးရှားကို အာရှကျားတစ်ကောင် ဖြစ်စေခဲ့တဲ့ မဟာသီယာ မိုဟာမက်**

မစ္စတာ မဟာသီယာဟာ ၁၉၈၁ ခုနှစ်ကစပြီး ၂၂ နှစ်ကြာတဲ့အထိ BN မဟာမိတ်အဖွဲ့ရဲ့အကြီးအကဲ ဝန်ကြီးချုပ်ဟောင်းတစ်ဦးဖြစ်ခဲ့ပြီး ၂၀၀၃ ခုနှစ်မှာ ရာထူးကနေ ဖြုတ်ချခြင်း ခံလိုက်ရပါတယ်။ မဟာသီယာရဲ့ ဦးဆောင်မှုအောက်မှာ မလေးရှားနိုင်ငံဟာ ၁၉၉၀ ပြည့်နှစ်တွေမှာ စီးပွားရေးကို မြန်မြန်ဆန်ဆန် ချဲ့ထွင်လာတဲ့ နိုင်ငံများအုပ်စုထဲက အာရှကျားတစ်ကောင်အဖြစ် ရောက်ရှိလာခဲ့ပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက မဟာသီယာဟာ အာဏာရှင်ဆန်တဲ့သူ တစ်ဦးဖြစ်ပြီး ၎င်းကို နိုင်ငံရေးအရ အတိုက်အခံပြုသူတွေကို ဖမ်းဆီးချုပ်နှောင်ဖို့ အငြင်းပွားဖွယ် လုံခြုံရေးဆိုင်ရာ ဥပဒေတွေကို သုံးခဲ့တဲ့သူ တစ်ဦးလည်း ဖြစ်ပါတယ်။

အရှက်ရဖွယ်ဖြစ်ခဲ့တဲ့ ကိစ္စတစ်ခုကတော့ ၎င်းရဲ့လက်ထောက်ဝန်ကြီးချုပ်ဖြစ်တဲ့ အန်ဝါအီဘရာဟင်ဟာ စီးပွားရေးနဲ့ နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ဖို့ တောင်းဆိုလာချိန်မှာပဲ အကျင့်ပျက်ခြစားမှုနဲ့ အခြားသောပြစ်မှုတွေနဲ့ စွပ်စွဲခံလိုက်ရပြီး ထောင်ဒဏ် ချမှတ်ခံလိုက်ရပါတယ်။ မစ္စတာ မဟာသီယာဟာ ၂၀၀၈ ခုနှစ်မှာ ဝန်ကြီးချုပ်ဖြစ်လာခဲ့တဲ့ မစ္စတာ နာဂျစ်ရာဇတ်ရဲ့ ဆရာတစ်ဦး ဖြစ်ခဲ့ဖူးတယ်ဆိုရင်လည်း မမှားပါဘူး။ မစ္စတာ နာဂျစ်ကိုယ်တိုင်မှာလည်း အကျင့်ပျက်ခြစားမှု စွပ်စွဲချက်တွေနဲ့ လုံးလည်လိုက်နေခဲ့တဲ့သူဖြစ်ပြီး နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ဖြစ်တဲ့ IMDB ကနေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကို ရယူခဲ့တယ်လို့ စွပ်စွဲခံထားရတုန်းပါပဲ။

မစ္စတာ နာဂျစ်ကတော့ စွပ်စွဲထားသမျှကို လက်မခံ ငြင်းဆန်ခဲ့တာပါပဲ။ မလေးရှားအာဏာပိုင်တွေက မစ္စတာ နာဂျစ် အပြစ်ကင်းစင်ကြောင်း ဖော်ထုတ်ခဲ့ပြီးဖြစ်ပေမယ့် ငွေကြေးတွေကို ၎င်းက လက်ခံရယူထားတယ်ဆိုတာကို နိုင်ငံအချို့က စုံစမ်းသိရှိ ဖော်ထုတ်ခဲ့ပါတယ်။ ပြီးတော့လည်း ၎င်းဟာ စုံစမ်းစစ်ဆေးမှုမှာ အဓိကကျတဲ့ အာဏာပိုင်တွေကို ရာထူးကနေ ဖယ်ရှားလိုက်ခြင်းအားဖြင့် မလေးရှားနိုင်ငံရဲ့ စုံစမ်းစစ်ဆေးရေး ဆောင်ရွက်မှုတွေကို နှိပ်ကွပ်ခဲ့သေးတယ်လို့ စွပ်စွဲထားခြင်း ခံရသူပါ။

**အတိုက်အခံဘက်သို့ ကူးပြောင်းသွားခဲ့**

ဒီလို မယုံကြည်ရမှုနဲ့ စွပ်စွဲချက်တွေကပဲ ၂၀၁၆ ခုနှစ်မှာ မစ္စတာမဟာသီယာကို BN မဟာမိတ်ပါတီကနေ အတိုက်အခံပါတီဘက်ကို ရုတ်တရက်ကူးပြောင်းသွားစေခဲ့တယ်လို့ ဆိုရမလားမသိပါ။ အကျင့်ပျက်ခြစားမှုကို အားပေးထောက်ခံနေတဲ့ ပါတီတစ်ခုနဲ့ ဆက်စပ်ပတ်သက်နေရတာကို ရှက်မိတယ်လို့ မဟာသီယာက ပြောဆိုခဲ့ဖူးပါတယ်။ အဲဒီလိုတွေ ဖြစ်ပျက်ခဲ့ပြီးနောက် ဇန်နဝါရီလ အရောက်မှာတော့ မဟာသီယာဟာ မလေးရှားနိုင်ငံရဲ့ ခေါင်းဆောင်နေရာအတွက် ပြန်လည်ယှဉ်ပြိုင်တော့မယ်လို့ ဖွင့်ဟလာခဲ့ပါတယ်။

မစ္စတာ မဟာသီယာအနေနဲ့ သမိုင်းဝင်အောင်ပွဲတစ်ခုကို အနိုင်ရရှိထားပြီဖြစ်သော်လည်း ၎င်းရဲ့ စိုးမိုးအုပ်ချုပ်မှုနဲ့ပတ်သက်ပြီး မသေချာမရေရာမှုတွေကတော့ ရှိနေပါသေးတယ်။ ၎င်းရဲ့ အနိုင်ရရှိမှု မတိုင်မီမှာ မဟာသီယာက ရာထူးကနေမဆင်းခင် နှစ်နှစ်လောက်နိုင်ငံကို အုပ်ချုပ်မယ်။ အန်ဝါကို လွတ်မြောက်အောင်လုပ်ပြီး ပြန်လည် ရွေးချယ်တင်မြှောက်ကာ အကြီးဆုံးတာဝန်ကို ထမ်းဆောင်စေမယ်လို့ ၎င်းရဲ့ရည်ရွယ်ချက်ကို ပြောခဲ့ပါတယ်။

ဒီနေ့မှာတော့ မလေးရှားဟာ လုံးဝပြောင်းလဲသွားတဲ့ အခြေအနေသစ်နဲ့အတူ နိုးထလာခဲ့ပါပြီ။ အင်မတန်ရင်းနှီး ကျွမ်းဝင်ခဲ့ဖူးပြီးသားဖြစ်တဲ့ ခေါင်းဆောင်တစ်ဦးနဲ့ မလေးရှားရဲ့ ပထမဆုံးသော အာဏာလွှဲပြောင်းမှုသမိုင်းတစ်ခုလို့ ဆိုနိုင်ပါတယ်။ မသိနိုင်သေးတဲ့ အရာတွေလည်း ကြီးကြီးမားမား ရှိနေပါသေးတယ်။

လွတ်လပ်ရေး ရရှိခဲ့စဉ်ကတည်းက ပုံစံအမျိုးမျိုးနဲ့ နိုင်ငံကို လည်ပတ်အုပ်ချုပ်နေခဲ့တဲ့ Barisan Nasional မဟာမိတ်အဖွဲ့ဟာ အစိုးရတစ်ရပ်ရဲ့ စီမံခန့်ခွဲ မှုနယ်ပယ်တွေအားလုံးထဲကို ငုပ်လျှိုး ဝင်ရောက်လာခဲ့ပြီးတဲ့နောက် ခုလိုအချိန်မျိုးမှာ ဘယ်လိုများ အာဏာကို လက်လျှော့စွန့်လွှတ်ဖို့ လုပ်မလဲ။ နာဂျစ်ရာဇတ်ကို ထုတ်ပယ်လိုတဲ့ဆန္ဒနဲ့ အကြီးအကျယ် စုစည်းညီညွတ်ခဲ့တဲ့ မဟာမိတ်အဖွဲ့ဟာ အစိုးရအဖွဲ့အတွင်းမှာ ဘယ်လိုကောင်းအောင် အတူတကွ လက်တွဲလုပ်ဆောင်သွားကြမလဲ။ အကျဉ်းကျနေတဲ့ အတိုက်အခံ ခေါင်းဆောင် အန်ဝါအီဘရာဟင်ကို လွတ်မြောက်ခွင့် ရအောင်လုပ်ဖို့ အစီအစဉ်ကို ဘယ်လောက်ထိ ချောချောမောမောနဲ့ ဖြစ်မြောက်အောင် လုပ်နိုင်မှာလဲ။ ပြီးတော့ မစ္စတာမဟာသီယာ အနေနဲ့ နှစ်နှစ်အတွင်းမှာ အန်ဝါဆီသို့ အာဏာလွှဲပြောင်းပေးမယ့် ကိစ္စဟာ အမှန်တကယ် အကောင်အထည်ပေါ်လာနိုင်ပါ့မလား။ မစ္စတာနာဂျစ်ရဲ့ အကျင့်ပျက်ခြစားမှုတွေနဲ့ ပတ်သက်ပြီး ဘယ်လို ကိုင်တွယ်ဆောင်ရွက်မလဲ စတာတွေဟာ အားလုံးက စိတ်ဝင်စားနေကြတဲ့ မေးခွန်းတွေချည်းပါပဲ။ ॥

**ကိုးကား- အေအက်ဖ်ပီ၊ ဘီဘီစီ**




**"ဒီလို မယုံကြည်ရမှုနဲ့ စွပ်စွဲချက်တွေကပဲ ၂၀၁၆ ခုနှစ်မှာ မစ္စတာမဟာသီယာကို BN မဟာမိတ်ပါတီကနေ အတိုက်အခံပါတီဘက်ကို ရုတ်တရက် ကူးပြောင်းသွားစေခဲ့တယ်လို့ ဆိုရမလားမသိပါ၊ အကျင့်ပျက်ခြစားမှုကို အားပေးထောက်ခံနေတဲ့ ပါတီတစ်ခုနဲ့ ဆက်စပ်ပတ်သက်နေရတာကို ရှက်မိတယ်လို့ မဟာသီယာက ပြောဆိုခဲ့ဖူး"**



HTOO
ဟေ့ ချာတိတ်...ဘာလို့ ငိုနေတာလဲကွ...
မုန့်ဝယ်စားမယ့်ပိုက်ဆံ ကျပျောက်သွားလို့..အီး..ဟီး
ဟေ...
ဘယ်နားမှာထွက်ကျတာလဲ..လိုက်ရှာကြည့်ပါလား
ဘယ်နားထွက်ကျမှန်းမသိဘူး
ပိုက်ဆံထွက်ကျပျောက်တယ်သာဆိုတယ်..မင်းရဲ့ အင်္ကျီမှာအိတ်ကပ်မပါဘဲ နဲ့ကွာ...
ဘောင်းဘီအိတ်ထဲ ထည့်ထားတာ
ခုမှ ပိုက်ဆံလာတယ်... အီး..ဟီး..ဟီး...
ငိုနေလို့ပိုက်ဆံတာပျောက် သွားရောလား...
ပိုက်ဆံတာတော့မပျောက်ဘူး..ဒီအချိန်ဆို အန်တီဝဝ ဒီလမ်းကဖြတ်သွားနေကျ..ငိုနေတာမြင်တာနဲ့ မုန့်ဖိုးပေးသွားတယ်ဗျ..
ဦးလေးဆီက မုန့်ဖိုးထွက်မလာတဲ့အပြင်ဘာတွေပြောမှန်းမသိဘူး..ပိုပြီးငိုချင်လာပြီ..အီး..ဟီး..
မှားပါ တယ်..


ကာတွန်း စမ်းချောင်းကိုကိုအောင်
ဟေ့ ပလာတူးပဋ္ဌိမှာ လုံးလေးလာနေပြီ၊
ဒီကောင်ကစကားပြောအတော် ကပ်သတ်တယ်၊
အေးအေး ဆေးဆေးပါ၊
လုံးလေး ယင်းကျီးမတွေ့တာတောင်အတော်ကြာပြီ၊အခုဘယ်မှာလဲ...၊
ယင်းအနားမှာရပ်နေတယ်လေကွာ၊
အင်
ငါမသိလို့ယင်းကျီးမေးမလို့၊
ကျွှာပေါ်မှာတိုက်ကြီးဘယ်နှစ်တိုက်ရှိလဲ..၊
ငါတို့ရပ်ကွက်ထဲမှာတောင်တိုက်ကြီးတွေဘယ်နှစ်တိုက်ရှိမှန်းမသိပါဘူးကွာ၊
အဟွာ.


မနက်တောင ဘာစားခဲ့လဲ၊
ထမင်း ကြော်၊
မေမေကြော်တာ သိပ်ကောင်းတယ်၊ ကြက်ဥရယ် မုန့်လာဥနီရယ်... နှမ်းနက်လည်း ပါတယ်...
ဘာလဲ နှမ်းနက်၊
နှမ်းစေ့အနက်လေးတွေလေ၊ ဆေးဖက်ဝင်တယ်၊ စားရတယ်၊
ကဲ၊ ကိုကြီးတို့အိမ်မှာ နေ့လယ်စာကိုတော့ ငါးကြော်လေးနဲ့ထား၊ အရိုးနှုတ် ပေးထားတယ်၊ ဖိတ်ချစား၊၊
ဟုတ်ကဲ့
ထမင်းမယူဦးမလား
ဟုတ်၊ ဒီတစ်ခါနှမ်းနက်တွေမထည့်ခဲ့နဲ့တော့၊၊
ကိုကြီးတို့အိမ်က နှမ်းနက်က စားလို့မကောင်းဘူး၊
ဘယ်နှမ်း နက်လဲ၊
အဲဒီမှာလေ၊၊ မီးမီးဘေးဖယ်ထားတယ်၊၊
ဟဲ့ အဲဒါနှမ်းနက်ဟုတ်ဘူး၊ဆန်ပိုးကောင်မည်းမည်းလေး၊
အဲ !




ဒီနေ့ ငါ့ မွေးနေ့ ကွ..
ဟာ... ဘာကျွေး မှာလဲ
မင်းကလည်း စားဖို့ပဲ... ငါ ကုသိုလ်ရအောင် ကျွေး ရမှာပေါ့ ကွ...
လမ်းထိပ်က မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါး တစ်ပွဲ နှစ်ယောက် မျှစားကြတာပေါ့...
ဟင့်...
စားပြီးရင်တော့ လက်ဆောင်လေး ဘာလေး လာထားနော်...
သာဓုတောင် တစ်ဝက်ပဲ ခေါ် ရမလိုပဲ...
ပြီးရင် ကုသိုလ်ရအောင် ဖိုးဖိုးကို သွားကန်တော့ရမယ် မုန့်ဖိုး သုံးထောင်လောက်ရမှာ အသေအချာပဲ...
ဘုရား.. ဘုရား..
အဲ.. နောက်.. အန်တီလေးကို သွားကန်တော့ရမယ်.. မုန့်ဖိုး ငါးထောင်လောက်က အသာလေး ရမှာပဲ.. ဟဲ ဟဲ...
မင်းက မွေးနေ့မှာ မွေးမေမေကို မကန်တော့ဘဲ မုန့်ဖိုးရမယ့် အမျိုး တွေကို လိုက်ကန်တော့ မှတော့. ကုသိုလ်နဲ့ ဝေးပြီပေါ့ ကွ...
အဲ...





# စာလုံးပေါင်းနည်း၊ အသံထွက်နည်း (၄)

**မောင်ခင်မင် (ဓနုဖြူ)**

"ခုဆိုရင် ဘာကြောင့် 'စာလုံးပေါင်း' လို့ ခေါ်တယ်ဆိုတာ သမီးတို့ နားလည်ရောပေါ့"

"ဟုတ်ကဲ့၊ နားလည်ပါပြီ ဘဘ၊ စာလုံးတစ်လုံးဖြစ်လာအောင် ဗျည်းနဲ့ သရနဲ့ ပေါင်းရတာမို့ စာလုံးပေါင်းလို့ ခေါ်တာပါ"

" 'ကို' ဆိုတဲ့ စာလုံးဖြစ်လာဖို့ 'ကကြီးလုံးကြီးတင်တစ်ချောင်းငင် ကို' ဆိုပြီး ပေါင်းရတယ်မဟုတ်လား၊ အဲဒီစာလုံးမှာ ဘယ်ဟာက ဗျည်း၊ ဘယ်ဟာက သရဆိုတာကော သမီးတို့ သိတယ်နော်"

"သိပါတယ် ဘဘ၊ ကကြီးက ဗျည်းပါ၊ လုံးကြီးတင်တစ်ချောင်းငင်က သရပါ"

"လုံးကြီးတင် တစ်ချောင်းငင်က ဘာသရလဲကွယ်"

"အို သရပါဘဘ၊ အို သရကို လုံးကြီးတင်နဲ့ တစ်ချောင်းငင်တွဲရေးတဲ့ သင်္ကေတနဲ့ ပုံပြောင်းရေးထားတာပါ"

"ဟုတ်ပါပြီ၊ ဒီတော့ 'ကို' ဆိုတဲ့ စာလုံးဖြစ်အောင် ကဗျည်းနဲ့၊ အိုသရနဲ့ တွဲထားတာလို့ရော မပြောနိုင်ဘူးလား"

"ပြောနိုင်ပါတယ် ဘဘ"

"အဲဒါကို မှတ်ရဆိုရလွယ်အောင် 'က အို ကို' လို့လည်း ဆိုကြတယ်ကွဲ့၊ ရေးပြရင်တော့ က+အို=ကို လို့ ရေးနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ၊ 'လူ' ဆိုပါစို့၊ 'လရေးနှစ်ချောင်းငင်လူ' လို့ စာလုံးပေါင်းပြီး ရွတ်ဆိုနိုင်သလို 'လ အူ လူ' (လ+အူ=လူ)လို့ ဗျည်းသံနဲ့ သရသံ ပေါင်းပြီးတော့လည်း ရွတ်ဆိုနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ၊ သြော်... တစ်ခုသတိရလို့ပါ ဘဘ"

"ပြောလေ"

"ဗျည်းမပါဘဲ သရသက်သက်ပဲပါတဲ့ စာလုံးဆိုရင် ဗျည်းသံနဲ့၊ သရသံ ပေါင်းဆိုလို့ ရပ့ါမလားလို့ပါ"

"သမီးမေးတာ သိပ်ကောင်းပါတယ်၊ 'မ-အေ မေ'၊ 'န-အော နော' ဆိုတာမျိုး ဗျည်းသံနဲ့ သရသံပေါင်းဆိုရတာ အဆင်ပြေတယ်၊ အဲ... 'အော်သံ' လို စာလုံးမျိုးကျတော့ 'အော်' ကို ဗျည်းသရ ဘယ်လိုပေါင်းဆိုမလဲဆိုတဲ့ ပြဿနာမျိုးပေါ့၊ သမီးမေးတာ အဲဒါမျိုးမဟုတ်လား"

"ဟုတ်ပါတယ် ဘဘ၊ ဟုတ်ပါတယ်"

" 'အော်' မှာ ဗျည်းမပါဘူး၊ သရပဲပါတယ်လို့ ဆိုနိုင်တာပေါ့၊ ဒီလိုဆိုရင် စဉ်းစားစရာတစ်ခုရှိတယ်၊ 'အော်' မှာ သဝေထိုး ရေးချရှေ့ထိုး (ေ-ာ်) က ဘာပါလိမ့်၊ ဗျည်းလား၊ သရလား"

"သရပါဘဘ၊ 'ဩော်' ကို ပုံပြောင်းထားတဲ့ သရပါ"

"ဟုတ်ပြီ၊ အဲဒီသရနဲ့ တွဲတာ ဘာဖြစ်မလဲ"

"ဗျည်းပါ ဘဘ၊ ဗျည်းနဲ့တွဲရတာပါ"

"ဆိုပါတော့ကွယ်၊ အဲဒီသရက ကဗျည်းနဲ့တွဲရင် 'ကော်' ဖြစ်တယ်၊ န ဗျည်းနဲ့ တွဲရင် 'နော်' ဖြစ်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ဒီလိုဆိုရင် အခု 'အော်သံ' ဆိုတဲ့ စာလုံးမှာ ေ-ာ် နဲ့ တွဲတဲ့ 'အ' ကရော ခုနပြောတဲ့ ကဗျည်း၊ နဗျည်းတွေရဲ့နေရာမှာ သုံးရတဲ့အတွက် ဗျည်းမဟုတ်ဘူးလား"

" 'အ' ကို ဗျည်းနေရာမှာ သုံးထားတာတော့ အမှန်ပါပဲ ဘဘ"

"ဟုတ်ပြီ၊ ဘဘ အရင်ပြောဖူးပါတယ်၊ 'အ' က အသံအရ သရဆိုတာ ဘာမှအငြင်းပွားစရာ မရှိဘူးလေ၊ ဒါပေမယ့် အခုလို သုံးတဲ့နေရာမှာတော့ 'အ' ကို 'က၊ စ၊ ပ၊ န' စတဲ့ တခြားဗျည်းတွေလိုပဲ သုံးနိုင်တာမို့ အသုံးအနေနဲ့ကြည့်ရင် အဟာ ဗျည်းတစ်ခုပဲကွဲ့"

**"မြန်မာစာအရေးအသားစနစ်ရဲ့ အခြေခံသဘာဝကိုက ဗျည်းသင်္ကေတကို ပဓာနထားပြီး ရှေ့နောက်လက်ဝဲ လက်ယာမှာ သရသင်္ကေတတွေ၊ အဲ... ပုံပြောင်းသရတွေ ဝိုင်းရံပြီး ရေးတဲ့ သဘာဝတွေ ဒီတော့ ဗျည်းနဲ့ သရသင်္ကေတတွေ ပေါင်းထားတဲ့ အစီအစဉ်အတိုင်း စာလုံးပေါင်းလိုက်မှ အဲဒီအသံကို ထွက်လို့ရတာလေ"**

"သြော်"

"ဝေးဝေးလံလံ မကြည့်ပါနဲ့၊ ဗျည်း ၃၃ လုံးမှာ 'အ' ထည့်ထားတာကိုက စာလုံးပေါင်းတဲ့အခါ 'အ' ကို ဗျည်းအဖြစ်မှတ်ယူတယ်ဆိုတာ ထင်ရှားနေတာပဲလေ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ 'အ' ဟာ အသံက သရ၊ အသုံးက ဗျည်းဖြစ်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"စာလုံးပေါင်းတဲ့အခါ 'အ' ကိုဗျည်းလို့ ယူရင် 'အော်' ဆိုတာ ဗျည်းနဲ့ သရနဲ့ ပေါင်းတဲ့အသံပဲလို့ နားလည်နိုင်တယ်၊ တခြားဗျည်းတွေ သုံးပုံနဲ့လည်း ညီညွတ်တယ်၊ 'အ' ကို သရလို့ယူရင် 'အ' ကလည်း သရ၊ ေ-ာ် ကလည်း သရဆိုတော့ သရနှစ်ခုပေါင်းသလို ဖြစ်နေတယ်လေ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ပြန်ကောက်ရရင် 'အော်' ကို စာလုံးပေါင်းနည်းနဲ့ဆိုရင် သဝေထိုး အရေးချရှေ့ထိုးအော်လို့ ဆိုသလိုပဲ၊ အသံထွက်နည်းနဲ့ဆိုရင် အ-အော် အော်လို့ပဲ ဆိုရမှာပေါ့ကွယ်၊ အ+အော်=အော် ဆိုတဲ့ပုံစံပေါ့"

"ဟုတ်ကဲ့ပါ"

"ဒါကြောင့် ဆရာ ဆရာမတွေအနေနဲ့ ခြေခြေမြစ်မြစ် သိထားဖို့ လိုတယ်လို့ ပြောတာပါ၊ စနစ်တစ်ခုလုံးခြုံမိအောင် ကြည့်ဖို့ လိုတယ်ကွဲ့၊ တစ်ခုပဲစွဲပြီး လေ့နံ့ခါးထစ်မှတ်တာမျိုး မဖြစ်သင့်ဘူးလေ"

"နားလည်ပါပြီ ဘဘ၊ သြော်... အရင်အပတ်ကပြောတဲ့ ဗျည်းတွဲတွေနဲ့ သရနဲ့တွဲဆိုရင်ကော ဘယ်လိုဆိုရမှာပါလဲ ဘဘ"

" 'ကျော်' ဆိုပါတော့၊ စာလုံးပေါင်းနည်းအရဆိုရင် သဝေထိုး ကယပင့်ရေးချရှေ့ထိုး ကျော်လို့ စာလုံးပေါင်းပြီး ဆိုရတယ် မဟုတ်လား၊ အသံထွက်နည်းအရဆိုရင်တော့ 'ကျ အော် ကျော်' လို့ ဆိုရမှာပေါ့ကွယ်၊ ကျ+အော်=ကျော်ပေါ့"

"သြော်...ဟုတ်ကဲ့ပါ"

"မွှေးဆိုရင်လည်း 'မွှ အေး မွှေး' လို့ ဆိုရမှာပေါ့၊ ဗျည်းတွဲကိုတော့ ရိုးရိုးဗျည်းတွဲလိုပဲ အသံတစ်သံတည်း ပေါင်းထွက်ပြီး သရနဲ့ ပေါင်းဆိုရမှာပေါ့ကွယ်"

"ဟုတ်ကဲ့၊ နားလည်ပါပြီ၊ ခုပြောခဲ့တဲ့ စာလုံးပေါင်းနည်းနဲ့ အသံထွက်နည်းမှာ စာလုံးပေါင်းနည်းကတော့ ရှေးကတည်းက အစဉ်အဆက် အသုံးပြုလာတဲ့နည်းပေါ့၊ အခုအထိလည်း အသုံးပြုနေကြတုန်းပါပဲ"

"ဟုတ်ကဲ့ပါ"

"မြန်မာစာအရေးအသားစနစ်ရဲ့ အခြေခံသဘာဝကိုက ဗျည်းသင်္ကေတကို ပဓာနထားပြီးရှေ့နောက်လက်ဝဲ လက်ယာမှာ သရသင်္ကေတတွေ၊ အဲ... ပုံပြောင်းသရတွေ ဝိုင်းရံပြီး ရေးတဲ့ သဘာဝလေ။ ဒီတော့ ဗျည်းနဲ့ သရသင်္ကေတတွေ ပေါင်းထားတဲ့ အစီအစဉ်အတိုင်း စာလုံးပေါင်းလိုက်မှ အဲဒီအသံကို ထွက်လို့ ရတာလေ"

"ဘဘ၊ ဗျည်းကိုသရတွေ ဝိုင်းရံတယ်ဆိုတာ ရှင်းပြပါဦး၊ သမီးသိပ်မရှင်းလို့ပါ"

"ဘဘအရင်တစ်ခေါက်ပြောဖူးတယ် ထင်ပါတယ်၊ ဗျည်းကို အဲဒီပုံပြောင်းသရတွေ ဝိုင်းရံပုံဆိုတာက သဝေထိုးဆိုရင် ဗျည်းရဲ့ရှေ့မှာ ရှိတယ်၊ ဒီတစ်လုံးပဲ ဗျည်းရှေ့မှာရှိတာလေ၊ အဲ... လုံးကြီးတင်၊ လုံးကြီးတင်ဆန်ခတ်၊ သေးသေးတင်ဆိုတဲ့ သင်္ကေတတွေက ဗျည်းရဲ့ ဘယ်နေရာမှာရှိသလဲ"

"အပေါ်မှာပါ ဘဘ"

"ဟုတ်တယ်၊ တစ်ချောင်းငင်၊ နှစ်ချောင်းငင်ဆိုတဲ့ သင်္ကေတတွေကကော ဗျည်းရဲ့အောက်မှာ နေရတယ်လေ၊ ဗျည်းရဲ့နောက်မှာကော ဘာတွေရှိပါလိမ့်"

"ရေးချ၊ ရေးချရှေ့ထိုး သင်္ကေတတွေပါ ဘဘ"

"ဒါပေ့ါ၊ အဲဒီစနစ်နဲ့ရေးရတဲ့ မြန်မာစာလုံးတစ်လုံးမှာ သင်္ကေတတွေ နှစ်ခု၊ သုံးခုပါနေတော့ အဲဒီသင်္ကေတတွေကို ပေါင်းစပ်ပြီး ဆိုလိုက်တာကို စာလုံးပေါင်းတယ်လို့ ခေါ်တာပါပဲကွယ်"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ အဲဒီစကားလုံးတွေဟာ ဗျည်းနဲ့သရ ပေါင်းထားတဲ့ အသံစုတွေမို့ ဗျည်းနဲ့သရပေါင်းပြီး အသံထွက်ရတယ် မဟုတ်လား၊ အဲဒီလို ဗျည်းနဲ့သရပေါင်းပြီး အသံထွက်တာကို အသံထွက်နည်းလို့ ခေါ်တာပါပဲ၊ အသံထွက်နည်းက အသံပေါင်းစပ်ပုံကို အခြေခံပြီးပေါ်လာတဲ့ နည်းပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဘဘသိသလောက် အသံထွက်နည်းကို ကျောင်းတွေမှာ အသုံးပြုခဲ့ကြတာ လွတ်လပ်ရေးရပြီး နောက်ပိုင်းကျမှပါ၊ အရင်ကတော့ စာလုံးပေါင်းနည်းကိုပဲ သုံးခဲ့ကြတာလေ"

"ဟုတ်ကဲ့ပါ"

"ဒီနည်းနှစ်နည်းစလုံးကို သင့်တော်သလို အသုံးပြုခဲ့ကြတာပဲ၊ စာလုံးပေါင်းနည်းကတော့ စာလုံးအစိတ်အပိုင်းတွေကို တစ်ဆင့်ချင်းပေါင်းပြီး ဆိုရတာမို့ ကလေးတွေရဲ့ စိတ်ထဲမှာ ပိုပြီးစွဲမြဲတာပေ့ါ၊ စာလုံးပေါင်းသတ်ပုံလည်း တစ်ပါတည်း မှတ်ပြီးသားဖြစ်တာပေ့ါ၊ အသံထွက်နည်းကတော့ ဆိုရတာ စာလုံးပေါင်းနည်းလောက် အချိန်မကြာဘူးလေ၊ မြန်မြန်အသံထွက်တတ်တာပေ့ါ၊ ဒါပေမယ့် ပုံပြောင်းသရတွေရဲ့ နာမည်တွေ၊ တစ်ချောင်းငင်တို့၊ လုံးကြီးတင်တို့လို နာမည်တွေပေ့ါ၊ အဲဒီနာမည်တွေမသိဘဲ သရသံကိုပဲ တန်းပြီးဆိုရတာမို့ စာလုံးပေါင်းပြီး ဆိုရတာလောက်တော့ မစွဲမြဲနိုင်ဘူးလေ၊ အဲဒီသရတွေကို မှတ်မိအောင်တော်တော်လေ့ကျင့်ဖို့ လိုလိမ့်မယ်၊ အရေးကြီးတာက ဘယ်နည်းပဲသုံးသုံး စာဖတ်တတ်အောင် သင်နိုင်ဖို့ပါပဲကွယ်၊ ကဲ...ဒီလောက်ဆိုရင်တော့ ခြုံမိပြီထင်ပါရဲ့"

"ကျေးဇူးတင်ပါတယ် ဘဘ"

# ဆံပင်တွေ ပြန်ပေါက်စေမယ့် ကုထုံးသစ်

*ကလျာမိုးမြင့်*

ထိပ်ပြောင်ခြင်း (သို့မဟုတ်) ဦးခေါင်းပြောင်ခြင်းကို ကုသနိုင်ဖွယ်ရှိတဲ့ ကုထုံးသစ်တစ်မျိုးကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီလို့ သိရပြီး ဒီနည်းဟာ အရိုးပွခြင်းကိုကုသဖို့ မူလကရည်ရွယ်ခဲ့တဲ့ ဆေးဝါးတစ်မျိုးကို အသုံးပြုမယ့်နည်းလမ်းဖြစ်တယ်လို့ ဘီဘီစီသတင်းတစ်ရပ်မှာဖော်ပြခဲ့ပါတယ်။

သုတေသနပြုသူတွေက ဒီဆေးဟာဓာတ်ခွဲခန်းထဲမှာ ဆံပင်ထွက်ပေါ်တဲ့ မွေးညင်းပေါက်တွေကို အတော်လေးသက်ရောက်စေပြီး ဆံပင်ပေါက်လာအောင်လှုံ့ဆော်ပေးတာကို တွေ့ရှိခဲ့ခြင်း ဖြစ်ပါတယ်။ ဆေးထဲမှာ ဓာတ်ပေါင်းတစ်မျိုးပါရှိပြီး ဒီအရာက ဆံပင်ကြီးထွားပေါက်ရောက်မှု အပေါ်မှာ ဘရိတ်တစ်ခုလို ဆောင်ရွက်ပေးတဲ့ ပရိုတင်းဓာတ်တစ်မျိုးကို ပစ်မှတ်ထားကာ ထိပ်ပြောင်ခြင်းကို ကုသရာမှာ နေရာတစ်ခုကနေ ပါဝင်ဆောင်ရွက်တာဖြစ်တယ်လို့ ဆိုပါတယ်။

လေ့လာမှုကို ဦးဆောင်နေတဲ့ ပရောဂျက်ခေါင်းဆောင် ဒေါက်တာ နာသန် ဟော့ခ်ရှောက အကယ်၍ ဒီကုထုံးဟာ ထိရောက်ပြီး လူတွေအတွက် ဘေးကင်းတယ်ဆိုရင် နောက်ဆက်တွဲလေ့လာစမ်းသပ်မှုတွေ ဆက်လုပ်သွားရမယ်လို့ ဘီဘီစီသို့ ပြောခဲ့ပါတယ်။ လတ်တလောမှာ ထိပ်ပြောင်ခြင်းကို ကုသနိုင်တဲ့ ဆေးဝါးနှစ်မျိုးသာ ရရှိနိုင်ပါသေးတယ်။ အမျိုးသားနဲ့ အမျိုးသမီး နှစ်မျိုးလုံးအတွက်သုံးတဲ့ မီနိုစီဒီလ် (minoxidil) နဲ့ အမျိုးသားအတွက် သီးသန့်သုံးတဲ့ ဖီနတ်စတီရိုက်ဒ် ( finasteride) တို့ ဖြစ်ပါတယ်။

ဆေးနှစ်မျိုးလုံးဟာ ဘေးထွက်ဆိုးကျိုးရှိပြီး အမြဲတမ်းအတွက် ထိရောက်မှုမရှိတာကြောင့် အဲဒီဆေးတွေအစား လူနာတွေဟာ ဆံပင်အစားထိုးပြီး ပြန်စိုက်တဲ့ ကုသမှုကိုသာ အသုံးပြုကြတာများတယ်လို့ သိရပါတယ်။ မန်ချက်စတာတက္ကသိုလ်က သုတေသီတွေဟာ ခုခံအားစနစ်နဲ့ ကာကွယ်ဟန့်တားပေးသော ဆေးဝါးဖြစ်တဲ့ ဆိုက်ကလိုစပိုရင်း အေ (Cyclosporine A) ကို ၁၉၈၀ပြည့်နှစ်တွေကတည်းက ကိုယ်အင်္ဂါ အစားထိုးကုသတဲ့နေရာမှာ သုံးဖို့နဲ့ ကိုယ်တွင်းမှာ သဘာဝအတိုင်းရှိနေတဲ့ အရာတွေကို ဆန့်ကျင်တဲ့ ပဋိဓာတ်တွေကြောင့်ဖြစ်ရတဲ့ ရောဂါလက္ခဏာတွေကို လျှော့ချဖို့ အသုံးပြုခဲ့ကြပါတယ်။

ဒီဆေးဟာ SFRP1 လို့ခေါ်တဲ့ ဆံပင်မွေးညင်းတွေအပါအဝင် တစ်သျှူးများစွာကို အဓိကလှုံ့ဆော်ပေးတဲ့ ပရိုတင်းရဲ့ လုပ်ဆောင်မှုကို လျှော့ချပေးတာကို တွေ့ရပါတယ်။ သို့သော်လည်း ဆေးရဲ့ ဘေးထွက်ဆိုးကျိုးတွေကြောင့် CsA ကို ထိပ်ပြောင်ခြင်း ကုသရာမှာ သင့်လျော်မှုမရှိဘူးလို့ သတ်မှတ်ခဲ့ပါတယ်။



ဆံပင်ကျွတ်ခြင်းဟာ နေ့စဉ်ကြုံတွေ့ရနိုင်တဲ့ အရာတစ်ခုဖြစ်ပြီး ပုံမှန်အားဖြင့် စိုးရိမ်စရာ မရှိပါဘူး။ တချို့ကတော့ ဆံပင်ခဏတစ်ဖြုတ်ကျွတ်တာမျိုးဖြစ်ပေမယ့် တချို့တွေက အမြဲကျွတ်လာနိုင်ပါတယ်။ ရုတ်တရက်ဆံပင်တွေ ကျွတ်ကုန်တဲ့အခါ၊ ထိပ်ပြောင်တဲ့နေရာ ပိုပြီးဆိုးလာတဲ့အခါ၊ လက်တစ်ဆုပ်စာလောက်ရတဲ့အထိ ဆံပင်တွေ ကျွတ်လာတဲ့အခါ၊ ခေါင်းတွေကိုက်ပြီး ဦးရေပြားတွေ ပူလောင်လာတဲ့အခါနဲ့ ဆံပင်ကျွတ်တာကို သိပ်စိုးရိမ်လာတဲ့အခါမှာ ဆရာဝန်နဲ့တွေ့ပြီး ဆွေးနွေးတိုင်ပင်သင့်ပါတယ်။ ။

**ဘီဘီစီ**

ခရီး သွား ဆောင်း ပါး

# စပ်လှဲရေတံခွန်ဆီသို့

**မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-ကေဇင်**



ဒိုက်ဦးမြို့နယ်က ကြိုဆိုပါ၏ ဆိုသည့်ဆိုင်းဘုတ်ကို ဖြတ်ကျော်လာသည်နှင့် ရင်ထဲနွေးထွေးသလိုဖြစ်သွားသည်။ ကျွန်တော့်ဇာတိ မြို့နယ်ဖြစ်ရာ စိတ်ထဲအလိုလို မိခင်ရင်ခွင်နယ်မြေကို ပြန်တိုးဝင်ရသလို ခံစားရသည်။ ကားလမ်းဘေးရှိ ကတုတ်၊ ပျဉ်းမလွင်ရွာများကို ဆက်တိုက်ဖြတ်ကျော်လာခဲ့ပြီးနောက် ကားလမ်းမှ ၇ မိုင်ခန့်ဝေးသော မိမိဇာတိမွေးရပ်မြေရွာကို လှမ်းမျှော်ကြည့်လိုက်ရာ သစ်ပင်အုပ်အုပ်နှင့် ရွာတန်းရှည်ပုံသဏ္ဌာန်ကို ခပ်ပျပျမြင်တွေ့ရသည်။ ရင်ထဲလွမ်းဆွတ်ဖွယ်ရာဖြစ်နေမိသည်။ အလုပ်တာဝန်များကြောင့် ဇာတိမြေကို မရောက်ဖြစ်ခဲ့တာလည်း နှစ်ပေါင်းများစွာကြာခဲ့ပြီ။

### ကျော်ဖြတ်လာ

အခုလည်း ကျောက်ကြီးမြို့နယ်ရှိ စပ်လှဲရေတံခွန်သို့ သွားရောက်ရန် ကားဖြင့်သွားနေခြင်းဖြစ်သည်။ ကျောက်ကြီးမြို့တွင် အလုပ်ကိစ္စရှိသော ကျွန်တော့်မိတ်ဆွေ ကိုတင်ဌေးက တစ်ညအိပ်ခရီးသွားရန်ရှိသည်ဖြစ်ရာ စနေ၊ တနင်္ဂနွေနှင့်လည်း တိုက်ဆိုင်နေသဖြင့် လိုက်လာခဲ့ခြင်းလည်း ဖြစ်သည်။ ကျွန်တော်တို့ကားက ဒိုက်ဦး ညောင်လေးပင်၊ ပြွန်တန်ဆာမြို့များကို ဆက်တိုက်ဖြတ်ကျော်လာခဲ့ရာ ရာသီဥတုပူပြင်းမှုကြောင့် ကားအတွင်းဖွင့်ထားသော လေအေးစက်က အအေးဓာတ်သိပ်မထုတ်နိုင်။

ကျွန်တော်တို့ကားက ပဲနွယ်ကုန်းမြို့သို့ ရောက်လာခဲ့ပြီးနောက် ပဲနွယ်ကုန်းမြို့ အရှေ့ဘက်ရှိ ကျောက်ကြီးမြို့သို့ ဦးတည်မောင်းလာခဲ့သည်။ ကျောက်ကြီးမြို့သည် ကျောက်ကြီးမြို့နယ်ရုံးစိုက်ရာမြို့ဖြစ်ကြောင်း သိရသည်။ ပဲခူးတိုင်းဒေသကြီးတွင် မြို့နယ်ပေါင်း ၂၈ မြို့နယ်နှင့် မြို့ပေါင်း ၅၁ မြို့ ပါဝင်ရာ ကျောက်ကြီးမြို့နယ်နှင့် ကျောက်ကြီးမြို့လည်း ပါဝင်နေသည်။ ကျောက်ကြီးမြို့နယ်မှာ တောင်ငူခရိုင်အတွင်း ပါဝင်ပြီး ယခုအခါ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ဒေသတည်ငြိမ်အေးချမ်းလာမှုကြောင့် တိုးတက်ဖွံ့ဖြိုးလာသည့် မြို့လည်းဖြစ်ကြောင်း ကိုတင်ဌေးက ကားမောင်းရင်းပြောပြသည်။

### မြင်တွေ့ရ

အတန်ကြာအောင် ကားမောင်းနှင်လာခဲ့ရာ ကျောက်ကြီးမြို့သို့ ရောက်ရှိလာခဲ့သည်။ မြို့တွင်း၌ ကား၊ ဆိုင်ကယ်များ စီးနင်းမောင်းနှင်သွားလာနေမှုကို တွေ့ရပြီး လမ်းဘေးဝဲယာတွင်လည်း အိုးအိမ်ကောင်းများကို မြင်တွေ့ရသည်။ လမ်းမဘေး တစ်ဖက်တစ်ချက်တွင်ရှိသော နေအိမ်များမှာ စတိုးဆိုင်များ၊ လက်ကိုင်ဖုန်းအရောင်းဆိုင်များကို တွေ့မြင်ရသည်။ ကိုတင်ဌေးက အိမ်တစ်အိမ်ရှေ့တွင် ကားရပ်လိုက်ပြီးနောက် အိမ်ထဲဝင်ကာ အလုပ်ကိစ္စများ ဆွေးနွေးနေသဖြင့် ကျွန်တော်က ကားပေါ်မှ ဆင်းကာ ပတ်ဝန်းကျင်ကို လေ့လာမိသည်။

ကျောက်ကြီးမြို့က စစ်တောင်းမြစ်အတွင်း စီးဆင်းသော ကျောက်ကြီး ချောင်းကမ်းနဖူးပေါ်တွင် တည်ရှိနေသဖြင့် ရေလမ်း၊ ကုန်းလမ်းအဆင်ပြေသည်။ ပတ်ဝန်းကျင်ရှိ ကျေးရွာအချို့မှ ဒေသခံများက စက်လှေများဖြင့် ကျောက်ကြီးမြို့သို့ လာရောက်ကာ ဒေသထွက်ကုန်များ လာရောက်ရောင်းချခြင်း ဈေးဝယ်ခြင်းများရှိကြောင်း သိရသည်။ ကျောက်ကြီးချောင်းက ကျောက်ကြီးမြို့ကိုပတ်၍ စီးဆင်းလျက်ရှိသဖြင့် ကျောက်ကြီးမြို့တည်နေပုံမှာ ချောင်းကို အရှေ့ အနောက်ခွ၍ တည်ထားသကဲ့သို့ ဖြစ်နေသည်။ မြို့အကျယ်အဝန်းမှာလည်း အလျား နှစ်မိုင်နှင့် အနံမှာ မိုင်တစ်ဝက်ခန့်ရှိပြီး အိမ်ခြေ ၄၀၀ ကျော်ရှိကြောင်း သိရသည်။ ကျောက်ကြီးမြို့တွင် နေထိုင်သူ အများစုမှာ ကရင်တိုင်းရင်းသားဖြစ်ပြီး အဓိက စီးပွားရေးလုပ်ငန်းမှာလည်း လယ်ယာနှင့် ကိုင်းလုပ်ငန်းများလုပ်ကိုင်ကြသည်။ ကျောက်ကြီးမြို့နယ်အတွင်း စစ်တောင်းမြစ်ဝှမ်းတွင် စပါးစိုက်ပျိုးခြင်းများရှိသော်လည်း အခြားသီးနှံများကို ဦးစားပေးစိုက်ပျိုးကြကြောင်း သိရသည်။

### စည်ကား

အတန်ကြာသည့်အခါ အလုပ်ကိစ္စဆွေးနွေးပြီး သွားသည့် ကိုတင်ဌေး ပြန်ထွက်လာသဖြင့် ကျောက်ကြီးမြို့အတွင်း ကားဖြင့် လိုက်လံလေ့လာခဲ့သည်။ ကျောက်ကြီးမြို့သည် ဈေး၊ ရုံး၊ ဆေးရုံ၊ စာသင်ကျောင်းများ နေအိမ်တိုက်တာများဖြင့် ဖွံ့ဖြိုးမှုအသွင်အပြင်များရှိနေသည်ကို သတိပြုမိသည်။ ကျောက်ကြီးမြို့က မြို့အနောက်ပိုင်းတွင် ပိုပြီးစည်ကားကြောင်း တွေ့ရပြီး နှစ်စဉ် ရှင်ဥပဂုတ်ဖောင်တော်မျှောပွဲက စည်ကားသိုက်မြိုက်လှရှိကြောင်း၊ ရှင်ဥပဂုတ်ဖောင်တော်မျှောပွဲကို ကျောက်ကြီးချောင်းအတွင်း နှစ်စဉ်တော်သလင်းလပြည့်နေ့တွင် ကျင်းပရာ လှေပြိုင်ပွဲများ၊ ရေကူးပြိုင်ပွဲများဖြင့် စည်ကားကြောင်း ကိုတင်ဌေးက ပြောပြသည်။

ကျောက်ကြီးမြို့ အရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ တောင်ပေါ်ခြေတော်ရာစေတီသို့ ကျွန်တော်တို့ သွားရောက်ဖူးမြော်ခဲ့ကြသည်။ ဘာသာရေးဆိုင်ရာ နေ့ရက်များ၊ သင်္ကြန်ပွဲတော်ရက်များတွင် လူများတိုးမပေါက်အောင် စည်ကားကြောင်း၊ တောင်ပေါ်တက်ရန် အချိန်အတန်ကြာ စောင့်ဆိုင်းရသည်အထိ လူများပြားကြောင်း

“ကျောက်ကြီးမြို့က စစ်တောင်းမြစ်အတွင်း စီးဆင်းသော ကျောက်ကြီးချောင်း ကမ်းနဖူးပေါ်တွင် တည်ရှိနေသဖြင့် ရေလမ်း၊ ကုန်းလမ်းအဆင်ပြေသည်။ ပတ်ဝန်းကျင်ရှိ ကျေးရွာအချို့မှ ဒေသခံများက စက်လှေများဖြင့် ကျောက်ကြီးမြို့သို့ လာရောက်ကာ ဒေသထွက်ကုန်များ လာရောက်ရောင်းချခြင်း ဈေးဝယ်ခြင်းများရှိကြောင်း သိရသည်။ ကျောက်ကြီးချောင်းက ကျောက်ကြီးမြို့ကိုပတ်၍ စီးဆင်းလျက်ရှိသဖြင့် ကျောက်ကြီးမြို့တည်နေပုံမှာ ချောင်းကို အရှေ့ အနောက်ခွ၍ တည်ထားသကဲ့သို့ ဖြစ်နေသည်”



သိရသည်။ တောင်ပေါ်ခြေတော်ရာစေတီကို ဖူးမြော်ပြီးရင်ပြင်တော်ကို လှည့်လည်လေ့လာရာ ရွှေချထားသော ခြေတော်ရာကို ဖူးတွေ့ရသည်။ ရှင်သီဝလိခြေတော်ရာဖြစ်ကြောင်း သိရပြီး ဘုရားဖူးလာသူအချို့ကို တွေ့ရသည်။ ကျောက်ကြီးမြို့ဒေသခံလူငယ်များဖြစ်ပြီး အချို့မှာ တောင်ငူမြို့မှ လာရောက်ကြသူများဖြစ်ကြောင်း သိရသည်။

တောင်ပေါ်ခြေတော်ရာစေတီ ရင်ပြင်မှနေ၍ ကျောက်ကြီးမြို့ မြောက်ဘက်သို့ လှမ်းကြည့်လိုက်ရာ စိမ်းညို့ညို့အုပ်ဆိုင်းနေသော သစ်ပင်များဖြင့် ရွာတစ်ရွာကို ခပ်ရေးရေးမြင်တွေ့ရာ အဲဒါ မုံးကြီးရွာပေါ့ဟု ကိုတင်ဌေးက ပြောသည်။ မုံးကြီးရွာတွင် ကွမ်းသီးလုပ်ငန်းများ လုပ်ကိုင်ကြပြီး တောင်ငူကွမ်းသီးသည် မုံးကြီးရွာထွက်ကွမ်းသီးများ အများဆုံးပါဝင်ကြောင်း သိရသည်။ ကွမ်းသီး အသားနှင့် အရသာမှာ အခြား ကွမ်းသီးများထက် ပိုမိုထူးခြားသည်ဟု ဆိုသည်။

### ဆုတောင်းပြည့်

တိတ်ဆိတ်အေးချမ်းသော တောင်ပေါ်ခြေတော်ရာစေတီရင်ပြင်ကို လှည့်လည်လေ့လာပြီးနောက် စေတီကို ဦးချဖူးမြော်ပြီး ကျွန်တော်တို့ ပြန်ဆင်းလာခဲ့ကြသည်။ ကျွန်တော် ပြန်ဆင်းလာသည့်အချိန်တွင် ဘုရားဖူးသူများ တက်လာသည်ကို တွေ့ရသဖြင့် ပွင့်လင်းရာသီတွင် ဘုရားဖူးဧည့်သည်များမည်ဟု တွေးမိသည်။ ဒေသခံများ၏ ပြောကြားမှုအရ ဆုတောင်းပြည့်ကြောင်း ကိုတင်ဌေးက ပြောပြသည်။

“ကဲ..စပ်လှဲရေတံခွန်သွားရအောင်”ဟု ပြောသဖြင့် ကျွန်တော်တို့ ကားဖြင့် မသွားတော့ဘဲ ကိုတင်ဌေး၏ မိတ်ဆွေ စီစဉ်ပေးထားသော ဆိုင်ကယ်နှင့် သွားခဲ့ကြသည်။ စပ်လှဲရေတံခွန်က ကျောက်ကြီးမြို့နှင့် သုံးမိုင်ခန့်အကွာတွင် တည်ရှိရာ လမ်းခရီး၌ ပိုပြီး အဆင်ပြေပြေနှင့် မြန်မြန်ရောက်နိုင်ရန် ဆိုင်ကယ်ဖြင့်သွားခဲ့ကြခြင်းလည်း ဖြစ်သည်။ လမ်းခရီး၌ လမ်းဘေးတစ်ဖက်တစ်ချက်၌ ခပ်လှမ်းလှမ်းတွင် ကျေးရွာအချို့ကို မြင်တွေ့ရပြီး ဒေသခံအချို့လမ်းပေါ်တွင် သွားလာနေကြသည်ကိုလည်း တွေ့ရသည်။ စိုက်ခင်းများကို တစ်ခါတစ်ရံတွေ့ရသလို စိမ်းညို့နေသော တောင်တန်းကိုလည်း လှမ်းမြင်ရသည်။

### လန်းဆန်း

မကြာမီ စပ်လှဲရေတံခွန်သို့ ရောက်ရှိလာသည်။ စပ်လှဲရေတံခွန်သည် သုံးဆင့်ရေတံခွန်ဖြစ်ပြီး နွေရာသီမို့လားမသိ၊ ရေဆင်းမှုအားနည်းနေသော်လည်း အပန်းဖြေလာရောက်သူအချို့ကို တွေ့ရသည်။ ရေတံခွန်ဝန်းကျင်သည် သဘာဝအတိုင်းတည်ရှိနေရာ သီးခြားကမ္ဘာတစ်ခုလို ဖြစ်နေသည်။ ရေတံခွန်မှ ရေစီးသံကိုကြားနေရပြီး တောင်ကြောပေါ်မှ စီးဆင်းလာသော ရေများက ကြည်လင်နေသည်။ ရေပြင်ရှိရာသို့ သွားပြီး လက်ခုပ်ဖြင့် ရေခပ်ယူကာ မျက်နှာသစ်လိုက်သဖြင့် လန်းဆန်းသွားလေသည်။ စပ်လှဲရေတံခွန်သည် လူသိမများသေးသဖြင့် လာရောက်အပန်းဖြေသူ နည်းနေသေးသော်လည်း နောက်ပိုင်းတွင် အပန်းဖြေသူများလာမည့် ရေတံခွန်ဖြစ်လာမည်ဟု ကိုတင်ဌေးက ပြောပြသည်။ ယခုလည်း ပွင့်လင်းရာသီတွင် အရင်ကထက် လာရောက်သူတဖြည်းဖြည်းများလာကြောင်း သိရသည်။

ကျွန်တော်တို့ စပ်လှဲရေတံခွန်အနီးတွင် ရပ်ပြီး ပတ်ဝန်းကျင်ကို လေ့လာကြည့်ရာ အနီးရှိ သစ်ပင်အချို့ပေါ်တွင် ကျေးငှက်တစ်ကောင်စ နှစ်ကောင်စ တွေ့ရသဖြင့် မေးကြည့်ရာ ကိုတင်ဌေးက သူလည်း ငှက်အမျိုးအစားမသိဖြစ်နေသည်။ ခန္ဓာကိုယ်ရင်အုပ်တို့တွင် လိမ္မော်ရောင် အစက်အပြောက်များရှိပြီး တောင်ပံများမှာ မီးခိုးရောင်ရှိသော ငှက်မျိုးဖြစ်သည်။ ငှက်ဝါသနာရှင်များအတွက် လေ့လာစရာကောင်းသည့် နေရာပင်ဖြစ်မည်ဟု တွေးမိသည်။

စပ်လှဲရေတံခွန်မှ ခြောက်မိုင်ခန့်အကွာတွင် ကျောက်မဲတောင်ရေတံခွန်လည်း ရှိကြောင်း သိရသည်။ ကျောက်မဲတောင်ရေတံခွန်အမည်မှာလည်း ဒေသအခေါ်ဖြစ်ပြီး ကရင်ဘာသာဖြင့် သဲသောမူ၊ သဲသောခွားဟု ခေါ်ကြောင်း၊ မြန်မာလို မောင်နှံ ရေတံခွန်ဟု ခေါ်ဆိုကြောင်း သိရသည်။ မောင်နှံရေတံခွန်သို့လည်း သွားရောက် အပန်းဖြေသူများ ရှိနေသည်ဟုလည်း ကိုတင်ဌေးက ပြောပြသည်။

စပ်လှဲရေတံခွန်၌ အတန်ကြာလေ့လာပြီးနောက် ကျွန်တော်တို့ ကျောက်ကြီးမြို့သို့ ပြန်လာခဲ့ကြသည်။ ကျောက်ကြီးမြို့ ပတ်ဝန်းကျင်သည် ရေတံခွန်များနှင့် ခြေတော်ရာတောင် စေတီများက ခရီးသွားခရီးစဉ်တစ်ခုအဖြစ် သွားရောက်သင့်သည့် နေရာတစ်ခုအဖြစ် မကြာမီရောက်ရှိလာမည်ဟု တွေးမိသည်။ ကျွန်တော်တို့ ကျောက်ကြီးမြို့ကို ပြန်ရောက်တော့ မှောင်ရိပ်သမ်းနေပြီ။ ။

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ၀ အ တွက် တာ

**မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။**

# အလုပ်သမားများအတွက် လူမှုဖူလုံရေးခံစားခွင့်ဆိုတာ

ခင်ရတနာ



### လူမှုဖူလုံရေးဆိုတာ

လူမှုဖူလုံရေးအဖွဲ့သည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အဖွဲ့ကြီးတစ်ခုဖြစ်သည်။ အလုပ်သမားများ၏ ရပိုင်ခွင့်၊ အခွင့်အရေးများ၊ ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် လူမှုဖူလုံရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး သတ်မှတ်ထားသည့် ပြဋ္ဌာန်းချက်များအတိုင်း စီမံကိန်းများရေးဆွဲကာ မူဝါဒများချမှတ်၍ အလုပ်သမားအရေးအတွက် အကောင်အထည်ဖော်နေသည့် အဖွဲ့တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင် လူမှုဖူလုံရေးဥပဒေကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (International Labour Organization-ILO)၏ အကူအညီဖြင့် ၁၉၅၂ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ၁၉၅၆ ခုနှစ်မှစတင်၍ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေနှင့်အညီ လူမှုဖူလုံရေး စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ပြီး ၅၈ နှစ်ကျော် ကြာချိန်တွင် လူမှုဖူလုံရေးအဖွဲ့က ထောက်ပံ့ပေးလျက်ရှိသည့် အကျိုးခံစားခွင့်များမှာ ခေတ်စနစ်များနှင့် ကိုက်ညီမှုမရှိတော့သည့် အနေအထားသို့ ရောက်ရှိလာခဲ့သည်။ ထို့ကြောင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့သည်။ လူမှုဖူလုံရေး ဥပဒေသစ်တွင် လက်ရှိခေတ်ကာလနှင့် ကိုက်ညီမှုရှိသည့် ဆေးကုသမှုပေးအပ်ခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့စသည့် အာမခံအလုပ်သမားများ၏ အခွင့်အရေးကို အပြည့်အဝရရှိခံစားနိုင်ရန် ထည့်သွင်းရေးဆွဲထားခဲ့သည်။ အဆိုပါ လူမှုဖူလုံရေးဥပဒေကို ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအမှတ် ၁၅ ဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်ကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ စတင်ကာ ယနေ့အထိ လူမှုဖူလုံရေးဥပဒေပါ ပြဋ္ဌာန်းချက်များအရ အလုပ်သမားများ၏ အခွင့်အရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပေးအပ်လျက်ရှိနေပြီဖြစ်သည်။

သို့သော် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေတွင် အာမခံစနစ်ခြောက်မျိုးကို ပြဋ္ဌာန်းထားခဲ့သော်လည်း ပုဒ်မ ၁၀၀ အရ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်ပြီး အာမခံစနစ်များအား အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ထားခဲ့ရပြီး ယခုအချိန်တွင် အာမခံစနစ်သုံးမျိုးကိုသာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သေးသည်ကို တွေ့ရှိရသည်။ လက်ရှိ လူမှုဖူလုံရေးအဖွဲ့မှ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်နှင့် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်တို့ဖြစ်ကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သိရှိရသည်။ လက်ရှိကျင့်သုံးလျက်ရှိသည့် လူမှုဖူလုံရေးအာမခံစနစ်သုံးမျိုးအတွက် ထည့်ဝင်ကြေးများကို အလုပ်သမားတစ်ဦးချင်း၏ လုပ်ခလစာများအပေါ်မူတည်၍ အလုပ်ရှင်က သုံးရာခိုင်နှုန်း၊ အလုပ်သမားမှ နှစ်ရာခိုင်နှုန်း စုစုပေါင်း ငါးရာခိုင်နှုန်းကို လူမှုဖူလုံရေးအာမခံအတွက် လစဉ်ပေးသွင်းကြရမည်ဖြစ်သည်။

### အာမခံအလုပ်သမား

လူမှုဖူလုံရေးအဖွဲ့သည် ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အလုပ်သမားဆေးရုံကြီး သုံးရုံ၊ ဆေးခန်း ၉၃ ခန်း၊ ဌာနကြီးဆေးခန်း ၄၃ ခန်း၊ တိုင်းဒေသကြီးရုံး သုံးရုံးနှင့် မြို့နယ်ခွဲရုံး ၇၇ ရုံးတို့ဖြင့် အလုပ်သမားများအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ယင်းသို့ဆောင်ရွက်ပေးခဲ့သဖြင့် ၂၀၁၄ ခုနှစ် မတ်လအထိ အာမခံအလုပ်သမားပေါင်း ၆၉၉၅၈၆ ဦး ရှိခဲ့ကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သိရှိရသည်။

ယခုအချိန်တွင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ လုပ်ငန်းစဉ်များကို ဆေးရုံကြီး သုံးရုံ၊ ဆေးခန်း ၉၆ခန်း၊ ဌာနကြီးဆေးခန်း ၅၅ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ ပုဂ္ဂလိကဖြင့် စာချုပ်ချုပ်ဆိုထားသော လူမှုဖူလုံရေး ကဲဝဲလ် ဆေးခန်းပေါင်းလေးခန်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံး ၁၄ ရုံး၊ ခရိုင်ရုံး လေးရုံး၊ မြို့နယ် ၇၈ ရုံးတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ထိုသို့ ဆောင်ရွက်ပေးမှုများကြောင့် ၂၀၁၈ ခုနှစ် မတ်လတွင် အကျုံးဝင်အလုပ်ဌာနပေါင်း ၂၉၉၄၈ ဌာနနှင့် အာမခံအလုပ်သမားပေါင်း ၁၁၄၉၂၃၂ ဦးအထိ တိုးတက်လာခဲ့ကြောင်း သိရှိရသည်။

### ကျန်းမာရေးစောင့်ရှောက်မှုနှင့်အကျိုးခံစားခွင့်

အလုပ်ရှင်မှ ၎င်းတို့၏အလုပ်သမားများကို လူမှုဖူလုံရေးစီမံကိန်းတွင် အကျုံးဝင်ထားခြင်းဖြင့် အလုပ်သမားများ အကြောင်းအမျိုးမျိုးကြောင့် နေထိုင်မကောင်းဖြစ်လျှင် ကျန်းမာရေးစောင့်ရှောက်မှုရရှိမည်ဖြစ်ပြီး အလုပ်သမားများအနက်မှ အမျိုးသမီး အလုပ်သမားများ မီးဖွားခဲ့လျှင်လည်း မီးဖွားစရိတ်နှင့် မီးဖွားမှု ငွေကြေးအကျိုးခံစားခွင့်များကို ထောက်ပံ့ပေးလျက်ရှိသည်ကို မြင်တွေ့ရသည်။

အလုပ်တွင်ထိခိုက်မှုဖြစ်ပွားပါက လူမှုဖူလုံရေးအာမခံထားရှိသည့် အလုပ်သမားသည် ဆေးကုသမှုခံယူနိုင်ပြီး ၎င်းတို့ ထည့်ဝင်ထားသည့် ထည့်ဝင်ကြေးများကို လုပ်ခလစာအပေါ်မူတည်ပြီး ငွေကြေးထောက်ပံ့မှုပေးလျက်ရှိကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သိရှိရသည်။ အာမခံအလုပ်သမားများအတွက် အလုပ်ရှင်၊ အလုပ်သမားထည့်ဝင်ကြေးစုစုပေါင်း ငါးရာခိုင်နှုန်း ပေးသွင်းထားခြင်းဖြင့် အကျိုးခံစားခွင့် ၁၅ မျိုးကို ရရှိခံစားနိုင်မည့်အပြင် ဆေးကုသရန် လာရောက်ရသည့် ခရီးစရိတ်ကိုလည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနောက်ပိုင်းတွင် အလုပ်သမားများအား ဆေးကုသပေးမှုများတွင် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများအပြင် လူမှုဖူလုံရေးအဖွဲ့နှင့် သဘောတူစာချုပ်ချုပ်ဆိုထားသည့် ပြင်ပပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင်လည်း ဆေးကုသမှုခံယူခွင့်ရှိလာသည့်အပြင် အာမခံအလုပ်သမားများ စိုက်ထုတ်သုံးစွဲထားရသည့် ဆေးဖိုးများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ပြန်လည် ခွင့်ပြုထုတ်ပေးလျက်ရှိနေပြီဖြစ်ကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သိရှိရသည်။

အလုပ်သမားဆေးရုံကြီး သုံးရုံတွင် တက်ရောက်၍ ဆေးကုသမှုခံယူနေကြရသည့် အာမခံအလုပ်သမားများအတွက် ဖြည့်စွက်စာအဖြစ် တစ်ဦးအတွက် တစ်နေ့လျှင် ငွေကျပ် ၁၂၀၀ နှုန်း ကုန်ကျစရိတ်ရှိသည့် နံနက်စာ၊ နေ့လယ်စာနှင့် ညနေစာများကို ကျွေးမွေးပေးလျက်ရှိကြောင်း သိရပြီး အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဆေးခန်းများအပြင် ဆေးရုံကြီး သုံးရုံတွင်လည်း ပြင်ပလူနာ၊ အတွင်းလူနာအဖြစ် ကြည့်ရှုစောင့်ရှောက်မှုပေးလျက်ရှိရာ ဘဏ္ဍာရေးတစ်နှစ်အတွင်း ပျမ်းမျှပြင်ပလူနာ ၆၆၈၃၀ နှင့် အတွင်းလူနာ ၈၂၆၇ ဦးတို့ကို ပြုစုစောင့်ရှောက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးဆေးရုံဆေးခန်းများကိုလာရောက်ပြသရန် အခက်အခဲရှိသည့် အာမခံအလုပ်သမားအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ရွေ့လျားဆေးကုသယာဉ်(Mobile Medical Unit-MMU)ဖြင့် စက်ရုံ၊ အလုပ်ရုံအရောက် ကွင်းဆင်းဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုနှင့်ဆေးကုသမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် မြို့နယ်လူမှုဖူလုံရေးဆေးခန်း၊ တာဝန်ခံဆရာဝန်များက လုပ်ငန်းခွင်အရောက် ကွင်းဆင်းဆေးကုသမှုပေးခြင်းအပြင် အထူးကုဆရာဝန်ကြီးများကလည်း ကွင်းဆင်း ဆေးကုသမှုပေးအပ်လျက်ရှိကြောင်း သိရသည်။

### ငွေကြေးအကျိုးခံစားခွင့်

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို စတင် အကောင်အထည်ဖော်ချိန်မှစ၍ ယနေ့အထိ လူမှုဒုက္ခများနှင့် ကြုံတွေ့ရသည့် အာမခံအလုပ်သမားများ၏ အမှုတွဲပေါင်း ၅၄၁၄၉၅ မှုအတွက် ငွေကြေး အကျိုးခံစားခွင့်အဖြစ် ငွေကျပ်သန်းပေါင်း ၂၁၂၇၂ ဒသမ ၆၂ ကျပ်သန်းကို ထောက်ပံ့ပေးပြီးဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ထောက်ပံ့ပေးရာတွင် လူမှုဖူလုံရေးအဖွဲ့သည်အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုသာမက ဆေးကုသမှုကုန်ကျစရိတ်များကိုလည်း ပြန်လည်ပေးအမ်းလျက်ရှိကြောင်း သိရသည်။ ဥပမာအားဖြင့် အာမခံအလုပ်သမား တစ်ယောက်သည် နှလုံးခွဲစိတ်ကုသမှုခံယူရန် လိုအပ်ပါက နှလုံးခွဲစိတ်မှုအတွက် ကျပ်သိန်း ၂၀ တိတိ တစ်လုံးတစ်ခဲတည်း ခွင့်ပြုထောက်ပံ့ပေးနိုင်ခဲ့ကြောင်းသိရသည်။ ထို့အပြင် နှလုံးခွဲစိတ်ကုသမှုမတိုင်ခင်ကာလများတွင်လည်း ဆေးဖိုးကုန်ကျစရိတ်များကို ထုတ်ပေးနိုင်ခဲ့ပြီး နှလုံးခွဲစိတ်ကုသပြီးသည့်နောက်တွင် ဆက်လက်ကုသမှုခံယူရန် လိုအပ်ပါက ကုန်ကျစရိတ်ရှိလာလျှင်လည်း သတ်မှတ်ရာခိုင်နှုန်းဖြင့် ပြန်လည်ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

အလားတူ အသည်းရောဂါစီပိုးဖြစ်ပွားသူများကိုလည်း ဆေးကုသမှုခံယူသည့်အခါ ဆေးဖိုးပြန်လည်ပေးအမ်းခြင်းကို ရာခိုင်နှုန်းဖြင့် ပြန်လည်ထုတ်ပေးနေပြီး ကျောက်ကပ်ရောဂါဝေဒနာရှင်များ၊ ကင်ဆာရောဂါဝေဒနာရှင်များ၏ ဆေးဝါးကုသမှု ကုန်ကျစရိတ်များကို ပြန်လည်ခွင့်ပြုပေးနေကြောင်းလည်း သိရှိရသည်။ တီဘီရောဂါလူနာများအတွက်လည်း လုပ်ငန်းခွင်ဝင်ရောက်နိုင်ခြင်းမရှိပါက လူမှုဖူလုံရေးအဖွဲ့မှ ဆေးလက်မှတ်ဖြင့် အများဆုံးခြောက်လအထိ ဆေးခွင့် ရရှိခံစားနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူမှုဖူလုံရေးအဖွဲ့သည် အာမခံ အလုပ်သမားများ အလုပ်မလုပ်နိုင်သည့်အတွက် ဝင်ငွေအစားထိုးရရှိစေရန် ဆေးခွင့်ခံစားချိန်တွင် လုပ်ခလစာ၏ ၆၀ ရာခိုင်နှုန်းကို အကျိုးခံစားခွင့်အဖြစ် ထောက်ပံ့ပေးလျက်ရှိကြောင်းသိရသည်။

### လူမှုဖူလုံရေးနှင့် မီးဖွားခွင့်အကျိုးခံစားမှု

လုပ်ငန်းခွင်အတွင်း အမျိုးသမီးအလုပ်သမားများ၏ မီးဖွားခွင့်နှင့်မီးဖွားစရိတ်များ ရရှိမှုသည်လည်း အလွန်အရေးကြီးသဖြင့် လူမှုလူဖူလုံရေးအဖွဲ့မှ အမျိုးသမီးအလုပ်သမားများအတွက် မီးဖွားခွင့်များနှင့် မီးဖွားစရိတ်များကို ဥပဒေနှင့်အညီ ခွင့်ပြုထုတ်ပေးလျက်ရှိသည်။ ဥပမာအားဖြင့် လစာကျပ်သုံးသိန်းရရှိသည့် အမျိုးသမီးအာမခံ အလုပ်သမားတစ်ဦးသည် မီးဖွားခွင့်ရက်ပြည့် ခံစားနိုင်ခဲ့ပါက မီးဖွားမှု အကျိုးခံစားခွင့်နှင့် မီးဖွားစရိတ် စုစုပေါင်း ကျပ် ရှစ်သိန်းကျော်အထိ လူမှုဖူလုံရေး အကျိုးခံစားခွင့်ကို ရရှိမည်ဖြစ်သည်။

### ကျန်ရစ်သူအကျိုးခံစားခွင့်

အာမခံအလုပ်သမားများ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးခဲ့ပါကလည်း နာရေးစရိတ် ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း သိရှိရသည်။ ဥပမာအနေဖြင့် အာမခံအလုပ်သမားသည် ၂၀၁၄ ခုနှစ်ကတည်းက ထည့်ဝင်ကြေးပေးသွင်းထားခဲ့သူဖြစ်ပြီး လစာကျပ် သုံးသိန်း ရရှိခဲ့သူတစ်ဦးဖြစ်ပါက ၎င်း၏ ကျန်ရစ်သူမိသားစုအား နာရေးစရိတ်အဖြစ် ကျပ် ၁၁ သိန်းကျော်ကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုကဲ့သို့ပင် လစာကျပ် သုံးသိန်းဖြင့် အာမခံထည့်ဝင်ကြေးပေးသွင်းထားသည့်အာမခံအလုပ်သမားတစ်ယောက်သည် လုပ်ငန်းခွင်တွင် ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားပြီး သေဆုံးသွားခဲ့ပါကလည်း နာရေးစရိတ်ကျပ် ၁၁ သိန်းကျော်အပြင် ကျန်ရစ်သူ အကျိုးခံစားခွင့်အဖြစ် အာမခံအလုပ်သမားရရှိသည့် လုပ်ခလစာ၏အဆ ၃၀ ဖြစ် သော ကျပ်သိန်း ၉၀ ကိုလည်း မိသားစုကိုထောက်ပံ့ ပေးသွားမည်ဖြစ်သည်။ ထိုသို့ ထောက်ပံ့ပေးခြင်းမှာ သေဆုံးသွားသော အာမခံအလုပ်သမား၏ ကျန်ရစ်သူမိသားစုအတွက် လူမှုဖူလုံရေးအဖွဲ့မှ ထောက်ပံ့ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

### လုပ်ငန်းခွင်ထိခိုက်မှုအကျိုးခံစားခွင့်

အချို့သော အာမခံအလုပ်သမားများသည် ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရရှိပြီး ခြေချောင်း၊ လက်ချောင်းများ ဆုံးရှုံးသွားသည့်အခါ လုပ်အားဆုံးရှုံးမှု သတ်မှတ်ပြီး လုပ်အားဆုံးရှုံးမှုရာခိုင်နှုန်းအလိုက် အာမခံအလုပ်သမားများကို အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်သည်။ ဤသို့ထောက်ပံ့သည့်အခါတွင်လည်း ဥပမာအားဖြင့် ကိုယ်ခန္ဓာ ၈၀ ရာခိုင်နှုန်း လုပ်အားဆုံးရှုံးမှုဖြစ်ပေါ်သည့် အလုပ်သမားတစ်ယောက်ကို လူမှုဘဝလုံခြုံစွာ အခက်အခဲမရှိ ဆက်လက်နေထိုင်နိုင်ရန် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့် တစ်လုံးတစ်ခဲတည်း ကျပ် ၁၈၁ သိန်းကျော်ကို လူမှုဖူလုံရေးအဖွဲ့မှ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ၁၀၀ ရာခိုင်နှုန်း လုပ်အားဆုံးရှုံးသွားသူဖြစ်သည့်အပြင် ဘေးမှ တစ်ဦးတစ်ယောက်၏ ကူညီစောင့်ရှောက်မှုရယူရန် လိုအပ်သူဖြစ်ပါက ကူညီပေးသူအတွက် ၁၀ ရာခိုင်နှုန်းကို ထပ်ဆောင်းထောက်ပံ့ပေးလျက်ရှိသည့်အတွက် အလုပ်သမားတိုင်း လူမှုဖူလုံရေးအာမခံထားရှိကြရန် လိုအပ်ပြီး မိမိထားရှိသည့် လူမှုဖူလုံရေးအကြောင်းအရာများကိုလည်း သိရှိနိုင်ကြရန် ကြိုးပမ်းခြင်းဖြင့် လူမှုဖူလုံရေးခံစားခွင့်များကို ရယူနိုင်ကြမည်ဖြစ်သည်။

### လူမှုဖူလုံရေးအဖွဲ့နှင့် ပြုပြင်ပြောင်းလဲရေး

ယခုအခါ လူမှုဖူလုံရေးအဖွဲ့သည် အကျုံးဝင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပိုမိုထိရောက် ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး ပြင်ပလူနာဝန်ဆောင်မှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကိုဝယ်ယူသည့် Provider Purchaser Split စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲခြင်းနှင့် ငွေပေးချေမှုကို နိုင်ငံတကာလူမှုဖူလုံရေးအာမခံစနစ်များတွင် အသုံးပြုအောင်မြင်နေသည့် ငွေပေးချေမှုစနစ်များအနက် Capitation စနစ်ဖြင့် စတင်ကျင့်သုံးမည့် Pilot Project ကို မြိတ်မြို့၊ တောင်ကြီးမြို့နှင့် မြစ်ကြီးနားမြို့များတွင် ၂၀၁၈ ဧပြီ ၃၀ ရက်မှ စတင်၍ စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ရန်ကုန်မြို့၊ မန္တလေးမြို့နှင့်ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း တိုးချဲ့ဖွင့်လှစ်နိုင်ရန်ဆောင်ရွက်နေကြောင်း သိရှိရသည်။

ဆောင်ရွက်ချက်များအပြင် လူမှုဖူလုံရေးအဖွဲ့၏ ပင်မလုပ်ငန်းစဉ် ငါးရပ်ကို ပိုမိုပီပြင်စွာဆောင်ရွက်နိုင်စေရန် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကိုလည်း ဆက်တိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။ ယင်းလုပ်ငန်းစဉ်များမှာ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍပြုပြင်ပြောင်းလဲခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုပေးသည့် ကဏ္ဍအတွက် ပြုပြင်ပြောင်းလဲခြင်း၊ ဥပဒေရေးရာကဏ္ဍအတွက် ပြုပြင်ပြောင်းလဲခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာကဏ္ဍပြုပြင်ပြောင်းလဲခြင်းများကိုလည်း ပြည်တွင်းပြည်ပပညာရှင်များနှင့် ပူးပေါင်းကာ စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

လူမှုဖူလုံရေးသည် အလုပ်သမားများအတွက် ကိုယ်စားပြုပြီး အားကိုးအားထားရာ ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်မှုပင်မအရင်းအမြစ်ကြီးတစ်ခုဖြစ်လာမှသာ အလုပ်သမားများအတွက် အလုပ်လုပ်ကိုင်ရာတွင် ပိုမိုအားရကျေနပ်ဖွယ် ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် အလုပ်သမားများကလည်း မိမိတို့လစဉ် ထည့်ဝင်ကြသည့် လူမှုဖူလုံရေးအာမခံကြေးများကို ထည့်ဝင်သည့်နည်းတူ မိမိတို့ရရှိနိုင်ကြသည့် အခွင့်အရေးများ၊ အစီအစဉ်များအတွက်လည်း ကြိုတင်လေ့လာခြင်းတို့ကို လူမှုဖူလုံရေး ဌာနများအားလုံးတွင် မေးမြန်းစုံစမ်းနိုင်ပြီး အလုပ်သမားများအားလုံး လူမှုဘဝများ မြင့်မားရေးနှင့် ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ပိုမိုအားကိုးအားထားပြုနိုင်ပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# တံတားကြီးများ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**တံတားကြီးများ ဥပဒေကြမ်း**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်)**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို တံတားကြီးများဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဒေသဆိုင်ရာအစိုးရအဖွဲ့**ဆိုသည်မှာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ဆောက်လုပ်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာနကတံတားကြီးများနှင့် စပ်လျဉ်း၍ တာဝန်ပေးအပ်ထားသည့် ဦးစီးဌာနကို ဆိုသည်။

(စ) **တံတားကြီး**ဆိုသည်မှာ ဝန်ကြီးဌာနက တည်ဆောက်ထိန်းသိမ်းထားသည့် ပေ ၁၈၀ နှင့်အထက် မြစ် သို့မဟုတ် ချောင်းကူးတံတား၊ ခုံးကျော်တံတားနှင့် မိုးပျံတံတားတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် တံတားကြီးဖြစ်သည်ဟု ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် တံတားများလည်း ပါဝင်သည်။

(ဆ) **တိရစ္ဆာန်**ဆိုသည်မှာ အိမ်မွေးတိရစ္ဆာန်များနှင့် တောရိုင်းတိရစ္ဆာန်ကို ဆိုသည်။

(ဇ) **မော်တော်ယာဉ်** ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ စွမ်းအင်တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍ လမ်းနှင့် တံတားများပေါ်တွင် မောင်းနှင်သွားလာနိုင်သည့်ယာဉ်ကို ဆိုသည်။

(ဈ) **ရထား**ဆိုသည်မှာ တွဲများချိတ်ဆက်ထားရှိသော သို့မဟုတ် ချိတ်ဆက်ထားခြင်းမရှိသော စက်ခေါင်း သို့မဟုတ် နောက်တွဲယာဉ် ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သံလမ်းပေါ်မှ အလွယ်တကူ ဖယ်ရှားခြင်း မပြုနိုင်သော သံလမ်းပြေးယာဉ်ကဲ့သို့သော စက်တပ်ယာဉ်ကို ဆိုသည်။

(ည) **အနေးယာဉ်** ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းပေါ်တွင် သွားလာခွင့်ရှိသည့် စက်ဘီး၊ တိရစ္ဆာန်ဆွဲလှည်း၊ လက်တွန်းလှည်း၊ လက်ဆွဲလှည်း၊ ဘေးတွဲ သို့မဟုတ် နောက်တွဲဆိုက်ကား အစရှိသည်တို့ကို ဆိုသည်။

(ဋ) **စက်ယန္တရား** ဆိုသည်မှာ မြေထိုးစက်၊ မြေတင်စက်၊ မြေညှိစက်၊ မြေတူးကော်စက်၊ လမ်းကြိတ်စက်၊ တုန်ခါလမ်းကြိတ်စက်၊ မြေသိပ်သည်းစက်၊ မြေသယ်စက်၊ ကျောက်ခွဲစက်၊ သစ်လုံးတင်စက်၊ ဝန်ချီစက် ၊ဝန်မစက်၊ ကွန်ကရစ်သယ်ယာဉ်၊ နိုင်လွန်ကတ္တရာခင်းစက် အစရှိသည့် ယာဉ်တွင် တပ်ဆင်ထားသောဘီးကိုဖြစ်စေ၊ ချိန်းကြိုးကိုဖြစ်စေ၊ တလိမ့်ကို အသုံးပြု၍ ဖြစ်စေ၊ စက်စွမ်းအားဖြင့် လွတ်လပ်စွာ ရွေ့လျားမောင်းနှင်နိုင်သည့် စက်ယန္တရားများကို ဆိုသည်။

(ဌ) **ရေယာဉ်** ဆိုသည်မှာခရီးသည်ကို ဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ရေကြောင်း၌ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော စက်တပ်ရေယာဉ် သို့မဟုတ် စက်မဲ့ရေယာဉ် တစ်မျိုးမျိုးကို ဆိုသည်။

(ဍ) **တံတားချဉ်းကပ်လမ်း** ဆိုသည်မှာ တံတားကြီးနှင့် တစ်ဆက်တည်းဆက်စပ်လျက်ရှိပြီး လမ်းမကြီးနှင့် တံတားဆက်စပ်ထားသည့် လမ်းအစိတ်အပိုင်းကို ဆိုသည်။

(ဎ) **တံတားခံနိုင်ဝန်** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်ခွင့်ပြုထားသည့် ယာဉ် နှင့် ကုန် စုစုပေါင်း အလေးချိန်ကိုဆိုသည်။

(ဏ) **တံတားကြီးနယ်နိမိတ်**ဆိုသည်မှာ တံတားကြီးအသစ်တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရန် ဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ထားသည့် (ကုန်း+ရေ)နယ်နိမိတ်ကို ဆိုသည်။

(တ) **တံတားဆိုင်းဘုတ်** ဆိုသည်မှာ တံတားချဉ်းကပ်လမ်းနှင့် တံတားကြီးတွင် မော်တော်ယာဉ်နှင့် လူများအတွက် ဖော်ပြထားသည့် လမ်းညွှန်ဆိုင်းဘုတ်၊ ခွင့်ပြုမိုင်နှုန်းနှင့် တံတားခံနိုင်ဝန်ဆိုင်းဘုတ်၊ အန္တရာယ်အသိပေးဆိုင်းဘုတ်၊ တံတားအောက်မှ ဖြတ်သန်းမည့် ရေယာဉ်များအတွက် ရေလမ်းကြောင်းပြလမ်းညွှန်ဆိုင်းဘုတ် စည်းကမ်းတကျ မောင်းနှင်သွားလာနိုင်ရေးအတွက် တားမြစ်ဆိုင်းဘုတ်ကို ဆိုသည်။

(ထ) **တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်း** ဆိုသည်မှာ တံတားကြီးတည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အစဉ်အမြဲထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေစိုက်သော စခန်းကိုဆိုသည်။

(ဒ) **တံတားကြီး အင်္ဂါရပ်များ**ဆိုရာတွင် တံတားကြီးတွင်ပါဝင်သည့် တံတားကမ်းကပ်ခုံ၊ ရေလယ်တိုင်၊ အပေါ်ထည်ယာဉ်သွားလမ်းနှင့် လူသွားလမ်း၊ လျှပ်စစ်ဆိုင်ရာပစ္စည်း၊ တံတားဆိုင်းဘုတ်၊ သတိပေးခြင်းဆိုင်ရာ အီလက်ထရွန်နစ်ကိရိယာ၊ တံတားပေါ်မှ ဖြတ်သွားသော ရထားလမ်း၊ တံတားအထောက်အကူပြု တံတားထိန်းသိမ်းရေးစခန်း၊ တံတားအကာအကွယ်၊ တံတားအသုံးပြုခ ကောက်ခံသည့်စခန်း၊ အုပ်ချုပ်မှုနှင့် တည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေးစခန်းတို့ ပါဝင်သည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တံတားကြီးအသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ လူနှင့်မော်တော်ယာဉ်၊ ရထားစသည်တို့ တံတားပေါ်အသုံးပြုမှုကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ တံတားအသုံးပြုခ ကောက်ခံခြင်းတို့ကို စနစ်တကျဆောင်ရွက်နိုင်ရန်၊

(ခ) တံတားကြီးကို အသုံးပြုသူများလုံခြုံစိတ်ချပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် တံတားထိန်းသိမ်းရေး၊ ခိုင်ခန့်မှုနှင့် သက်ဆိုင်သော ကိစ္စများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်၊

(ဂ) တံတားကြီးကို အသုံးပြုရာတွင် လုံခြုံစိတ်ချ၍ ဘေးအန္တရာယ်ကင်းစွာ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ်သက်သာကာ နိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊

(ဃ) တံတားကြီးကို အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ရေရှည်အသုံးပြုနိုင်ရန် ထိန်းသိမ်းခြင်းတို့ဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်စေရန်။

**အခန်း(၃)**

**ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၄။ ဝန်ကြီးဌာနသည် တံတားကြီးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံစိတ်ချရစေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများချမှတ်ခြင်း၊

(ခ) တံတားကြီးအသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တည်ဆောက်ပြီးတံတားများ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်းတို့အတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းများနှင့် အထူးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် တံတားကြီးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဆောက်လုပ်ခြင်း၊ထိန်းသိမ်းခြင်း၊

(ဃ) တံတားကြီးဆိုင်ရာ စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) တံတားကြီးအသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ တံတားအသုံးပြုမှုအတွက် စည်းကမ်းထိန်းသိမ်းခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်း၊ အခြားလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဦးစီးဌာနကို လမ်းညွှန်ခြင်း၊

(စ) တံတားကြီးအသစ်တည်ဆောက်ခြင်း၊အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ စံချိန်စံညွှန်းနှင့် စည်းမျဉ်းသတ်မှတ်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအပါအဝင် တံတားကြီးများဆိုင်ရာ ကိစ္စရပ်များတွင် ဆက်စပ်သော အခြားဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာ၊ နိုင်ငံအချင်းချင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) တံတားကြီးအသုံးပြုရာတွင် လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) တံတားကြီး၏ အမည်သတ်မှတ်ခြင်း၊ ပြောင်းလဲခြင်းကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဈ) အစိုးရအဖွဲ့က ပေးအပ်သည့် တံတားကြီးဆိုင်ရာ အခြားလုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၅။ ဝန်ကြီးဌာနသည် ဤဥပဒေကို အကောင်အထည်ဖော်ရန် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်-

(က) တံတားကြီး နယ်နိမိတ်၊ တံတားအမည်၊ တံတားအမှတ်၊ တံတားကြီးတည်ရှိသည့်နေရာ၊ ချဉ်းကပ်လမ်း စတင်သည့်နေရာ၊ တံတားကြီးပေါ်သို့ဝင်ခြင်း၊ တံတားကြီးပေါ်မှထွက်ခြင်း၊ ဆက်သွယ် ကူးပြောင်းနိုင်သည့်နေရာ၊ တံတားအသုံးပြုခ ကောက်ခံမည့်နေရာ၊ တံတားတည်ဆောက်ရေး၊ တံတားထိန်းသိမ်းရေးစခန်းနေရာနှင့် အခြားလိုအပ်သည်တို့ကို သတ်မှတ်ကြေညာခြင်း၊

(ခ) တံတားကြီးအသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်းတို့အတွက် စီမံကိန်းများရေးဆွဲခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပကျွမ်းကျင်သူများ သို့မဟုတ် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) တံတားကြီးပြုပြင်ထိန်းသိမ်းရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ -

(၁) တည်ဆဲဥပဒေများနှင့်အညီ ပြည်တွင်း ပြည်ပအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပဋိညာဉ်ချုပ်ဆို၍ လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(၂) အနည်းဆုံး လိုအပ်သည့် မြေယာသိမ်းယူခြင်း၊ အဆောက်အအုံဖယ်ရှားခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(၃) ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာဖလှယ်ခြင်း၊ ချေးငွေနှင့်အထောက်အပံ့ အကူအညီရရှိရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊

(၄) ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးသက်ရောက်မှုများကို သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ဆန်းစစ်စေခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၅) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(င) တံတားကြီးပေါ်ဖြတ်သန်း၍ ရေနံနှင့် ဓာတ်ငွေ့ပိုက်၊ ရေပိုက်၊ လျှပ်စစ်မီးကြိုး၊ ဆက်သွယ်ရေးလိုင်း တစ်စုံတစ်ရာ ဆောက်လုပ်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(စ) တံတားကြီးနယ်နိမိတ်အတွင်း အဆောက်အအုံ၊ တာဝါတိုင်၊ မြေအောက် ပိုက်လိုင်း၊ ဆက်သွယ်ရေးဆိုင်ရာ ကြိုးလိုင်းများ ဆောက်လုပ်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ဆ) တံတားကြီး၏ရေဆန်ဘက်နှင့် ရေစုန်ဘက်တွင် သတ်မှတ်ထားသော အကွာအဝေးအတွင်း တံတား၏ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သော သဲ၊ ကျောက်စရစ်တူးဖော်ခြင်း၊ ရေယာဉ်ဆိပ်ကမ်းအဖြစ် အသုံးပြုခြင်း၊ ဘေးဖြစ်စေတတ်သော စက်သုံးဆီ၊ ဓာတုဗေဒပစ္စည်းများ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန်ငြင်းပယ်ခြင်း၊

(ဇ) တံတားကြီးဆိုင်ရာ ကိစ္စရပ်များတွင် ဒေသဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ အဆင့်တို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း။

**အခန်း(၄)**

**ဦးစီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆။ ဦးစီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်းလမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာနက ချမှတ်ထားသည့်မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာနကို တာဝန်ခံခြင်း၊

(ခ) တံတားကြီး အသစ်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ အလေးချိန် ကတ္တားတပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ နှစ်တို နှစ်ရှည်စီမံချက်များ၊ ဘဏ္ဍာရေးနှင့်လုပ်ငန်း အစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) တံတားကြီးဆိုင်ရာ စီမံကိန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) တံတားကြီးနယ်နိမိတ်အတွင်းနှင့် တံတားကြီးများပေါ်တွင် ဘေးအန္တရာယ်ကင်းရှင်းစေရေး စီစဉ်ဆောင်ရွက်ခြင်း၊

(င) သက်ဆိုင်ရာတံတားကြီး တံတားအသုံးပြုခ နှုန်းထားများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# မန်းရွှေစက်တော် လှေတင်တံတားအနောက်ထိပ်က ကြိုလင့်နေသော ရွှေသမင်ကလေးများ

**ဇွဲထက်ရှင်**



အပူရှိန်ပြင်းသည့် နေရောင်ကို အန်တု၍ အရွက်ခါပြီး ရိုးတံကျဲကျဲတွင် တက်သစ်စရွက်နုများ စိမ်းစိမ်းနုနုကို တချို့အပင်များအား တွေ့မြင်ရသည်။ လမ်းဘေး ဝဲယာတစ်လျှောက်တွင် ကြိုးကြား ကြိုးကြား "တောမီးမရှို့ရ တွေ့ရှိပါက သစ်တောဥပဒေနှင့် အရေးယူမည်" ဟူသော ဆိုင်းဘုတ်များကို တွေ့မြင်ရသည့် မန်းရွှေစက်တော်သွားရာလမ်း၌ ဖြစ်သည်။

## ရွှေသမင်ခြံ

မန်းရွှေစက်တော် လှေတင်တံတားကြီးကို ကျော်လိုက်သည်နှင့် အသွားလမ်း၏ ညာဘက်တွင် ရှိသော ရွှေသမင်ခြံကို တွေ့မြင်ရမည် ဖြစ်သည်။

ရှင်မဟာရဋ္ဌသာရက ရွှေစက်တော်သွား (တောလား) ကို "တောကြက်တွန်မြူး၊ ကျေးငှက်ကူး၍ သံကြူးပြိုင်စည်၊ စက်ရိပ်လည်လျက် နေခြည်ဝင်မြောက်၊ ဆည်းစျာရောက်သော် မျောက်က ကြိုးခွေ၊ ဒေါင်း အိုးဝေနှင့် သံခြေကြွေးကြော်၊ ဖိုမခေါ်လျက် တောက်ကျော်တွန်သွား၊ ငှက်ငန်းလည်း တောဖျားမြိုင်ချောက်၊ ပင်ရိပ်အောက်တွင် သေသောက်ကြူးငှက်၊ သေ တလျက်တည့်။

"တောင်ထက်ကျူးမြည်၊ ဝန်တင်သည်လည်း ထိုးမည်စောင်စောင်၊ တောကောင်ပျော်မွေ့ ခလေ့ဖိုးခေါင်၊ ခေါ်ယောင်ဖန်များ တောလုံးကြားအောင်၊ ကျားကရုတ်ရုတ် သံကြုတ်ကြုတ်နှင့်၊ သစ်ကျုတ်ပြေးလွှား ကြောင်ဖားပြေးခုန်၊ စွေ့ယုန်ပြေးသန်း နွယ်တန်းကိုလျှောက်၊ သစ်တောက်ငှက်တော် သံကြော်ဆက်ရက်၊ မြီးယှက်ဖားဖား ခွေးကျားခွေးရွှေ၊ ဝံပုလွေနှင့် ချေကလည်းဟောက်၊ တောက်သည့်သမင် တောဝန်းကျင်၌၊ ဆင်ကကျိုးကျည် ပျော်ဘွယ်စည်သည် လေပြည် ပျံ့ပျံ့ပျူးပျူး တည်း" ဟူ၍ စပ်ဆိုခဲ့သည်။

ဗုဒ္ဓစက်တော်ရာ နှစ်ဆူကိန်းဝပ်စံပယ်ရာ မန်းရွှေစက်တော်ဘေးမဲ့တောကို ၂၉-၆-၁၉၄၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မင်းဘူး (စကု) မြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ငဖဲမြို့နယ်၊ စေတုတ္တရာမြို့နယ် အထူးသဖြင့် (မုန်းချောင်း၊ မန်းချောင်း) ကြား မြို့နယ်လေးခု ပါဝင်တည်ထောင်ထားသည်။

## ရွှေသမင်ဟု ခေါ်ဝေါ်

အကျယ်အဝန်းအားဖြင့် ဘေးမဲ့တော အဓိကနယ်မြေ ၁၇၉ ဒသမ ၂၅ စတုရန်းမိုင်နှင့် ဘေးမဲ့တော ကာကွယ်တော နယ်မြေ ၁၀၀ ဒသမ ၆ စတုရန်းမိုင် စုစုပေါင်း ၂၇၉ ဒသမ ၈၅ စတုရန်း မိုင်ရှိပြီး ဝက်ဝံ၊ ကျား၊ ကျားသစ်၊ မျောက်၊ ချေ၊ တောဝက်၊ တောကြောင်၊ ရွှေသမင်နှင့် ငှက်အမျိုးပေါင်း ၁၀၃ မျိုးအပြင် ကြယ်လိပ် (သို့မဟုတ်) ဆီကျိုလိပ် (သို့မဟုတ်) ပင့်ကူလိပ်တို့ကို တွေ့ရှိရသည်ဟု မန်းရွှေစက်တော် ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

မြန်မာအမည်မှာ ရွှေသမင်ဟု ခေါ်ဝေါ်၍ အင်္ဂလိပ်အမည်မှာ Brown Antlered Deer ဟု ခေါ်ဆိုကြသည်။ ဖေဖော်ဝါရီလမှ ဧပြီလအထိ မိတ်လိုက်ကြပြီး သမင်မများသည် ရှစ်လ ကိုယ်ဝန်လွယ်ထားကာ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သားပေါက်ကြပြီး တစ်ခါသားပေါက်လျှင် တစ်ကောင်နှုန်းသာ သားပေါက်၍ သက်တမ်းမှာ အနှစ် ၂၀ မှ ၂၅ နှစ်မျှသာဖြစ်သည်။ ယင်းရွှေသမင်များသည် မကွေးတိုင်းဒေသကြီး ရွှေစက်တော်ဘေးမဲ့တောနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချပ်သင်းဘေးမဲ့တောတို့တွင် တွေ့ရှိရသည်။

မန်းရွှေစက်တော် ရွှေသမင်ထိန်းသိမ်းရေး ဝန်ထမ်းတစ်ဦးက "ကျွန်တော်က ရွှေသမင်ထိန်းသိမ်းရေးခြံကို ရောက်တာ နှစ်နှစ်ရှိပြီ၊ ဒီနှစ်မှာ ရွှေသမင်က ခြောက်ကောင်တိုးတယ်၊ သမင်မတွေနဲ့ သားငယ်တွေက စုပေါင်းနေပြီး သမင်ထီးက သီးခြားနေတယ်၊ အခုလက်ရှိ ရွှေသမင်ပေါင်း အကောင် ၂၀ ရှိတယ်၊ ဟိုတလောတုန်းက ကျန်းမာရေးကြောင့် ရွှေသမင်တစ်ကောင် ဆုံးသွားတယ်" ဟု ပြောသည်။

## အောင်မြင်လျက်ရှိ

မန်းရွှေစက်တော်ရှိ ရွှေသမင်ဘေးမဲ့တော ဥယျာဉ်ကို ၂၅.၂.၂၀၁၃ ခုနှစ်က ၂ ဒသမ ၄ ဧက အကျယ်အဝန်းဖြင့် စတင်တည်ထောင်ခဲ့ပြီး အထီး ငါးကောင်၊ အမ ရှစ်ကောင်၊ လွှဲပြောင်းကောင်ရေ အထီးတစ်ကောင်နှင့် အမတစ်ကောင် ရှိခဲ့သည်။ ယခုလက်ရှိအခြေအနေတွင် အထီး ခြောက်ကောင်၊ အမ ၁၄ ကောင်ရှိပြီး ငါးကောင်တိုးသည်ဟု သိရသည်။

သမင်ဖိုများသည် တစ်ကောင်တည်း နေထိုင်စားသောက်သော်လည်း မိတ်လိုက်ချိန်တွင် အဖိုအမတွဲလျက် ရေမသောက်ဘဲနှင့် ရက်အကြာကြီး နေနိုင်၍ တစ်နှစ်လျှင် တစ်ကြိမ်မျှ ဦးချိုချလေ့ရှိသည်။ စားသောက်သော အစားအစာများမှာ ဆီးဖြူ၊ ဖန်ခါး၊ ဆီးသီး၊ ကန်စွန်းရွက်များဖြစ်ပြီး ယခုအခါ ခြံလှောင်စနစ်ဖြင့် နိုင်ငံတော်မှ စမ်းသပ်မွေးမြူရာ အောင်မြင်လျက်ရှိကြောင်း ၎င်းထံမှ သိရသည်။

"အခု မန်းရွှေစက်တော်ကို လာရောက်ဖူးမြော် ဝင်ရောက်ကြည့်ရှုကြတဲ့ ဘုရားဖူးတွေက ပန်းသီး၊ နာနတ်သီး၊ ဖရဲသီး စတာတွေ ဝယ်လာပြီး ကျွေးကြတာ၊ အစာမရွေးတော့ဘူး၊ အကုန်စားတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

## ရွှေသမင်လို့ ဘာကြောင့်ခေါ်

ရွှေစက်တော် ဘေးမဲ့တောအတွင်းတွင် မှီတင်းနေထိုင်ကြသော တိရစ္ဆာန်များမှာ မြန်မာ့ရွှေသမင်၊ ဂျီ၊ တောခွေး၊ မျောက်၊ ဆတ် အစရှိသော နို့တိုက်သတ္တဝါ ၁၄ မျိုး၊ မြွေ၊ ဖွတ်၊ လိပ် အစရှိသော တွားသွားသတ္တဝါ ၃၆ မျိုး၊ လိပ်ပြာမျိုးစိတ် ၃၉ မျိုး၊ ငှက်မျိုးပေါင်း ၁၁၃ မျိုးတို့ရှိခဲ့ပြီး ပေါက်ရောက်သော သစ်ပင်များမှာ သန်း၊ ဒဟတ်၊ ထနောင်း၊ သစ်ရာ၊ အင်ကြင်း စသည်ဖြင့် သစ်အမျိုးပေါင်း ၆၀ ကျော်၊ မျှစ်ဝါး၊ သိုက်ဝါးတို့လည်း ပေါက်ရောက်သော ရွှေစက်တော်ဘေးမဲ့တောနှင့် ဆက်စပ်သည့် ဧရိယာများတွင် သစ်ကြံပိုးခေါက်၊ ကရဝေး၊ မုဆိုးငရုတ်၊ ဝံအူ အစရှိသော ဟင်းခတ်အမွှေးအကြိုင်များနှင့် ပရဆေးပင်များအပြင် ရှားပါးလှသော တစ်ခိုင်လုံးရွှေသစ်ခွပင်များနှင့် အခြားသစ်ခွပင်များလည်း ပေါက်ရောက်သည်ကို တွေ့ရှိရကြောင်း မန်းရွှေစက်တော်ပြခန်း၌ တင်ပြထားသည်။

"ရွှေသမင်လို့ ဘာကြောင့် ခေါ်ရသလဲဆိုရင် ဒီသမင်တွေက အခြားသမင်တွေနဲ့ မတူဘူး၊ မိုးရွာလာရင် အရောင်အသွေးက သူတို့ရဲ့ ကျောပေါ်မှာ ရွှေရောင်အစက်အပြောက်ကလေးတွေ ပါတယ်၊ နေရောင်အောက်မှာကြည့်လိုက်ရင် ရွှေအိုရောင် သမ်းနေတယ်၊ အနေအထိုင်မှာလည်း တန်ဖိုးရှိရှိ ကျစ်ကျစ်လျစ်လျစ်နေတာ တွေ့ရတယ်" ဟု သမင်ခြံထိန်းသိမ်းရေးဝန်ထမ်းက ပြောပြသည်။

သမင်မျိုးစိတ်များမှာ ကမ္ဘာအနှံ့အပြားတွင် တည်ရှိ၍ သမင်မျိုးစိတ်ပေါင်း ၄၃ မျိုးရှိပြီး မြန်မာနိုင်ငံတွင် သမင်မျိုးစိတ် ရှစ်မျိုးရှိသည်ဟု သိရသည်။ မြန်မာနိုင်ငံရှိ ရွှေသမင်ကောင်ရေ ပျံ့နှံ့အခြေအနေအရ ၁၉၇၀ ပြည့်နှစ်ခန့်က အပူပိုင်းဇုန်ရှိ မြို့နယ်ပေါင်း ၃၄ မြို့နယ်တွင် သမင်ကောင်ရေ ၄၀၀၀ ခန့်ရှိခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၏ မှတ်တမ်းအရ ၂၂၀၀ ခန့် ကျန်ခဲ့သည်။ ၁၉၉၇ ခုနှစ် သစ်တောဦးစီးဌာန၏ ပြန်လည်ဆန်းစစ်ချက်အရ မြို့နယ်ပေါင်း ၂၃ မြို့နယ်တွင်လည်းကောင်း၊ ၂၀၀၃ ခုနှစ် သစ်တောဦးစီးဌာန၏ မှတ်တမ်းအရ မြို့နယ်ပေါင်း ၁၈ မြို့နယ်တွင်လည်းကောင်း၊ ၂၀၀၇ ခုနှစ် မှတ်တမ်းအရ စလင်းမြို့နယ်တွင်သာ ကျန်သည်ဟု သိရသည်။

အဆိုပါ ရွှေစက်တော်ဘေးမဲ့တောမှ နိုင်ငံတော်အတွက် စီးပွားဖြစ်မဟုတ်သည့်တိုင် မိသားစု တစ်နိုင်တစ်ပိုင်စီးပွားအဖြစ် ရေနံ၊ ကျောက်မီးသွေး၊ လချေးကျောက်များနှင့် လမ်းခင်းကျောက်များကို တူးဖော်ရရှိသေးသည်။ လူသားတို့သည် ပရဆေးဖော်စပ်ရန်၊ အသားစားသောက်ရန် အကြောင်းအမျိုးမျိုးပြ၍ စည်းကမ်းမဲ့စွာ ပစ်ခတ်ဖမ်းဆီး သတ်ဖြတ်ကြသဖြင့် အဖိုးတန် ရှားပါးတိရစ္ဆာန်များသည် လည်းကောင်း၊ ထင်းခုတ်၊ သစ်ခုတ်၊ ယာခုတ်၊ မီးသွေးဖုတ်၊ တောမီးရှို့ စသည့်အလုပ်များ ပြုလုပ်ကြသဖြင့် ယခုအခါ မြန်မာနိုင်ငံ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် နေ့ညမပျက် ဘေးမဲ့တောများနှင့် ကာကွယ်တောများအား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။ ထိုကဲ့သို့ ကာကွယ်စောင့်ရှောက်ရာတွင် ရွှေသမင်နှင့် ကြယ်လိပ်တို့က အလွန်အင်မတန် ရှားပါးနေပြီဖြစ်သည်ဟု စာရေးဆရာ ဂျေမောင်မောင်ပြုံးစိုက ပြောသည်။

## ကြိုလင့်နေကြတော့မည်

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး (စကု) မြို့နယ် ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ၂၀၁၃ ခုနှစ်က သမင်စာရင်း ကောက်ယူချက်အရ သမင်ကောင်ရေ ၁၅၀၀ ခန့်နှင့် စစ်ကိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ၂၀၁၃ ခုနှစ် သမင်စာရင်းကောက်ယူချက်အရ သမင်ကောင်ရေ ၁၂၀၀ ခန့်ရှိသည်ဟု တင်ပြထားသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကြီးသည်လည်း မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၅ ရက်နေ့မှ ၁၃၈၀ ပြည့် မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိ ကျင်းပပြီးစီးသွားပြီဖြစ်သော်လည်း မန်းရွှေစက်တော် လှေတင်တံတားအနောက်ထိပ်မှ ရွှေသမင်ကလေးများက ကြိုလင့်နေကြတော့မည်ဖြစ်သည်။ ။

> "ရွှေသမင်လို့ ဘာကြောင့် ခေါ်ရသလဲဆိုရင် ဒီသမင်တွေက အခြားသမင်တွေနဲ့ မတူဘူး၊ မိုးရွာလာရင် အရောင်အသွေးက သူတို့ရဲ့ ကျောပေါ်မှာ ရွှေရောင်အစက်အပြောက်ကလေးတွေ ပါတယ်၊ နေရောင်အောက်မှာ ကြည့်လိုက်ရင် ရွှေအိုရောင်သမ်းနေတယ်၊ အနေအထိုင်မှာလည်း တန်ဖိုးရှိရှိ ကျစ်ကျစ်လျစ်လျစ်နေတာ တွေ့ရ"



# လဲချား၌ ဘိန်းအစားထိုးသီးနှံပင်များ ပေးအပ်ပွဲ ကျင်းပ

**လဲချား မေ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးရွာများရှိတောင်သူများထံသို့ ဘိန်းအစားထိုး သီးနှံမျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်ပွဲအခမ်းအနားကို စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ မေ ၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်တို့က ဘိန်းအစားထိုးသီးနှံမျိုးစေ့၊ ပျိုးပင်များ ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာ လေးအုပ်စုမှ ကိုယ်စားလှယ်များထံသို့ ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် ပျိုးပင်များပေးအပ်ခဲ့ရာ စပါးမျိုး (GW-1) 700 kg (ဧက ၁၀၀ စာ)၊ အစေ့ထုတ်ပြောင်း (ငါးဧကစာ)၊ ထောပတ်ပျိုးပင် တစ်အုပ်စုလျှင် (တစ်ဧကစာ) အပင် ၂၀၀ နှုန်းဖြင့် လေးအုပ်စုအတွက် အပင်ပေါင်း ၈၀၀ နှင့် ပညာပေးလက်ကမ်းစာစောင်တို့ကို ပေးအပ်ခဲ့သည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းသန်းစိန်က ဘိန်းအစားထိုးသီးနှံများအကြောင်း ပညာပေး ဆွေးနွေးခဲ့ရာ တက်ရောက်လာသူများက သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေး မေးမြန်းခဲ့ကြကြောင်း သိရသည်။

ကိုမျိုး (ရွှေပေါက်ကံ)

# မိုင်းကိုးအုပ်စုကျေးရွာ ၁၀ ရွာမှ ကျေးရွာပြည်သူများအား လူကုန်ကူးမှုအသိပညာပေးဟောပြော

**မိုင်းကိုး မေ ၁၁**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ်၊ မိုင်းကိုးအုပ်စု ဟိုရမ်း ၁ ကျေးရွာ ပြည်သူ့စစ်စခန်း၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအသိ ပညာပေးဟောပြောပွဲကို မေ ၁၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ဗီဒီယို Clip များကိုလည်းကောင်း၊ လူကုန်ကူးမှု အင်္ဂါရပ် ၃ ရပ်၊ ဖော်ထုတ်ခဲ့သည့် ဖြစ်စဉ်တူ မှုခင်းများနှင့် ယှဉ်တွဲကာ ရှင်းလင်းပြသသည့် ဖြစ်စဉ်များကို လည်းကောင်း၊ ကလေးသူငယ် အဓမ္မပြုကျင့်ခံရမှု ကူညီဖော်ထုတ်ခဲ့သည့်ဖြစ်စဉ်များကို လည်းကောင်း၊ ဗီဇာကင်းလွတ်ခွင့်ဖြင့် ဝင်ရောက်နိုင်သည့် နိုင်ငံများနှင့် သတိမှတ်ရက်များ အကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောပွဲသို့ မိုင်းကိုးအုပ်စုရှိ ကျေးရွာ ၁၀ ရွာမှ မိဘပြည်သူများ ၂၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**

# မလှိုင်မြို့၏ နဂါးရုံဘုရား ဗုဒ္ဓခြေတော်ရာကျောင်းတိုက် မဟာဆန္ဒတော်ပြည့် ရွှေသင်္ကန်းကပ် နီးဘုရားကြီး ပင့်ဆောင်ပူဇော်မည်

**မလှိုင် မေ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ဖျောက်ဆိတ်ကျင်းအုပ်စု လက်ပံချိုင်းကျေးရွာရှိ မလှိုင်မြို့၏ အကြီးဆုံးနဂါးရုံ ဘုရားတည်ရှိရာ ခြေတော်ရာ ကျောင်းတိုက်၌ မလှိုင်မြို့၏ ပထမဦးဆုံး မဟာဆန္ဒတော်ပြည့် ရွှေသင်္ကန်းကပ် နီးဘုရားကြီးအား ပင့်ဆောင်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

မလှိုင်မြို့ လက်ပံချိုင်းကျေးရွာ ခြေတော်ရာဘုရား၌ ဘုရားခြေတော်များအား အထက်ခြေတော်ရာ အလယ်ခြေတော်ရာ အောက်ခြေတော်ရာဟူ၍ ခြေတော်ရာ သုံးခု တည်ရှိပြီး ၁၀၈ တောင်ရှိသော နမ္မဒါနဂါးမင်းမှ ဘုရားရှင်အား ဦးခိုက်ပူဇော် နေသကဲ့သို့ နတ်ချောင်း နတ်မြောင်းဟု ခေါ်တွင်သော ချောင်းသုံးချောင်းမှ ဦးခိုက် ပူဇော်နေသည်ကို တွေ့ရသည်။

အဆိုပါ ၁၀၈ တောင် နမ္မဒါနဂါးရုံ ဘုရားတည်ရာကျောင်းတိုက်၌ မလှိုင်မြို့၏ ပထမဆုံးသော အင်းဝမြို့မှ မဟာဆန္ဒတော်ပြည့် နီးဘုရားကြီးကို ၂၀၁၈ မေ ၁၈ ရက် (နယုန်လဆန်း ၄ရက်) တွင် ပင့်ဆောင်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

"အင်းဝမြို့ကနေ မေ ၁၈ ရက်နေ့မှာ စတင်ပင့်ဆောင်ပြီး မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးမှာ ရင်ငွေ့တော်ခိုလှုံပြီး မန္တလေးမြို့မှာ လှည့်လည်အပူဇော်ခံပါမယ်၊ မေ ၁၉ရက် (နယုန်လဆန်း ၅ရက်) မွန်းလွဲ တစ်နာရီလောက်မှာ မလှိုင်မြို့ကို ရောက်ပါမယ်၊ အဲဒီအချိန်မှာ မလှိုင်မြို့အဝင် မောင်းတံဂိတ် လမ်းဆုံကနေ မဟာဆန္ဒတော်ပြည့်နီးဘုရားကြီးကို ရဟန်းသံဃာတွေ သီလရှင်တွေ ဘုရားဒါယကာ ဒါယိကာမတွေ မြို့နယ်အသီးသီးက ရောက်လာတဲ့ သာသနာ့ဆွေတော် မျိုးတော်တွေ ဝိုင်းဝန်းကြိုဆိုပင့်ဆောင် ပူဇော်ဖို့ စီစဉ်ထားပါတယ်၊ မေ ၂၀ (နယုန်လဆန်း ၆ရက်) နေ့မှာ ဘုန်းကြီးရဲ့နှစ် ၅၀ ပြည့် အထိမ်းအမှတ် ရွှေရတုဂုဏ ပူဇာမင်္ဂလာ ကျင်းပသွားမှာပါ"ဟု ခြေတော်ရာ ကျောင်းတိုက်ဆရာတော် နယ်လှည့်သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ မေတ္တာရှင် ဘဒ္ဒန္တ နန္ဒဝံသက မိန့်ကြားသည်။

"ဗုဒ္ဓါဘိသေက မင်္ဂလာနဲ့ စုပေါင်းကံထပ်ခြင်းမင်္ဂလာ အဖြစ် ရွှေရတုဂုဏ ပူဇာမင်္ဂလာ လုပ်မှာမို့ ကျွန်တော်တို့အနေနဲ့က မလှိုင်မြို့လက်ပံချိုင်းကျေးရွာ ခြေတော်ရာ ကျောင်းတိုက်ကို ၂၀၁၈ မေ ၂၀ရက်နေ့မှာ ရပ်နီးရပ်ဝေးက သာသနာ့ဆွေတော် မျိုးတော်တွေ အလှူ့ဒါယကာ ဒါယိကာမတွေကို လာလည်ဖို့ပဲ ဖိတ်ခေါ်ချင်ပါတယ်" ဟု အလှူ့ရှင်များမှ ပြောကြားသည်။

မလှိုင်မြို့၌ ၁၀၈ တောင်ရှိသည့် အကြီးမားဆုံးသော နဂါးရုံဘုရားတွင် ပထမဦးဆုံးအဖြစ် ရွှေသင်္ကန်းကပ်ထားသည့် အင်းဝ မဟာဆန္ဒတော်ပြည့် နီးဘုရားအား ပင့်ဆောင်ပူဇော်မည်ဖြစ်သဖြင့် ရပ်ဝေးရပ်နီးမှ အလှူ့ဒါယကာ ဒါယိကာမများနှင့် ဒေသခံပြည်သူများမှ သောင်းသောင်းဖြဖြ ကြိုဆိုရန် ပြင်ဆင်ထားပြီး မြို့၏ သာသနာ ရောင်ဝါထွန်းလင်းစေသောကြောင့် ပြည်သူများ ပျော်ရွှင်စွာ စောင့်မျှော်လျက်ရှိ ကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**

# ပြင်စည်၌ ခေတ်မီစည်ပင်ဈေးသစ်ဆောက်မည်

**နွားထိုးကြီး မေ ၁၂**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ပြင်စည်မင်းသားကြီး၏ ပြင်စည် မြို့ဟောင်းတည်ရှိရာ ပြင်စည်စံပြကျေးရွာကြီး၌ သိန်း ၅၀၀၀ ကျော်တန် ခေတ်မီ ဈေးသစ်ဆောက်ရန် နွားထိုးကြီးစည်ပင်ဆိုင်ခန်းလိုချင်သူများထံမှ လျှောက်လွှာ ခေါ်ယူနေရာ လျှောက်လွှာ ၈၀ ကျော် လက်ခံရရှိနေပြီဖြစ်ကြောင်း မြို့စည်ပင်ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က ပြောသည်။ ဆိုင်ခန်းဈေးမှာ ပုံကျတန်းပင် သိန်း ၂၀ သတ်မှတ် ပြီး အမြင့်ဆုံးဆိုင်ခန်းမှာ ငွေကျပ် သိန်း ၁၂၀ ကျော်ရှိနေကြောင်း သိရသည်။ ဆိုင်ခန်း ဈေးမြင့် နေ၍ ဒေသခံ ဆိုင်ဖွင့်လိုသူများက ဝေဖန်မှုများ ရှိနေသည်။

"ခေတ်မီဈေးသစ်ကတော့ ဟုတ်မှာပါ၊ ဒါပေမယ့် ဒေသနဲ့ မတန်အောင်ဈေးဆိုင် ခန်းခတွေက အရမ်းများနေတယ်"ဟုလည်း ပြင်စည်ရွာမှ ဈေးသည်အချို့က ပြော သည်။ မြို့စည်ပင် ဥက္ကဋ္ဌကမူ ရေမီးအစုံ၊ ခေတ်မီကွန်ကရစ်လမ်း၊ ကွန်ကရစ်ခုံများနှင့် အဆင့်မီ ဈေးတစ်ဈေးဖြစ်ကြောင်း ပြောသည်။ ပြင်စည်ဈေးသစ်မှာ ပထမဦးဆုံး ဈေးဖြစ်ပြီး ပြင်စည်ကျေးရွာ မြောက်ဘက် ခရိုင်ချင်းဆက် ပြင်စည် - မန္တလေး လမ်း အနီး၌ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**ငွေးမြင့်မောင်**

# လေးမိုင်နီးပါးရှည်သည့် ဒလ-ခနောင် အဆင့်မြှင့် ကွန်ကရစ်လမ်းကျယ်ဖွင့်

**ဒလ မေ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ကျေးရွာနေပြည်သူတို့ဘဝကို မြှင့်တင်ပေး နိုင်မည့် လေးမိုင်နီးပါးရှည်သော ဒလ-ခနောင်ကွန်ကရစ်လမ်းကျယ်ဖွင့်ပွဲအခမ်းအနား ကို ခနောင်ကျေးရွာအုပ်စု ရှမ်းစုကျေးရွာ လမ်းဆုံထိပ်မဏ္ဍပ်၌ မေ ၁၀ ရက်က ကျင်းပ ခဲ့သည်။



အခမ်းအနားတွင် ဒလမြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး(လက်ထောက်ညွှန်ကြား ရေးမှူး)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁) ဦးထွန်းရင်နှင့် (၂) ဦးထွေး တင်တို့က အမှာစကားပြောကြားပြီး အဆိုပါလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ သောင်းသောင်း ဖြဖြ တက်ရောက်ခဲ့ကြသည်။

ခနောင်ချောင်းဝကျေးရွာမှ ကိုသီဟလွင်က "အခုဖွင့်လှစ်လိုက်တဲ့ ကွန်ကရစ်လမ်း က ကျယ်လည်းကျယ်တယ်၊ လမ်းမီးတိုင်၊ ဓာတ်ကြိုးတွေလည်း သွယ်တန်းထားပြီး သားပါ၊ တကယ်ကိုကောင်းတယ်၊ အလွန်ဝမ်းမြောက်ပီတိဖြစ်မိပါတယ်၊ ဒီဘက်မှာက လယ်လုပ်ငန်းအပြင် တံငါလုပ်ငန်းလည်း ထွန်းကားပါတယ်၊ ကားကြီး ကားငယ် အချိန်မရွေးသွားလာနိုင်တော့မှာမို့ အလွန်ကျေးဇူးတင်ပါတယ်"ဟု မုဒိတာစကား ပြောခဲ့သည်။

အဆိုပါ လမ်းကို ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေ သိန်း ၈၄၀၀ ဖြင့် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ တာဝန်ယူ၍ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစတင်ပြီး အုံ့ကြီးအနောက်ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ရှမ်းစု ကျေးရွာလမ်းဆုံအထိ အရှည်ပေ ၂၀၇၀၀၊ အကျယ် ၁၆ ပေနှင့် ထု ထည် ၉ လက်မ အထူရှိ ကွန်ကရစ်လမ်းကျယ်အဖြစ် အဆင့်မြှင့်တင်ခင်းကျင်းဆောင် ရွက်ထားခဲ့ခြင်း ဖြစ်သည်။

ယခင်က အဆိုပါလမ်းမှာ ပွင့်လင်းရာသီတွင်သာ သွားလာနိုင်သော ပေါင်ရိုးလမ်း ကလေးသာဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုရန်ပုံငွေအရ လမ်းဝဲယာတစ်ဖက် တစ်ချက်တွင် သုံးပေအကျယ် ဘီးသွားကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးခဲ့ရာ ဒေသခံများ ပိုမိုအဆင်ပြေလာခဲ့ရကြောင်း၊ အခုလမ်းကျယ်အဖြစ် ကောင်းမွန်စွာ တည်ဆောက်ဖွင့်လှစ်နိုင်လာခဲ့ပြီဖြစ်၍ တံတားချောင်း၊ ခနိတော၊ ရှမ်းစု၊ ခနောင် ချောင်းဝ၊ မီးခြစ်၊ ခနောင်ရွာမကျေးရွာများနှင့် အနီးဝန်းကျင်ကျေးရွာများအတွက် ရာသီမရွေး ယာဉ်ကြီးယာဉ်ငယ်မျိုးစုံတို့ဖြင့် သွားလာရေး အလွန်ကောင်းမွန်လာပြီ ဖြစ်သလို လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေကောင်းမွန်ဖူလုံလာမည်ဆိုလျှင် ကျေး လက်နေပြည်သူများ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုစွမ်းအားအရင်းအမြစ်များ ဘက်စုံ ထောင့်စုံပြည့်စုံကောင်းမွန်လာပြီး လူနေမှုဘဝ ပိုမိုမြင့်မားလာမည်သာဖြစ်ပေသည်။

**သတင်း - သန်းငွေး(ဒလ) ဓာတ်ပုံ - စန်းဝင္ဒာ**

# ရေစကြိုမြို့၌ စည်ပင်မြစ်ရေပိုမိုကြည်လင်စေရန် ရေဂါလန်ငါးသောင်းဆံ့ ရေစုကန်တည်ဆောက်မည်

**ရေစကြို မေ ၁၂**

ပခုက္ကူခရိုင် ရေစကြိုမြို့ပေါ်ရပ်ကွက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြစ်ရေ ပိုက်လိုင်းမှ ချင်းတွင်းမြစ်ရေကို နေ့စဉ်ရေပေးဝေလျက်ရှိရာ မြစ်ရေ အနည်ထိုင်၍ ရေပိုမိုကြည်လင်ကောင်းမွန်စေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ခြောက်လဘတ်ဂျက် ဖြင့် ရေဂါလန် ငါးသောင်းဆံ့ ရေစုကန်တည်ဆောက်ခြင်းကို ယခုလအတွင်းဆောင် ရွက်သွားမည်ဖြစ်သည်ဟုသိရသည်။

"အခုလက်ရှိသုံးနေတာက ရေလှောင်ကန်ရေဂါလန်နှစ်သောင်းဆံ့ ကန်ကနေ ရေကြည်ကန် ရေဂါလန်တစ်သောင်းဆံ့ကန်ကိုသွားတယ်၊ အဲဒီကနေ ရေစင်ဆီကို တိုက်ရိုက်ပို့တယ်၊ အခုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ခြောက်လရန်ပုံငွေ ကျပ်သိန်း နှစ်ရာနဲ့ ရေဂါလန် ငါးသောင်းဆံ့ ရေစုကန်ကို တည်ဆောက်မှာပါ ရေစုကန်က ငါး သောင်းဆံ့ဆိုတော့ ရေအနည်ထိုင်အားကောင်းတော့ ရေပိုကြည်ပြီး ပိုကောင်းမွန် လာမှာပါ"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမြင့်ဟန်ကပြော သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြစ်ရေပိုက်လိုင်းမှ မြစ်ရေများအား ရေစကြိုမြို့ ပေါ်ရပ်ကွက်များအတွင်း ပေးဝေလျက်ရှိရာတွင် အိမ်သွယ်ရေတိုင် ၁၈၃၂ တိုင်နှင့် အများသုံးရေကန် ၁၀ ကန်ကို နေ့စဉ်ရေပေးဝေလျက်ရှိသည်ဟု သိရသည်။ရေစကြိုမြို့ ၏ တစ်နေ့ ရေလိုအပ်ချက်မှာ ၄၄၅၄၂၀ ဂါလန်ဖြစ်ရာ မြို့နယ်စည်ပင်မြစ်ရေပိုက်လိုင်း မှ တစ်နေ့လျှင်ရေဂါလန် ၁၈၀၀၀၀ ဂါလန်ပေးဝေလျက်ရှိသဖြင့် စည်ပင်မှ ရေလွှမ်းခြုံ နိုင်မှုမှာ ၄၅ ရာခိုင်နှုန်းဖြစ်သည်ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မြို့ရေပေးဝေရေး ဆိုင်ရာ အချက်အလက်များမှ သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# သုံးစွဲရန်မသင့်သော ဆေးပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန် ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော ဆေးပစ္စည်းများကို အများ ပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်းဈေးကွက်များ ၌ ရောင်းချနေသော ဆေးပစ္စည်းများကိုဝယ်ယူ၍ (Post Market Survellience) ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်ရရှိထားသော အောက်ဖော်ပြပါ ဆေးပစ္စည်း တစ်မျိုးသည် ဓာတ်ခွဲစစ်ဆေးမှု သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေး တွေ့ရှိရပါသည်။

၃။ အဆိုပါ ဓာတ်ခွဲစစ်ဆေးမှု သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော IV Cannula အား သုံးစွဲမိပါက လူနာများတွင် အပ်ထိုးသောနေရာ၌ ပိုးဝင်နိုင်ခြင်း ( Cannula site infection)၊ သွေးပြန်ကြောရောင်ရမ်းခြင်း (Thrombophlebitis) များ ဖြစ်နိုင်ပါသည်။

၄။ သို့ဖြစ်၍ PLUSFLON ဆေးပစ္စည်းတင်သွင်းခွင့်ထောက်ခံချက် လက်မှတ် မူရင်းတစ်ခုကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ပြန်လည်သိမ်း ဆည်းပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၅။ ဆေးပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင် များသည် အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အထက်ဖော်ပြ ပါ ဆေးပစ္စည်းများအားတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




IV Cannula with Injection Valve with Wings ( 20 G) PLUSFLON Brand, Lot No- 70524/191




IV Cannula with Injection Valve with Wings ( 20 G) PLUSFLON Brand, Lot No- 61134/485

| စဉ် | ဆေးပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | IV Cannula with Injection Valve With Wings, Size-20G (PLUSFLON Brand) (Lot-61134/485) | Mediplus (India) Limited, INDIA | Aerobic & Anaerobic Bacteria (+) |
| ၂။ | IV Cannula with Injection Valve With Wings, Size-20G (PLUSFLON Brand) (Lot-70524/191) | Mediplus (India) Limited, INDIA | Aerobic Bacteria (+) |

## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## ဓာတ်ခွဲခန်းသုံးဓာတုပစ္စည်းနှင့်မီဒီယာ(၁၄၅)မျိုးနှင့် ဓာတ်ခွဲခန်းလုပ်ငန်းသုံးပစ္စည်း(၈၅)မျိုးအတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် အသုံးပြုရန် (က)ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းနှင့်မီဒီယာ (၁၄၅)မျိုးနှင့် ဓာတ်ခွဲခန်းလုပ်ငန်းသုံးပစ္စည်း(၈၅)မျိုး စုစုပေါင်းပစ္စည်းအမယ် (၂၃၀) မျိုး ဝယ်ယူလိုပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဖြည့်တင်းရေးနှင့် သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ၁၄-၅-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၃-၅-၂၀၁၈ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်းမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုက ဖုန်း- ၀၆၇- ၄၀၈၁၇၇ နှင့် ၀၆၇-၄၀၈၄၆၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မော်လမြိုင်တက္ကသိုလ်-မော်လမြိုင်မြို့
# ပါရဂူ (Ph.D) သင်တန်းသားများခေါ်ယူခြင်း

၁။ မော်လမြိုင်တက္ကသိုလ်တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D)သင်တန်းကို အဏ္ဏဝါသိပ္ပံအထူးပြုဘာသာရပ်ဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

၂။ ပါရဂူဘွဲ့ (Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၈ခုနှစ် ဇွန် ၁ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ် တက်နိုင်သူဖြစ်ရမည်။
(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ အဏ္ဏဝါသိပ္ပံ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံးမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ ၃ နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆို အောင်မြင်ပြီးလူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။
(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သောပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ်အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူဖြစ်ရမည်။
(၅) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁) နှစ်တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အဏ္ဏဝါသိပ္ပံ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံးမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ ၃ နာရီမေးခွန်းဝင်ခွင့်စာမေးပွဲဖြေဆို အောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ(သို့မဟုတ်) ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂) နှစ်အနည်းဆုံးရှိရမည်။
(၄) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာ တင်ပြရမည်။

**နိုင်ငံဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အဏ္ဏဝါသိပ္ပံ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံးမဟာသုတေသနဘွဲ့ ရရှိပြီးသူဖြစ်ရမည်။

မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာသုံးမျက်နှာထက်မပိုသော) ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ မော်လမြိုင်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် ၁၈-၅-၂၀၁၈ရက်(သောကြာနေ့)နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မော်လမြိုင်တက္ကသိုလ်တွင် ပါရဂူဘွဲ့ (Ph.D) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။

(က) ၂၁-၅-၂၀၁၈(တနင်္လာနေ့) ၀၉း၀၀နာရီမှ ၁၂း၀၀နာရီ သက်ဆိုင်ရာဘာသာရပ်
(ခ) ၂၂-၅-၂၀၁၈(အင်္ဂါနေ့) ၀၉း၀၀နာရီမှ ၁၂း၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၂၈-၅-၂၀၁၈ရက် (တနင်္လာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ အဏ္ဏဝါသိပ္ပံဌာန၊ ပါမောက္ခ(ဌာနမှူး)ထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ ဌာနမှူး(သင်တန်းရေးရာ)နှင့် မော်ကွန်းထိန်း ဖုန်း-၀၅၇-၂၄၆၁၇၊ ၀၅၇-၂၄၆၃၇ ထံတွင်လည်းကောင်း စုံစမ်းနိုင်သည်။

**ဌာနမှူး**
**သင်တန်းရေးရာ**
**မော်လမြိုင်တက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအသီးသီး၌ လစ်လပ်လျက်ရှိသော လက်ထောက်ကျန်းမာရေးမှူး(ကျန်းမာရေးမှူး-၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူးနေရာများတွင် ဝန်ထမ်းသစ် ၃၀၀ ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ **လျှောက်ထားသူသည်-**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)မှ B.Comm.H ဘွဲ့ ရရှိပြီးသူ ဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့် ၁၁-၆-၂၀၁၈ရက်တွင် အသက် (၃၅)နှစ် ထက်မကျော်လွန်သူဖြစ်ရမည်။
(ဃ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
(င) မည်သည့်တိုင်းဒေသကြီး/ပြည်နယ်မဆို သွားရောက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ **လျှောက်လွှာပေးပို့ရန်**

(က) ပူးတွဲပါလျှောက်လွှာပုံစံတွင် ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ညွှန်ကြားရေးမှူး(ကျန်းမာရေးအဆင့်မြှင့်တင်ရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်သို့လိပ်မူ၍ လျှောက်လွှာပိတ်ရက်ဖြစ်သည့် ၁၁-၆-၂၀၁၈ ရက် နောက်ဆုံးထားလျှောက်ထားရမည်။
(ခ) လျှောက်လွှာနှင့်အတူ ပေးပို့ရမည့်အချက်များ
 (၁) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ(၆)လအတွင်း ရိုက်ထားသောပတ်စ်ပို့ဓာတ်ပုံ (၃)ပုံ၊
 (၂) ဘွဲ့လက်မှတ် (မိတ္တူမှန်)
 (၃) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူမှန်)
 (၄) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူမှန်)
 (၅) (၁)လအတွင်း ပြုလုပ်ထားသော သက်ဆိုင်ရာမြို့နယ်ကုသရေးဦးစီးမှူး၏ ကျန်းမာကြောင်း ဆေးထောက်ခံစာ (မူရင်း) (၁)စောင်
 (၆) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာမူရင်း (၁) စောင်
 (၇) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ မူရင်း (၁)စောင်တို့ပူးတွဲပါရှိရမည်။

၄။ ကြော်ငြာပါရာထူးအတွက် သတ်မှတ်ချက်နှင့်ပြည့်စုံသည့် လျှောက်ထားသူများကို လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၅။ လူတွေ့စစ်ဆေးခြင်းကို ၂၆-၆-၂၀၁၈ရက်တွင် ကျင်းပမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်မူရင်းများ တင်ပြနိုင်ရမည်။

၆။ ရွေးချယ်ခံရပါက လက်ထောက်ကျန်းမာရေးမှူးအဖြစ် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး (၃)နှစ်မပြည့်မီ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်လိုပါက လျော်ကြေးငွေ ကျပ် (၄)သိန်း ပေးသွင်းပြီးမှ နုတ်ထွက်ခွင့်ပြုမည် ဖြစ်ပါသည်။

၇။ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ သိရှိလိုသည့် အချက်အလက်များရှိပါက ကျန်းမာရေးအဆင့်မြှင့်တင်ရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော် ဖုန်း- ၀၆၇-၃၄၃၁၁၄၃၊ ၀၆၇-၃၄၃၁၁၄၁ သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

ဓာတ်ပုံ

**လက်ထောက်ကျန်းမာရေးမှူး(ကျန်းမာရေးမှူး-၂)ရာထူး လျှောက်လွှာပုံစံ**

**အမည်** ------------------------
**နိုင်ငံသားမှတ်ပုံတင်အမှတ်** ------------------------
**မွေးသက္ကရာဇ်(ရက်/လ/နှစ်)** ------------------------
**အဖအမည်** ------------------------
**အမိအမည်** ------------------------
**အိမ်ထောင်ရှိ/မရှိ** ------------------------
**ဇနီး/ခင်ပွန်းအမည်** ------------------------
**ဇနီး/ခင်ပွန်းအလုပ်အကိုင်** ------------------------
**နေရပ်လိပ်စာအပြည့်အစုံ** ------------------------
**(အမြဲတမ်းနေရပ်လိပ်စာ)** ------------------------
------------------------
**အခြေခံကျန်းမာရေးသိပ္ပံဘွဲ့** ------------------------
**(B.Comm. H) ရရှိသည့် ခုနှစ်၊ လ၊ ရက်**
**အောင်မြင်သည့် ခုံအမှတ်** ------------------------
**ဦးစားပေးလျှောက်ထားသည့်နေရာ** (၁) ----------------
(၂) ----------------
(၃) ----------------

အထက်ဖော်ပြပါ အဆိုပြုနေရာများသို့ မရရှိပါက မည်သည့်နေရာဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်မည်/မထမ်းဆောင်နိုင်ပါ။

ထမ်းဆောင်ပါမည်။ (   )   မထမ်းဆောင်နိုင်ပါ။ (   )

**လက်မှတ်** ----------------
**အမည်** ----------------
**ဖုန်းနံပါတ်** ----------------

**ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ .......လ (   )ရက်**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ကြီး)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ)ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေမှ ရှမ်းပြည်နယ်အတွင်းရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ကြီး၊ ပင်းပက်၊ ပင်လုံ၊ လားရှိုး)နှင့် ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်းများ၏ အောက်ပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စိတ်ပါဝင်စားသောကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | နေရာ |
|---|---|---|
| ၁။ | စာသင်ဆောင်RC(၃)ထပ်(၁)လုံးနှင့်အခြားလုပ်ငန်း(၂)ခု | အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ကြီး)၊အေးသာယာမြို့ |
| ၂။ | စာသင်ဆောင် RC(၂)ထပ်(၁)လုံးနှင့်အခြားလုပ်ငန်း(၂)ခု | အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ) |
| ၃။ | စာသင်ဆောင် RC(၂)ထပ်(၁)လုံးနှင့်အခြားလုပ်ငန်း(၁)ခု | အစိုးရနည်းပညာအထက်တန်းကျောင်း(လားရှိုး) |
| ၄။ | ဆရာ/မ ဆောင် RC(၄)ခန်းတွဲ(၄ထပ်)(၁)လုံး | အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်းပက်) |
| ၅။ | စားဖိုဆောင်သံကူကွန်ကရစ် တစ်ထပ်(၁)လုံးနှင့်အခြားလုပ်ငန်း(၁)ခု | ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း |

၂။ **တင်ဒါလျှောက်လွှာပုံစံများစတင်** - ၁၃-၅-၂၀၁၈ရက်
**ရောင်းချမည့်ရက်/အချိန်** နံနက်၉း၀၀နာရီမှညနေ၄း၀၀နာရီအထိ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၆-၂၀၁၈ရက် ညနေ၄း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၈-၆-၂၀၁၈ရက် နံနက်၁၀း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း သက်ဆိုင်ရာကျောင်းများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

# Invitation for Price Quotations

The Republic of the Union of Myanmar has received financing from the International Development Association (IDA)towards the cost of Electric Power Project(EPP). The IDA No.of the financing agreement is No.5306 MM. The Electric Power Generation Enterprise (EPGE)of the Ministry of Electricity and Energy in its role as implementing agency of the EPP, intends to apply the portion of the proceeds of this credit towards eligible payments under the contracts for which this invitation for Quotation is issued.

MOEE now invites eligible suppliers to express the interest in supplying the following items.

| Item No. | Reference No. | Description | Quantity | Units |
|---|---|---|---|---|
| 1. | G-03 ` | Digital Gas Meter & skid Accessories | 10 | Sets |
| 2. | G-04 | (a) 33kV Energy Meters | 27 | Nos |
| | | (b) 33kV Current Transformer | 24 | Sets |
| 3. | G-05 | (a) 66kV Energy Meters | 40 | Nos |
| | | (b) 66kV Current Transformer | 23 | Sets |
| 4. | G-06 | (a) The Universal Relay Test Set and Commissioning Tool | 2 | Sets |
| | | (b) Double Stage Vacuum Transformer Oil Purifier | 2 | Sets |
| | | (c) Turbine Oil purifier | 3 | Sets |
| 5. | G-07 | (a) 125V Battery Bank(300Ah)& Battery Charger Comptete with DC Distribution Board | 5 | Sets |
| | | (b) 230 V Battery Bank(300Ah)& Battery Charger Complete with DC Distribution Board | 10 | Sets |

Eligible Suppliers having expressed interest will receive a Request for Quotation by E-mail,sealed Quotations will be submitted to the address below at the latest at the dead line (Friday, 8th June 2018,at 2P.M Myanmar time),after which no Quotations will be accepted.

Suppliers will be selected following the shopping Method as per the "Guide for procurement of Goods, words and non-consulting services under IBRD Loans and IDA Credits & Grants by world Bank Borrowers dated January 2011 (revised July 2014).

Please submit sealed Quotation to;U Khin Maung Win, Managing Director, Electric Power Generation Enterprise Office No(27), Nay Pyi Taw, for detailed information please contact to U Han Zaw, Chief Engineer, Gas Turbine section, mobile phone +959428610206 and U Aung San Win, General Manager , Procurement section, mobile phone +959457733044 or Office Phone +95678104319, E-mail: procurementepge.wb@gmail.com. Please indicate your E-mail address as only electronic copies of the RFQ will be send.

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8I/3246 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးတွင် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Desk-top Computer ၃၂ လုံးဝယ်ယူခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၁-၅-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာများအား ၂၅-၅-၂၀၁၈ရက် ညနေ ၄း၀၀ နာရီ နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၃-၂၈၇၀၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မကွေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့၌ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန်လိုအပ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်း (Reagent and Consumable)များအား မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုသည့် ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်နှင့်အချိန်** - ၁၆-၅-၂၀၁၈ ရက် နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၆-၂၀၁၈ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများ၊ အသေးစိတ်ကိုသိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၀၈၄၁၄၉(သို့မဟုတ်)၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၉၅၇ သို့ နေ့စဉ်ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**
**၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**အစိုးရနည်းပညာအထက်တန်းကျောင်း**
**မြစ်ကြီးနားမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ)အစိုးရနည်းပညာအထက်တန်းကျောင်း(မြစ်ကြီးနား)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) စာသင်ဆောင် သံကူကွန်ကရစ်(၃)ထပ်(၁၂၀'×၄၈') (၁) လုံး
(ခ) ဆရာ/မ အဆောင် RC(၄)ခန်းတွဲ(၄)ထပ်(၇၈'×၉၄') (၁) လုံး
(၁၇၇၈၈ စ/ပေ)

၂။ **တင်ဒါလျှောက်လွှာပုံစံများ** - ၁၃-၅-၂၀၁၈ရက်
**စတင်ရောင်းချမည့်ရက်/အချိန်** နံနက်၉း၀၀နာရီမှ ညနေ ၁၆း၀၀နာရီအထိ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၆-၂၀၁၈ ညနေ ၁၆း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၈-၆-၂၀၁၈ ရက် နံနက် ၁၀း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(မြစ်ကြီးနား)သို့ လာရောက်စုံစမ်းနိုင်ပါသည်။ **ဖုန်း-၀၇၄-၂၅၂၉၃၈၅၊ ၀၇၄-၂၅၂၀၃၃၁၊ ၀၉-၃၆၁၈၀၀၉၆**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အစိုးရနည်းပညာအထက်တန်းကျောင်း၊ မြစ်ကြီးနားမြို့**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ**

## ဆေးဝါးနှင့်ဆေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအရ လူနာများအား ကုသရန်လိုအပ်သော အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ (FDA)အသိအမှတ်ပြုဆေးဝါးနှင့် ဓာတ်ခွဲ၊ ဓာတ်မှန်ပစ္စည်းများကို အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၇-၅-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၅-၆-၂၀၁၈ ရက်၊ ၁၆း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**
**အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ**
**ပုဗ္ဗသီရိမြို့ပတ်လမ်းနှင့် ဇေကရာဇ်ပန်းလမ်းထောင့်**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၄၃၀၀၉၂**

---

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**
**ကုန်သွယ်မှုပညာပေးရေးဌာနခွဲ**
**ကုန်သွယ်မှုသင်တန်းကျောင်း**
**International Trade Basic Course (Weekend Programme)(Batch-4)**
**၂၀၁၈ခုနှစ် ဇွန်လ ပထမပတ်**

(က) သင်တန်းကာလ - ၂၀၁၈ခုနှစ် ဇွန်လ ပထမပတ်မှ(၄)လကြာ သင်တန်း
(ခ) သင်ကြားမည့်ရက်များ - ရက်သတ္တပတ်တွင်(၂)ရက်(စနေ၊ တနင်္ဂနွေ)
(ဂ) သင်တန်းအချိန် - နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီ
(ဃ) သင်တန်းသားဦးရေ - (၆၀)ဦးမှ(၇၀)ဦးထိ
(င) သင်တန်းတည်နေရာ - ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ်၂၂၈/၂၄၀၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
(စ) သင်တန်းဝင်ခွင့် လျှောက်လွှာနှင့်အတူပါရှိရမည့်စာရွက်စာတမ်းများ - ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဆ) ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၁-၂၅၀၈၇၁၊ ၀၁-၃၇၈၇၉၈

ကုန်သွယ်မှုသင်တန်းကျောင်း(စတုတ္ထထပ်)တွင် လူကိုယ်တိုင်လာရောက်စာရင်းပေးသွင်းရန်ဖြစ်ပါသည်။

**ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)**

---

## နိုင်ငံပိုင် မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့် မြေကွက်များအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်လက်ဝယ်ရှိ မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့် မြေကွက် (၁၇)ခုကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ဝယ်ယူလိုသော Lot No တစ်ခုချင်းအလိုက် သီးခြားအဆိုပြုလွှာတစ်စောင်စီ တင်သွင်းရမည်၊ သတ်မှတ်စပေါ်ငွေ P.O Cheque (Payment Order Cheque) အား တင်ဒါတင်သွင်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်၊** - ၁၄-၅-၂၀၁၈ရက်မှ ၁၄-၆-၂၀၁၈ ရက်အထိ
**နေရာ** ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်)
စပေါ်ငွေသွင်းရမည့်တန်ဖိုးကို အဆိုပြုလွှာဝယ်ယူသည့်အခါတစ်ပါတည်း ဖော်ပြပေးပါမည်။

၄။ **တင်ဒါတင်သွင်းရမည့်အစီအစဉ်**
**P.O Cheque တင်ပြရမည့်ရက်** - ၁၈-၆-၂၀၁၈၊ ၁၉-၆-၂၀၁၈၊ ၂၀-၆-၂၀၁၈၊
**တင်ဒါတင်သွင်းရမည့်ရက်** - ၂၁-၆-၂၀၁၈
- Lot No(၁)မှ (၁၇)အထိ နံနက် ၁၀နာရီမှစ၍ အစဉ်လိုက်လက်ခံပါမည်။
**နေရာ** - ရုံးအမှတ် (၃၂)၊ နေပြည်တော်

၅။ ဝယ်ယူလိုသည့် မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့် မြေကွက်တို့အား ကြော်ငြာသည့်ရက်မှစ၍ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဝယ်ယူရန် အဆိုပြုလွှာ တင်သွင်းသည့်အချိန်တွင် ဝယ်ယူမည့်မြေနှင့် အဆောက်အအုံ၊ တိုက်ခန်းနှင့် မြေကွက်အား ကြည့်ရှုစစ်ဆေးပြီးဖြစ်ကြောင်း ဝန်ခံချက်ဖြင့် ပူးတွဲတင်ပြရပါမည်။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၆၃၃၉ နှင့် ၀၆၇-၄၀၆၁၈၅ တို့ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ website http://www. mopf.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

| Lot No | လုပ်ငန်းအမည် | မြေဧရိယာ (ဧက) |
|---|---|---|
| ၁ | ၂ | ၃ |
| | **ပဲခူးတိုင်းဒေသကြီး (၁၀)ခု** **မြေကွက် (၁၀)ခု** | |
| ၁ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်း(၂၃/A)၊ မြေကွက်အမှတ် (သီးသန့်-၁) | ၀.၃၆ |
| ၂ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ ရပ်ကွက်ကြီး(၉)၊ မြေတိုင်း(၁၁၅၅)၊ မြေကွက်အမှတ်(၄၁) | ၀.၂၇၅ |
| ၃ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ ဦးပိုင် (၃၀)၊ မြေတိုင်း(၁၅-E) မြေကွက်အမှတ်(B) | ၀.၁၁၀ |
| ၄ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ ဦးပိုင် (၃၀)၊ မြေတိုင်း(၁၅-E) မြေကွက်အမှတ် (D) | ၀.၁၁၀ |
| ၅ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ ရပ်ကွက်ကြီး (၂)၊ မြေတိုင်း(၃)၊ မြေကွက်အမှတ်(၄၄၅) | ၀.၀၅၅ |
| ၆ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်း(၂၃/A)၊ မြေကွက်အမှတ် (၁၃၄၂/၁၃၄၃) | ၀.၃၆၈ |
| ၇ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ ရပ်ကွက်ကြီး (၈)၊ မြေတိုင်း(၂၃/A)၊ မြေကွက်အမှတ် (၁၃၄၆/၁၃၄၇) | ၀.၃၆၈ |
| ၈ | ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ တိုးချဲ့စက်မှုဇုန် (၂)၊ ကွင်းအမှတ် ၄၀၄-A၊ ဦးပိုင်အမှတ် (၁၇၄) | ၀.၂၃၀ |
| ၉ | ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ တိုးချဲ့စက်မှုဇုန် (၂)၊ ကွင်းအမှတ် (၄၀၄-B)၊ ဦးပိုင်အမှတ် (၁၇၅) | ၀.၂၃၀ |
| ၁၀ | ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ၄/သစ်တောအကွက်၊ ဦးပိုင်အမှတ် (န/၄၅) | ၀.၁၄၇ |
| | **ရန်ကုန်တိုင်းဒေသကြီး (၇)ခု** **မြေနှင့်အဆောက်အအုံ (၄)ခု** | |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဓ)မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၂၅၈-က)၊ မြေကွက်အမှတ် (၃၇/က-၁)ရှိ မြေနှင့်ဆောက်အအုံ | ၀.၂၀၃ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂) ရပ်ကွက်၊ သီရိဂုဏ်အိမ်ရာ မြေကွက်အမှတ် (၅/၃၄)ရှိ မြေနှင့်အဆောက်အအုံ | ၀.၁၂၂ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၉၂/၁)၊ မြေကွက်အမှတ် (၉၁K/၁A)ရှိ မြေနှင့် RC(၃)ထပ်တိုက် (၁)လုံး | ၀.၀၆၅ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ သစ်ခွလမ်းမကြီး၊ FMI အိမ်ရာအမှတ် (၀-၃)၊ အမှတ် (၅၅၈/၃)ရှိ မြေနှင့်အဆောက်အအုံ | (၈၀'×၈၁') (၆၄၈၀) စတုရန်းပေ |
| | **တိုက်ခန်း (၂)ခန်း** | |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မြိုင်ဟေဝန်ကွန်ဒို၊ အခန်းအမှတ် (၅၀၈)၊ ဂျန်းရှင်း (8)၊ (ဘီ-တာဝါ)၊ ပဥ္စမထပ်၊ တိုက်ခန်း (၁)ခန်း | - |
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ အမှတ် (ခ/၃၀ဘီ)၊ အပေါ်ထပ်ရှိတိုက်ခန်း(၁)ခန်း | - |
| | **မြေကွက် (၁)ကွက်** | |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ မြေတိုင်း(၂၉)၊ မြို့ပတ် (၆)လမ်း၊ အမှတ် (၃၁၀)၊ မြေကွက် | ၀.၀၈၂ |

---

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

မန္တလေးမြို့၊ ကန်သာယာရပ်ကွက်နေ ဦးအုန်းမောင်-ဒေါ်ကြည်တို့၏သမီး ကျွန်မ မနွယ်နွယ်ဝင်း(ခ)မစုဇန်နှင့် တောင်လုံးစုကျေးရွာ ဟသ်ာတမြို့နယ်နေ ဦးကျော်-ဒေါ်ကြည်ညွန့်တို့၏သား မောင်သန့်ဇော်တို့သည် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်းကို ၁၀-၅-၂၀၁၈ တွင် တာချီလိတ်မြို့နယ်တရားရုံး၌ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း။

**မနွယ်နွယ်ဝင်း**
**ခေတ္တ-ဗန်ကောက်**

---

**ပြည်နယ်အစိုးရအဖွဲ့**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာ ကျောင်း၊ ရုံး၊ သိပ္ပံဆောင်၊ စာကြည့်တိုက်နှင့် ဝန်ထမ်းအိမ်ရာ၊ စုစုပေါင်းလုပ်ငန်း ၁၉၇ ခုအတွက် စိတ်ပါဝင်စားသူ နိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၁၈ ရက်၊ ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၀-၅-၂၀၁၈ ရက်၊ ၁၆း၀၀ နာရီ

၃။ **အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။**

(က) မွန်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန ဖုန်း-၀၅၇-၂၅၉၁၄
(ခ) မွန်ပြည်နယ်ပညာရေးမှူးရုံး ဖုန်း-၀၅၇-၂၇၂၆၄

**တင်ဒါခေါ်ယူရေးကော်မတီ**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**မုံရွာစီးပွားရေးတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် မုံရွာစီးပွားရေးတက္ကသိုလ်၏ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) ဘဏ္ဍာရေးနှစ် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) (၁၆၀)ဦးဆံ့ ကျောင်းသား/သူအိပ်ဆောင်(၂)ထပ်(၂)လုံးဆောက်လုပ်ခြင်း (၃၁၀၈၀ စ/ပ)သံကူကွန်ကရစ်(ရေမီးအပါအဝင်)အိပ်ဆောင်-၂၄၆၈၀ စ/ပ၊ မီးဖိုချောင်+ထမင်းစားဆောင်-၆၄၀၀ စ/ပ)
(ခ) ဆရာ/မဆောင်(၂)ထပ်(၂)လုံးအား အကြီးစားမွမ်းမံခြင်း(၁၀၀'×၃၀')(အမိုးနှင့်မျက်နှာကြက်ပြုပြင်ခြင်း၊ အတွင်းလျှပ်စစ်+ရေသန့်ပိုင်းပြုပြင်ခြင်း၊ အုတ်နံရံအက်ကြောင်းများဖာထေးခြင်း၊ အတွင်းအပြင်ရေဆေး၊ ဆီဆေးသုတ်ခြင်း
(ဂ) အဓိပတိလမ်းကတ္တရာထပ်ပိုးလွှာလောင်းခြင်း(၂×၂၀၅၀'×၂၁')
(ဃ) အဓိပတိလမ်းဘေးပလက်ဖောင်းပြုပြင်ခြင်း(၂×၁၉၅၆'×၁၀')
(င) စာသင်ဆောင်များအား ဆက်သွယ်လျှောက်လမ်း အသွား/အပြန် နှစ်လမ်းသွားဆောက်လုပ်ခြင်း (၂×၁၄၀၀'×၆'×၉')

၂။ **တင်ဒါလျှောက်လွှာပုံစံများ** - ၁၄-၅-၂၀၁၈ နံနက် ၉း၃၀နာရီမှ ၄း၃၀နာရီအထိ
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်သိမ်းမည့်ရက်** - ၂၈-၅-၂၀၁၈ရက် ညနေ ၄း၃၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၇၁-၂၃၆၆၁ ဘဏ္ဍာဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မုံရွာစီးပွားရေးတက္ကသိုလ်**

---

## မေတ္တာရပ်ခံ ပန်ကြားလွှာ

၁။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်(၄၅၅)၊ မြန်မာမွတ်စလင်မ်အမျိုးသမီးသာသနာ့ရိပ်သာသည် လွန်ခဲ့သည့် နှစ်ပေါင်း(၆၀)ကျော်မှ ယနေ့အထိ တည်ရှိလျက်ရှိပါသည်။

၂။ အဆိုပါ အမျိုးသမီးသာသနာ့ရိပ်သာကို ယခုအခါ သာသနာရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးငါးဖွဲ့မှ တာဝန်ယူ စီမံခန့်ခွဲ အုပ်ချုပ်လျက် ရှိပါသည်။

၃။ အထက်ပါ အမျိုးသမီးသာသနာ့ရိပ်သာတွင်းရှိ အားကိုးရာမဲ့(ယသင်မ်)မိန်းကလေး (၇၅)ဦး ရှိပါသည်။ ၎င်းတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များကို စနစ်တကျစီမံခန့်ခွဲလျက် ရှိပါသည်။

၄။ ဖော်ပြပါ အားကိုးရာမဲ့(ယသင်မ်)မိန်းကလေး(၇၅)ဦးအား အစိုးရအလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အတန်းပညာရပ်များကို သင်ယူစေမည့်အပြင် သာသနာ့ပညာရပ်များကိုလည်း စနစ်တကျ အထူးသင်ကြားပေးလျက် ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ အားကိုးရာမဲ့(ယသင်မ်)မိန်းကလေးများ၏ လိုအပ်ချက်များအတွက် အစ္စလာမ်သာသနာဝင် အလှူရှင်များ၏ ပံ့ပိုးကူညီမှုများသည် အထူးလိုအပ်လျက်ရှိနေပါကြောင်းနှင့် ယခု ရမဇာန်(ဥပုသ်)လမြတ်တွင် လူကြီးမင်းတို့၏ဆင်းရဲသား၊ ဒါနကြေးဖြစ်သော(ဇကားသ်၊ ဖီတရာ၊ လိလ္လာ)စသည့် အလှူငွေများကို အမျိုးသမီးရိပ်သာသို့ ပေးပို့လှူဒါန်းကြပါရန် အထူးမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

**မွတ်စလင်မ်အမျိုးသမီးသာသနာ့ရိပ်သာ(ယာယီ)ကြီးကြပ်ရေးကော်မတီ**
**ဖုန်း-၀၁-၃၇၃၈၇၈၊ ၀၉-၅၀၄၇၀၀၄၊ ၀၉-၇၆၅၁၆၄၉၈၀၊ ၀၉-၄၂၀၁၃၃၅၁၆၊ ၀၉-၅၃၀၁၆၇၂၊ ၀၉-၅၁၂၇၅၃၀**

---

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ အမှတ်(၁)အထကမှ နဝမတန်းအောင်မြင်ခဲ့သော မောင်ဖြိုးသန့်ဇော်နှင့် မကြီးကုန်း ကျေးရွာအုပ်စု ကျီအင်း အမကမှ တတိယတန်းအောင်မြင်ခဲ့သော မောင်ထက်ဝေယံတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇော်နိုင်လွင်ဦး ၉/ကပတ(နိုင်)၀၈၄၁၅၄ ဖြစ်ပါကြောင်း။

**ဦးဇော်နိုင်လွင်ဦး**

---

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ အမှတ်(၁)အထကမှ အဋ္ဌမတန်းအောင်မြင်ခဲ့သော မရွှေရည်ဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးနိုင်ဝင်း ဖြစ်ပါကြောင်း။

**ဦးစိုးနိုင်ဝင်း**

---

## ဝန်ချတောင်းပန်ခြင်း

ကျွန်မ မှတ်ပုံတင်အမှတ် ၅/တမန(နိုင်)၀၃၄၇၉၅ ကိုင်ဆောင်သူ မဥမ္မာဝင်း(ခ)မအိသုန်သည် Facebook account ဥမ္မာဝင်း(အိသုန်တမူး)ဖြင့် ၃-၅-၂၀၁၈ ရက်နှင့် ၄-၅-၂၀၁၈ ရက်များတွင် တင်ခဲ့သည့် ပို့စ်များတွင် သက်ဆိုင်မှုမရှိသော မင်္ဂလာဆွေ့ခံပွဲဖိတ်စာနှင့်အတူ မဆင်မခြင် ပူးတွဲဖော်ပြမိပါသဖြင့် ဖိတ်စာပါ မိသားစုဝင်ပုဂ္ဂိုလ်များ၏ ပတ်ဝန်းကျင်နှင့် လူမှုရေးကိစ္စရပ်များတွင် စိတ်အနှောင့်အယှက်ဖြစ်ရပြီး နစ်နာမှုရှိကြောင်း တွေ့ရှိရသောကြောင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်းနှင့် သက်ဆိုင်သူများအနေဖြင့် ကရုဏာရှေ့ထား၍ ခွင့်လွှတ်ပေးပါရန် အနူးအညွတ် ဝန်ချတောင်းပန်အပ်ပါသည်။

**မဥမ္မာဝင်း(ခ)မအိသုန်**
**၅/တမန(နိုင်)၀၃၄၇၉၅**
**စော်ဘွား(၈)ရပ်ကွက်၊ တမူးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၏ ကျောင်းသစ်မြေနေရာတွင် ၂၀၁၈ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) (၁၆၀)ဦးဆံ့ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်(၂)ထပ်(၁၂၂'×၃၄') သံကူကွန်ကရစ် (၂)ထပ်စားဖိုဆောင်နှင့်ထမင်းစားဆောင် (၁၂၂'×၄၈') သံကူကွန်ကရစ်၊ အဆောင်အဝင်လမ်း (၂၀၀'×၁၂'×၈")၊ ပြင်ပရေ (၄လက်မအဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ဆံ့မြေအောက်ရေလှောင်ကန်၊ 5.5 Hp Summersible pump နှင့်အဆောက်အအုံ)၊ ပြင်ပမီးသွယ်တန်းခြင်း အပါအဝင်(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း

(ခ) ၄ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာ ၁၀၀'×၂၅' ၊ ပြင်ပရေ (၄လက်မအဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5 Hp Summersible pump နှင့်အဆောက်အအုံ)၊ ပြင်ပမီးသွယ်တန်းခြင်း အပါအဝင်(၁)လုံးတည်ဆောက်ခြင်းလုပ်ငန်း

(ဂ) ၄ခန်းတွဲ(၄)ထပ် ဆရာ/မဆောင် ၁၀၀'×၃၀'၊ ပြင်ပရေ (၄လက်မအဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5Hp Summersible pump နှင့်အဆောက်အအုံ)၊ ပြင်ပမီးသွယ်တန်းခြင်း အပါအဝင်(၁)လုံးတည်ဆောက်ခြင်းလုပ်ငန်း

၂။ **အိတ်ဖွင့်တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၁၈ရက်
**အိတ်ဖွင့်တင်ဒါပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၃-၆-၂၀၁၈ရက်
**အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့်နေရာ** - ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၊ ဘဏ္ဍာဌာန
**အိတ်ဖွင့်တင်ဒါပုံစံများ တင်သွင်းရမည့်နေရာ** - ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၊ ဘဏ္ဍာဌာန

**ကွန်ပျူတာတက္ကသိုလ်(မုံရွာ)**
**ဖုန်း-၀၉-၉၆၃၀၀၈၇၁၀၊ ၀၉-၇၉၁၁၇၁၅၉၉**

## ပိုးသတ်ဆေး သက်တမ်းလွန်ကြောင်း ကြေငြာချက်

ဂိုးလ်ဒင်းရော့ကက်ကုမ္ပဏီလီမိတက်(Golden Rocket Co.,Ltd)မှ ဗိုင်းရပ်စ် (Virus 505 EC)အမည်နှင့် ဈေးကွက်ထဲတွင် ရောင်းချနေသောပိုးသတ်ဆေးသည် သက်တမ်းကျော်လွန်နေသောပိုးသတ်ဆေးဖြစ်နေပါသဖြင့်အရည်အသွေးအာမခံချက် ကုန်ဆုံးပြီဖြစ်နေပါ၍ တောင်သူများအနေနှင့်သုံးစွဲခြင်းမပြုကြရန်နှင့် လက်ကျန်ရှိနေသောအရောင်းဆိုင်များမှ ပိုးသတ်ဆေးများကိုကုမ္ပဏီသို့ပြန်လည်ပေးပို့နိုင်ပါကြောင်း ကြေငြာအပ်ပါသည်။

ကုမ္ပဏီအမည်-ဂိုးလ်ဒင်းရော့ကက်ကုမ္ပဏီလီမိတက်(Golden Rocket Co.,Ltd)
လိပ်စာ -အမှတ်(၃၈)၊၃၈လမ်းနှင့်၃၉လမ်းကြား၊၇၉လမ်းနှင့်၈၀ကြား၊ မဟာအောင်မြေမြို့နယ်၊မန္တလေးတိုင်း

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပြည်ပထုတ်လုပ်သူ Agforepax Industries Co.,Ltd. မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါပိုးသတ်ဆေးများကို ပြည်တွင်းမူလ ဖြန့်ဖြူးသည့် Mitsui & Co.,Ltd. မှ Min Mahaw Co.,Ltd. သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည် ဖြစ်ပါသည်။

| စဉ် | ကုန်သွယ်သူ အမည် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင် အမှတ် |
|---|---|---|---|---|
| ၁။ | Taken | Oxadiazon 25%EC | Provisional Registration | 2015-2621 |
| ၂။ | Festive | Fenoxaprop-P-ethyl 6.9%EC | Provisional Registration | 2015-2620 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မူလဖြန့်သူ - Mitsui & Co.,Ltd.**
**အမှတ် - #1,26th Floor, Tower 1, HAGL Myanmar Centre, ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့**

## အိတ်ပိတ်တင်ဒါ(Close Tender)ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ်ပွတ်ကျေးရွာ၊ အမှတ်(၄)လမ်းမကြီးအနီး၊ Myanmar Distillery Co.,Ltdမှ အောက်ဖော်ပြပါ ပစ္စည်းများကို ရောင်းချလိုပါ၍ အိတ်ပိတ်တင်ဒါများကို ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

| ရောင်းချမည့်ပစ္စည်း | ရောင်းချပုံ |
|---|---|
| Sludge အစာဖတ် | ပိဿာဈေးနှုန်း |
| EQ အစာဖတ် | ပိဿာဈေးနှုန်း |

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၀ရက်အတွင်း) နောက်ဆုံးထား၍ရုံးချိန်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။
၂။ တင်ဒါတွင်တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်ပြည့်စုံစွာ ဖော်ပြရန်။ ကုမ္ပဏီ/စက်ရုံမှ ရောင်းချမည့်ရက်အား(၂)ရက်ကြိုတင် အကြောင်းကြားပါမည်။
အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ မေးမြန်းနိုင်ပါသည်။
**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၀၂၅၉၀၆၄၊ ၀၉-၂၅၄၃၅၁၈၀၂၊ ၀၉-၄၅၀၀၅၈၂၆၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ-၂၂၊ လူနေရပ်ကွက်အမှတ်၊မြေကွက်အမှတ်(၆၇၈/ခ)၊ အကျယ်(၂၀'×၆၀')၊ မြေအမျိုးအစား ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိအမှတ်(၆၇၈/ခ)၊ သဇင်လမ်း၊ ၂၂-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးမျိုးထက် ၁၂/လသယ(နိုင်)၀၃၂၀၈၉ အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးထွန်းထွန်း(ဘ)ဦးကြောင်နီ ၉/မတရ(နိုင်)၁၁၂၀၈၀ မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းစိုး LL.B,D.I.P.L** — **အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃)**
**ဦးကောင်းမြတ်ဇော် LL.B,D.B.L,D.M.L** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၂)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## Grand Guardian Insurance Public Co., Ltd
## ဂရင်းဂါးဒီးယန်းအာမခံအများပိုင်ကုမ္ပဏီလီမိတက်

Grand Guardian Insurance Public Co., Ltd ၏ ဆဋ္ဌမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အစည်းအဝေးသို့ တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ အစုရှယ်ယာရှင်များအား ဖိတ်စာနှင့်တကွ လိုအပ်သော စာရွက်စာတမ်းများကို သီးခြားပေးပို့မည် ဖြစ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ရက် - ၂၀၁၈ခုနှစ် ၊ ဇွန်လ ၊ ၁၂ ရက် (အင်္ဂါနေ့)
အစည်းအဝေးကျင်းပမည့်အချိန် - နံနက် (၉း၃၀)နာရီ
အစည်းအဝေးကျင်းပမည့်နေရာ - **Pan Pacific Yangon Hotel**
ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့် ပန်းပဲတန်းမြို့နယ် ၊ ရန်ကုန်မြို့။

အစုရှယ်ယာရှင်များ လွှဲပြောင်းခြင်းကို မှတ်ပုံတင်ရန် မေလ ၃၀ ရက် မှ ဇွန်လ ၁၂ ရက် အထိ အစုရှယ်ယာရှင်မှတ်တမ်းအား ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
Grand Guardian Insurance Public Co., Ltd

## ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ 'လမ်းပြကြယ်စင်' ကိုယ်ပိုင်အလယ်တန်းကျောင်း၊ ပဥ္စမတန်းမှ မောင်လင်းထက်လျှံ၏ဖခင်အမည်မှန်မှာ ဦးသန်းထိုက်စိုး ၉/ရမသ(နိုင်)၁၂၆၈၁၆ ဖြစ်ပါကြောင်း။

**ဦးသန်းထိုက်စိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့၊ အမှတ် (၂)သတ္တုတွင်းရုံးဝင်းနေ ဦးငွေထွန်း၏သမီး ဒေါ်ခင်လင်းလင်းထွန်း ၅/ကလတ(နိုင်)၀၆၁၈၂၇ နှင့် ဒေါ်လင်းလင်းထွန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်လင်းလင်းထွန်း(ခ)**
**ဒေါ်လင်းလင်းထွန်း**

## အမည်ပြောင်း

ဦးဝင်းသိန်းဦး၏သား ပျဉ်းမနားမြို့၊ 'ပညာပန်းတိုင်' ကိုယ်ပိုင်အထက်တန်းကျောင်း၊ အဋ္ဌမတန်းမှ မောင်ဇွဲမာန်ဦးအား ယနေ့မှစ၍ မောင်ထွန်းလင်းဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထွန်းလင်းဖြိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ နွယ်ခွေကျေးရွာ၊ ကူကြီးကုန်းရပ်ကွက်မှ ဦးသြဂုတ်စတင်း၏သား ဦးအက်ဒွင်ဂျိုးဇက်နှင့် ဦးမောင်မောင်ဦး ၁၂/မဂဒ(နိုင်)၁၀၄၈၈၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအက်ဒွင်ဂျိုးဇက်(ခ)ဦးမောင်မောင်ဦး**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပုဗ္ဗသီရိမြို့နယ်၊ ဝဲကြီးကျေးရွာအုပ်စု၊ ကျောင်းကုန်းကျေးရွာနေ (ဘ)ဦးတင်ရှိန်၏သမီး ၉/ပဗသ(နိုင်)၀၀၃၀၉၃ ၏ အမည်မှန်မှာ မစန်းစုထွေး(ခ)မနှင်းလှိုင်ထွေး တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁-၆-၁၉၉၅ ဖြစ်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**နတ်မောက်မြို့နယ်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမကြီးအမှုအမှတ်-၂၅**

| ကိုဖြိုးမင်းသူ | နှင့် | မငွေး |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ သမှန်းကုန်းကြီးအုပ်စု၊ လျှော်ချောင်းလေးကျေးရွာနေ မငွေး(ဘ)ဦးပေါက်ကျော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုဖြိုးမင်းသူက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် မေ ၁၈ ရက် (၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် မေ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဖြူဖြူဝင်း)**
**မြို့နယ်တရားသူကြီး**
**နတ်မောက်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပေါင်မြို့နယ်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် ၁၈**

| ဒေါ်ဝင်းဝင်းခိုင် | နှင့် | ဦးသန်းရွှေ |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သိုးကျကျေးရွာ၊ သဲဖြူကုန်းကျေးရွာအုပ်စုနေ တရားပြိုင် ဦးသန်းရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ဝင်းဝင်းခိုင်မှ နှစ်ဦးသဘောတူငွေချေးငှားခြင်းကတိစာချုပ်အရ ချေးငွေကျပ်(၃၅)သိန်းရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၈ခုနှစ် ဇွန် ၁၁ရက် (၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၈ခုနှစ် မေ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းမာလာခင်)**
**မြို့နယ်တရားသူကြီး**
**ပေါင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ မြေကွက်အမှတ်(ဒ-၂၀၇၉)၊ ဧရိယာ ၀ဒသမ၂၂၉ဧကရှိ ဒေါ်မေကျော်ဟန်(ဘ)ဦးအေးကျော် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်သီရိနွယ်(ဘ)ဦးကျော်နိုင် ၁၂/ဗဟန(နိုင်)၀၈၂၈၅၁ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဘိုကလေးမြို့၊ (၃)ရပ်ကွက်၊ ရွှေသွယ်ရင်လမ်း၊ အမှတ် အေ-၄ နေ (ဦးအောင်ဖေ)-ဒေါ်ချို့တို့၏သမီး အငယ်ဆုံး မဖြူမာအောင်သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစပြီး သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝလုံးဝတာဝန်မယူပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**မိခင် ဒေါ်ချို့(ဘိုကလေးမြို့)**

ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀ /- နှုန်း
မှ စတင်၍..
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊သီရိရတနာ လက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေကေ (၃၀) ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှုရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊ Pile-Foundation ၊ ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈)ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များ ကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊ Fitness Center,SPA, Convenience Store, လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့် မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော Clubhouse တစ်ခု ထည့်သွင်း တည်ဆောက် ထားပါသည်။



■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသော ပန်းခြံ ဥယျာဉ်၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.

အမှတ် (၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့် မြေနီကုန်း) ၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 799-332211, 09 797-221133
09 799-221133

ဘုရား၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြကြည်
**အသက်(၉၂)နှစ်**

အမရပူရမြို့၊ ယဉ်တော်၊ ကွမ်းဆွဲရပ်နေ (ဦးချစ်မောင်)၏ဇနီး၊ (ဦးဖုန်း)၊ ဦးအောင်မြင့်(ဦး/ရှိ၊ ငြိမ်း၊ ဆမ)-ဒေါ်တင်မြတ်စန်း၊ ဒေါ်ခင်မိ၊ ဦးမြင့်သန်း၊ ဒေါ်စိန်ရ၊ ဒေါ်စိန်မြ၊ ဦးအေးဝင်း၊ ဒေါ်စန်းစန်းထွေးတို့၏မိခင်၊ မခင်ငြိမ်းချမ်းသူ၊ မဇင်နှောင်းနွယ်တို့၏အဘွားသည် ၁၂-၅-၂၀၁၈ရက် (စနေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ကွမ်းဆွဲရပ်နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သင်းမာ
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ ဦးဇော်ဝင်း-ဒေါ်အေးအေးကျော်၊ ဦးသိန်းမြင့်-ဒေါ်ခင်ဝင်းမာ၊ (ဦးဇော်မင်း)-ဒေါ်သင်းသင်းနွဲ့တို့၏ညီမ၊ ဦးဇော်လင်း-ဒေါ်မာမာဌေး၊ ဦးဇော်သင်း-ဒေါ်ကလျာလွင်တို့၏အစ်မ၊ တူ၊ တူမ ၁၂ ယောက်တို့၏အဒေါ်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၂-၅-၂၀၁၈ရက် (စနေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လှ
**အသက်(၇၈)နှစ်**

မန္တလေးမြို့နေ (ဦးလှကျော်-ဒေါ်နှင်းဥ)တို့၏သမီး၊ ဦးစောဝင်းကြည်၊ ဦးသိန်းစိုး-မဖြူဖြူဝင်း၊ ဦးအေးမင်းသိုက်(ကိုယ်ပွားသတင်းစာတိုက်၊မန္တလေး)-ဒေါ်တင်တင်မိုး၊ ဦးလင်းလင်း-မသီဂီဝင်းတို့၏မိခင်၊ မြေး ၂၀၊ မြစ် ငါးယောက်တို့၏အဘွားသည် ၁၁-၅-၂၀၁၈ရက် (သောကြာနေ့) ည ၈း၀၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၈ရက် ညနေ ၃နာရီတွင် ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) ဝန်ထမ်းအိမ်ရာမှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လှ
**အသက်(၇၈)နှစ်**

ဦးအေးမင်းသိုက်(ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေး)-ဒေါ်တင်တင်မိုးတို့၏မိခင် ဒေါ်ခင်လှ အသက်(၇၈)နှစ်သည် ၁၁-၅-၂၀၁၈ရက် ည ၈း၀၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စာတည်းမှူးနှင့်**
**ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ဝန်ထမ်းများ**

## ဗိုလ်ကြီးတင်ဝင်း(ငြိမ်း)
**စစ်သူနာပြုသင်တန်းအမှတ်စဉ်(၆)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နွယ်သာကီလမ်း၊ အမှတ် ၅နေ (ဦးဘအေး-ဒေါ်ကင်ကြည်)တို့၏သမီး၊ ဦးမြင့်ဆွေ၊ ဒေါ်ခင်သန်းဝင်း၊ (ဦးဘုန်းကွယ်)-ဒေါ်အေးအေးချို(ဦးဆန်းလင်း-ဒေါ်စန်းစန်းတင့်)၊ဦးအေးကို-ဒေါ်ခင်ချိုချို၊ဦးအောင်မြင့်(ဦးတိုး)တို့၏အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏ကြီးတော်သည် ၁၁-၅-၂၀၁၈ရက် ည ၉း၁၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဖြိုးသူရမြင့်(ခ)ဦးပေါက် (B.Sc Chemi)
**အထက(၂)ဒဂုံ (မြို့မ) ကျောင်းသားဟောင်း**
**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ၁၅လမ်း(အထက်လမ်း)၊ အမှတ် ၁၄၆၊ ပထမထပ်နေ (ဦးတင်မြင့်)-ဒေါ်လှလှမြင့်(လ/ထ မန်နေဂျာ၊ ငြိမ်း၊ စားသောက်ကုန်လုပ်ငန်း၊ စက်မှု-၁၊ ဝန်ကြီးဌာန)တို့၏ချစ်လှစွာသောသား၊ ဦးခင်လှ-ဒေါ်ကျင်ငွေတို့၏သားသမက်၊ ဒေါ်ဥမ္မာလှိုင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးထိန်ဝင်း-ဒေါ်သန်းသန်းမြင့်၊ဦးအောင်ကျော်ဆန်း-ဒေါ်စကားဝါမြင့်၊ ဦးစကြာလင်းမြင့်-ဒေါ်မွန်မွန်ဦး၊ ဦးစည်သူမင်းမြင့်တို့၏ညီ/မောင်၊ မအိစံ၏အစ်ကို၊ မနန်းဦးဝေ၊ မယွန်းယမုံဦး(အထက-၂၊လသာ)တို့၏ဦးလေးသည် ၁၂-၅-၂၀၁၈ရက် နံနက် ၀၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုညီထွေးထွန်း (မြိတ်)
**သီဟရာဇာဆောက်လုပ်ရေး Co.,Ltd.**
**အသက်(၃၇)နှစ်**

မြိတ်မြို့နေ (ဦးထွန်းဟန်ရွှေ-ဒေါ်လွယ်တင်)တို့၏ ချစ်လှစွာသောသား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်နေ ဦးစောဝင်း-ဒေါ်စန်းစန်းယဉ်တို့၏သားသမက်၊ ကိုနေဇင်ဦး-မယဉ်ညိုဝင်း၊ ကိုအောင်ဖြိုးသူ-မဟေမာဝင်းတို့၏ညီ/အစ်ကို၊ မသက်မာဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းသန့်ဗိုလ်၏ဖခင်သည် ၁၂-၅-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၈ရက်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သင်္ဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုညီထွေးထွန်း (မြိတ်)
**(ထ-၄၊ အလုံ ကျောင်းသားဟောင်းအဖွဲ့ဝင်)**
**အသက်(၃၇)နှစ်**

မြိတ်မြို့နေ (ဦးထွန်းဟန်ရွှေ-ဒေါ်လွယ်တင်)တို့၏သား၊ ဒေါ်စောမြင့်၊ (ဒေါ်အေးမြင့်)တို့၏တူ၊ ကိုရဲထွန်း-မဟေမာန်၊ ကိုငွေထွန်းဝင်း-မလဲ့ဝင်းလှိုင်၊ ကိုမျိုးသိန်းထွန်း-မစုစုပို၊ ကိုကျော်မင်းထွန်း၏ညီ၊ မသက်မာဝင်း၏ခင်ပွန်း၊ မောင်မင်းသန့်ဗိုလ်(ထ-၄၊ အလုံ)၏ဖခင်သည် ၁၂-၅-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၈ရက်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သင်္ဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကြင်ကြင် (ပန်းတနော်)
**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်လမ်း၊ အမှတ် ၄၂နေ (ဦးရေခဲ-ပန်းတနော်)၏ဇနီး၊ ဦးခင်မောင်နု(EX ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစု)-ဒေါ်ခင်ယုံ၊ ဦးအောင်မြတ်စိုး(MMEA)-ဒေါ်ခင်ညိုသွယ်၊ ဦးတင်အောင်(ထ-၂၊ လသာ၊ ငြိမ်း)(သာကီနွယ်)-ဒေါ်သန်းသန်းဌေး (ထ-၃၊ ဒဂုံ၊ ငြိမ်း၊ ဆရာမအကျိုးဆောင်၊ ဒဂုံမြို့သစ်)၊ ဦးခင်မောင်ကြည်-ဒေါ်အေးအေးရီ(တရားလွှတ်တော်ရှေ့နေ)တို့၏မိခင်၊ မြေးရှစ်ယောက်၊မြစ်ကိုးယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၅-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ပညာစာရီ(ခ)ဒေါ်ခင်နွဲ့ရီ(ခ) Dori San
**(ကုန်သွယ်ရေး၊ ငြိမ်း)**
**အသက်(၇၄)နှစ်**

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်နေ (ဦးစစ်စံ-ဒေါ်စင်ပု)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ(ဦးလှဖေ-ဒေါ်ခင်စုမေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက် ၅၊ အခန်း ၂၄နေ ဦးညွှန့်လွင်(တပ်မတော်-လေ၊ငြိမ်း)၏ချစ်လှစွာသောဇနီး၊ (ဦးကျော်မြင့်)၊ ဦးမောင်မောင်လတ်၊ (ဒေါ်ခင်ညွှန့်ကြည်)တို့၏ညီမ၊ ဒေါ်ခင်မကြီး၊ ဒေါ်ခင်ထွေးကြည်၊ ဒေါ်ခင်ဝင်းကြည်၊ ဒေါ်အေးနုနု၊ ဒေါ်နန်းခမ်းဝါတို့၏အစ်မ၊ ကိုထွန်းထွန်းဝင်း(ISY)၊ ကိုထွန်းထွန်းလင်း(2nd Mate F.G)၊ ကိုထွန်းထွန်းနိုင်-မထက်မွန်စိုး(မြန်မာအမျိုးသားလေကြောင်း)၊ ကိုမောင်မောင်အောင်-မမြသီတာဟန်တို့၏ချစ်လှစွာသောမိခင်၊ မမေလဝန်းခင်၊ မောင်ဉာဏ်သုတတို့၏အဘွားသည် ၁၂-၅-၂၀၁၈ရက် နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၈ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## သိက္ခာတော်ရဆရာ ဒေါက်တာစောမာဂေကြီး
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အေးသိဒ္ဓိလမ်းသွယ်(၁)၊ အမှတ် ၁၂၃/ဘီနေ(စောအယ်လ်တန်ကြီး-နော်အားစေ)တို့၏သား၊ စောမာဒိုကြီး-နော်ဖောစေးဂေဝါး၊ စောမာဘွယ်ကြီး-နော်မူးခိုဖော၊ စောမာတောကြီး-နော်မေနှင်းဖွေး၊ နော်မာမူးရာ-စောကော်ခီးလား၊ စောမွန်းလိုက်ပန်းဖိုး-နော်အယ်ဒါးဝါးတို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါက်တာနော်ဗာရှတီပန်းဖိုး၏ချစ်လှစွာသောခင်ပွန်းသည် ၁၂-၅-၂၀၁၈ရက် (စနေနေ့) နံနက် ၄း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၅-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၈နာရီတွင် ဖူးသာဖြူအောက်မေ့ဖွယ်ခန်းမ၊ အင်းစိန်ကျမ်းစာကျောင်းကုန်းတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## Rev.Lian Mang Cinzah (B.A., LL.B, B.D, M.Th, Th.D)
**(တရားသူကြီး၊ ငြိမ်း)**
**Founder of Myanmar Christian Seminary,**
**Myanmar Christian Mission**
**Faith Children Home.**
**(ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ငဖိုင်သဲကျေးရွာ)**
**အသက်(၇၃)နှစ်**

(ဦးနိုင်း-ဒေါ်ကြာဇိန်)တို့၏သား၊ ဒေါ်ဒါရ်ထွေး၏ချစ်လှစွာသောခင်ပွန်း၊ U Mg Mg San @ U Sa Tho-Daw Hnem Cin Thluai, U Hre Ling-Daw Iang Hi, U Si Hlo-Daw Kakhei, U Ra He-Daw Khai Hlao, U Lai Tha-Daw Thei Mai တို့၏အစ်ကို၊ ဦးဆန်လှေးမန်း-ဒေါ်စင်သီယာ၊ ဦးရမ်ကျူးမန်း-ဒေါ်ရွှေလီခိုင်၊ဦးပိုင်နော်မန်း၊ ဦးလျောန်ခွာမန်း-ဒေါ်မေလျှန်းပါရ်၊ ဦးဇလိဆာ-ဒေါ်အက်စ်တာခိုင်၊ ဒေါ်မေရီမြင့်ပါရ်ထွေး၊ ဒေါက်တာချယ်ရီမြင့်တို့၏ချစ်လှစွာသောဖခင်၊ စုစန်နာပါရ်ဆုန်၊ ဂျိုးဇက်၊ Bie Ra Thei Ma, Jessica Maidi, Mei Mei Paw, Sino, Vapawti, ထျန်းကီး Kei Ra Li တို့၏အဘိုးသည် ၁၂-၅-၂၀၁၈ရက် နံနက် ၇း၃၀နာရီတွင် အမှတ် ၈၆၀၊ ဖွံ့ဖြိုးရေးလမ်း၊ ရဲစုမြောက်ပိုင်း၊ ဘွတ်ကြီးကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၄-၅-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ခရစ်ယာန်ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်သွားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းအမကြီး
## ဒေါ်မဦး (ကျောက်ဖြူ)
**အသက်(၈၇)နှစ်**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ဂုံးချိန်ကျေးရွာနေ (ဦးတောလူ-ဒေါ်စောဖြူ)တို့၏သမီး၊ (ဦးလှ-ဒေါ်လှငြိမ်းရန်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြစီမံကိန်း(၂)၊ အပိုင်း(၇)၊ ဗိုလ်တေဇ ၂လမ်း၊ အမှတ် ၃၄၁နေ (ဦးကျော်လှဖြူ)၏ဇနီး၊ ဦးအောင်သန်းမြင့် - ဒေါ်ကြည်ကြည်ဝင်းတို့၏ မိခင်၊ ဦးမောင်ချေ - ဒေါ်စောချမ်းနုတို့၏အဒေါ်၊ မစန်းစန်းကြည်၊ မောင်ကျော်ကျော်စိုး-မနန်းအေးခိုင်၊ မောင်ကျော်စည်သူဟိန်းတို့၏အဘွားသည် ၁၂-၅-၂၀၁၈ရက်(စနေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၈ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးဌေး(စိုးစိုး)
**သစ်တောဦးစီးဌာန(ငြိမ်း)**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ယင်းမာမြိုင်လမ်း၊ စုပေါင်းအိမ်ရာ၊ အမှတ် ၉၀/၁နေ (ဦးစိန်ဝင်း) (FAO)-ဒေါ်လှလှနွယ်တို့၏ချစ်လှစွာသောသား၊ ဒေါက်တာခွာညိုဇင်(Micro, YGH)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းဌေး(ဘောစိ)-ဒေါ်စုသက်တင်(မွေးမိခင်မူကြို)၊ဒေါက်တာဆန်းဌေး-ဒေါ်မာမာထွန်း၊ ဦးတင့်ဌေးဝင်း-ဒေါ်ထွန်းပပ (ပွင့်ဖြူစားသောက်ဆိုင်)၊ ဒေါက်တာနိုင်ဝင်းထွန်း (သွား/ဆေး၊ မန်း)-ဒေါက်တာတင့်ထားဝင်းတို့၏အစ်ကို၊ အောင်နိုင်ထက်၊ ဖြူဖွေးသန့်၊ မြသီတာ၊ နောင်နောင်သက်တင်၊ အောင်သူရထွန်း၊ ဟိန်းသက်ဝေတို့၏ဘကြီးသည် ၁၁-၅-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂း၁၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကြိုင်
**အသက်(၉၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉မိုင်၊ မစိုးရိမ်ကျောင်းလမ်း၊ အမှတ် ၃၁နေ (ဦးရန်နှင်း-ဒေါ်ရွှေ)တို့၏သား၊ ဒေါ်ခင်လှနွယ်၊ (ဦးသာထွန်း)တို့၏အစ်ကို၊ ဒေါ်မိုးသူနွယ်၊ဒေါ်စန်းလှနွယ်၊ဦးသန်းဌေးဇော်၊ ဦးဇော်ဝင်းမောင်၊ ဦးဇော်ဝင်းမြင့်တို့၏ဖခင်၊ မောင်လင်းလက်မောင်၊ မောင်ငြိမ်းဇော်သူတို့၏ အဘိုးသည် ၁၂-၅-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၅-၂၀၁၈ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၁)တွင် ဒေါ်မွေအိန်း(ခ)ဒေါ်ချေးမ အသက်(၈၂)နှစ် နာရေးကြော်ငြာတွင် ၁၁-၅-၂၀၁၈ရက်(သောကြာနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဒေါ်ခင်မျိုးညွန့် (ခွဲမှူး-စီမံ)
**(အဝေးသင်/ရန်ကုန်၊ ငြိမ်း)**
**အသက်(၆၄)နှစ်**

မန္တလေးမြို့နေ (ဦးကြီးစိန်-ဒေါ်ပို)တို့၏သမီး၊ ဦးလှမိုး၏ညီမ၊ ဒေါ်ခင်စန်းနွဲ့၊ ဦးစန်းဝေ-ဒေါ်တင်အေးမော်တို့၏အစ်မ၊ တူ၊ တူမ ငါးယောက်တို့၏အဒေါ်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ ဒါဘာ(အေ)၊ အမှတ် ၄၇၊ သီရိမြိုင်၈လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်ခင်မျိုးညွန့်သည် ၁၁-၅-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၁၂း၄၅နာရီတွင် အမှတ်(၃)ဘီ၊ အမှတ် ၆၀၊ ဂန္ဓမာလမ်း၊စမ်းချောင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးဆန်နီ(ခ)ဦးအုန်းခင်မြင့်
**အင်းစိန်အထည်ချုပ်(၁၁)(ငြိမ်း)**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ် ၄နေ(ဦးမောင်မောင်ကြီး-ဒေါ်စောမြ)တို့၏ ချစ်လှစွာသောသား၊ (ဦးစိုးမြင့်)-ဒေါ်မြင့်မြင့်သွင်၊ သင်္ဃန်းကျွန်းမြို့နယ်၊(ဃ)ရပ်ကွက်၊သင်္ဂဟလမ်း၊ အမှတ် ၁၆(ခ)နေ (ဦးတင်မောင်ထွန်း)-Matilda ဒေါ်လှသူဇာ(ထ/၃၊ အလယ်တန်းပြ၊ ငြိမ်း၊ မင်္ဂလာတောင်ညွန့်)၊ ဦးအယ်ဒီဂျစ်-(ဒေါ်စန္ဒာ)၊ ဦး Clayton ဝင်းမြင့် - ဒေါ်ကြူကြူမာတို့၏ ညီ/မောင်၊ Wini ခင်ဥမ္မာချစ်၊ Edward ဦးစိုးမြင့်-ဒေါ်စန်းစန်းခင်တို့၏ အစ်ကို၊ တူ၊ တူမ ၁၁ယောက်တို့၏ဦးလေး၊မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၁-၅-၂၀၁၈ရက် မွန်းလွဲ ၁း၁၀နာရီတွင် အမှတ် ၁၂၀၊ ငမိုးရိပ် ၉လမ်း၊ ငါးလွှာ၊ အပိုင်း(၂) နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၅-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ညိုညိုဝင်း (မြစ်ကြီးနား)
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ငြိမ်း)**
**အသက်(၆၂)နှစ်**

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ လမ်းသွယ်(၂၃)၊ အမှတ် ၁၀၄၂နေ (ဦးမြအောင်)-ဒေါ်မမလေးတို့၏ သမီး၊ (ဦးလာဘ) - ဒေါ်သန်းမေတို့၏သမီးချွေးမ၊ ဦးအောင်လင်း-ဒေါ်စုစုမော်၊ ဦးအောင်ဝင်း - ဒေါ်နန်ခမ်တို့၏အစ်မ၊ ဦးခင်မောင်တိုး(A.E၊ ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရွှေဘို)၏ ချစ်လှစွာသောဇနီး၊ (ကိုမျိုးသန့်ဝင်း)-မခင်ဝင်းအေး(ခ)မမီးမီး၊ ကိုသန်းဇော်ဦး-ဒေါက်တာသက်နွေးအိ(ခ)ဒေါက်တာချယ်ရီ(IISY)တို့၏ချစ်လှစွာသောမိခင်၊ မဆုသက်ပိုင်မျိုး၊ မောင်ပြည့်စုံတိုးဝေတို့၏အဘွားသည် ၁၂-၅-၂၀၁၈ရက် (စနေနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဒေါက်တာပညိန္ဒာဓိဝံသ
**(အဂ္ဂမဟာသီရိသုဓမ္မဇောတိဓဇဘွဲ့ရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ သီဟသုဓမ္မမဏိဇောတဓရ သာသနာ့ဒါယကာကြီး ဦးမြင့်ဆွေ)**
**ရွှေကျွန်းကုန်း အမြဲတမ်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး**
**သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၁၂)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ ရွှေကျွန်းကုန်း အမြဲတမ်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၏ ပဓာန နာယက ဆရာတော် ကျေးဇူးတော်ရှင် ဒေါက်တာပညိန္ဒာဓိဝံသသည် (၁၃၈၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၁ရက်) ၁၀-၅-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၈၀ပြည့်နှစ် ကဆုန်လကွယ်နေ့) ၁၄-၅-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် အုတ်ဖိုမြို့နယ်၊ ရွှေကျွန်းကုန်း အမြဲတမ်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှတပည့်သံဃာတော်၊ ယောဂီနှင့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးချစ်အောင် အသက်(၈၆)နှစ်
**ဘောဂဝတီ(ပုံနှိပ်တိုက်)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၃၁လမ်း၊ အမှတ် ၁၇၄နေ (ဒေါ်မြကွယ်)၏ခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်မွေးမွေး၊ ဦးအောင်စိုး-ဒေါ်သန်းသန်းဝင်း၊ ဦးဝင်းဌေး၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်နီနီဝင်း၊ ဦးသန်းထွန်း၊ ဦးကြည်တိုး-ဒေါ်ခင်ခင်ကျော်၊ ဦးမောင်မောင်မြတ်၊ ဦးဇော်မင်း-ဒေါ်စန္ဒာမိုး၊ ဦးမင်းမင်းစိုးတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၁-၅-၂၀၁၈ရက်(သောကြာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရားဒါယကာ
## ဦးလှထွေး
**(စာရင်းစစ်-ငြိမ်း၊ ဗဟိုစာရင်းရုံး)**
**အသက်(၈၄)နှစ်**

ဖျာပုံမြို့နေ(ဦးသန့်-ဒေါ်ဖွားဦး)တို့၏သား၊ မော်လမြိုင်မြို့နေ(ဦးညွန့်တင်-ဒေါ်စောတင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဝန်အလယ်လမ်း၊ အမှတ် ၅၅၉နေ (ဒေါ်ခင်ဆွေညွန့်)၏ခင်ပွန်း၊ ဒေါ်ဝင်း၊ ဦးအုန်းတင့်၊ ဦးအုန်းမြင့်တို့၏ညီ/မောင်၊ ဦးမျိုးတင့်-ဒေါ်ချိုချိုလှ၊ ဦးမိုးလှ-ဒေါ်စုစုဝင်း၊ ဦးဘိုမြင့်-ဒေါ်ယဉ်ယဉ်လှ၊ ဦးရဲလှ-ဒေါ်သန်းသန်းဆင့်၊ ဒေါ်ဆွေဆွေလှတို့၏ဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၁-၅-၂၀၁၈ရက်(သောကြာနေ့)ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးငြိမ်းအောင်(ခ) Eddie Nyunt
**အသက်(၇၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မော်ကန် ၈လမ်း၊ အမှတ် ၉၅၉နေ(ဦးညွန့်-ဒေါ်ချစ်)တို့၏သား၊ (ဦးစိုးအောင်-ဒေါ်နုစိန်)၊ (ဒေါ်ရင်မြ)၊ (ဒေါ်သိန်းညွန့်)၊ ဒေါ်မြကြည်(အထပြ၊ ငြိမ်း၊ အထက-၃၊ ပဲခူး)တို့၏မောင်၊ (ဒေါ်ငွေသိန်း၊ အထက-၃၊ ပဲခူး၊ ငြိမ်း)၊ ဦးသန်းဆွေ(မြနန်းရှင်ခြံ)တို့၏အစ်ကို၊ ဦးဝင်းနိုင်-ဒေါ်ဥမ္မာညွန့်၊ ဦးနေမျိုးဦး(ပင်လုံဆေးရုံ)-ဒေါ်အေးစန်း၊ ဦးသူရိန်ထွန်း(စီမံကိန်းဦးစီးအရာရှိ၊ ဘားအံ)-ဒေါ်မြတ်ကေခိုင်မောင်(လ/ထညွှန်မှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဘားအံ)၊ ဦးဇာနည်ဦး(မြန်မာနိုင်ငံအိမ်ခြံမြေအသင်း၊ အထွေထွေအတွင်းရေးမှူး၊ ပဲခူးတိုင်းဒေသကြီး၊ အမေ့မျိုးဆက်ကွန်ရက် ပရဟိတအသင်းဥက္ကဋ္ဌ)-ဒေါ်တင်လေးခိုင်တို့၏ဦးလေး၊ မောင်မျိုးအောင်၊ မောင်သီဟသူ၊ မဖြူစင်တင့်၊ မတင်တင်ညို၊ မောင်အောင်စေပိုင်၊ မဖြူဖြူဟန်၊ မောင်ရန်လင်းအောင်၊ မောင်ဖုန်းမြင့်ဟန်တို့၏အဘိုးသည် ၁၀-၅-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် မြနန်းရှင်ခြံမှ ဆယ်မိုင်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းမြင့် အသက်(၆၃)နှစ်
**ဆသရ(ငြိမ်း)**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ မြတ်သူကုန်းကြီးကျေးရွာနေ (ဦးစိန်ညွန့်-ဒေါ်ပုစိန်)တို့၏သား၊ ဦးသိန်းရီ-ဒေါ်တင်အိတို့၏မောင်၊ (ဦးမြသိန်း-ဒေါ်အေးအေးဝင်း)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်(၁၆)ရပ်ကွက်၊ နတ်သျှင်နောင်လမ်း၊ အမှတ် ၅၃နေ(ဦးမျိုးမြင့်)-ဒေါ်သန်းသန်းနွယ်တို့၏သားသမက်၊ ဒေါ်စီစီမျိုး၏ချစ်လှစွာသောခင်ပွန်း၊ မမဥ္ဇူကေခိုင်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊မနန်းသီရိနွယ်(STI University)တို့၏ဖခင်သည် ၁၂-၅-၂၀၁၈ရက် (စနေနေ့)နံနက် ၆း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၈ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၈ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးဌေး(စိုးစိုး)
**သစ်တောဦးစီးဌာန(ငြိမ်း)**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ပျဉ်းမမြိုင်လမ်း၊ အမှတ် ၁၆/၂၊ စုပေါင်းအိမ်ရာ၊ သုဝဏ္ဏနေ ဒေါက်တာခွာညိုဇင် (အထူးကုဆရာဝန်ကြီး၊ အဏုဇီဝဗေဒ၊ Y.G.H)၏ချစ်လှစွာသောခင်ပွန်း၊ [ဦးစိန်ဝင်း(FAO)]-ဒေါ်လှလှနွယ်တို့၏သား၊ (ဦးဇင်-ဒေါ်ခင်ခင်အေး)တို့၏သားသမက်၊ဦးရဲမင်းသူ(Miraco)-ဒေါ်စိုးမွန်မြတ်သူ၊ မတင့်တင့်ဇာခြည်ဝင်း(KBZ, သင်္ဃန်းကျွန်း)၊ မောင်ဇင်ဇာနည်ဝင်း(Nippon Express)၊ မောင်ဇင်နန္ဒအောင်(SAKURA CENTRE)တို့၏ချစ်လှစွာသောဖခင်၊ မယွန်းပန်းမြတ်၏ဘိုးဘိုး၊ ဒေါက်တာစိုးသိန်း-ဒေါ်သက်သက်ဇင်၊ (ဦးမျိုးဆက်)-ဒေါက်တာမြင့်မြင့်ဇင်၊ (ဗိုလ်မှူးဘာဘာ)-ဒေါက်တာချိုနွယ်ဇင်၊ ဦးခင်မောင်ရင်-ဒေါ်ဆွေဆွေဇင်၊ (ဦးလွှမ်းမိုးဇင်)-ဒေါ်နုနုအေး၊ ဒေါ်သီဂီဇင်တို့၏ညီ/မောင်သည် ၁၁-၅-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၂း၁၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ပြည်တွင်းဆေးဝါးလိုအပ်မှု ဖြည့်ဆည်းပေးမည့် ဆေးဝါးစက်ရုံသစ် ရန်ကုန်မြို့ သီလဝါစက်မှုဇုန်၌ ဖွင့်လှစ်

ရန်ကုန် မေ ၁၂

ယနေ့ မြန်မာနိုင်ငံတွင် ပြည်သူများ ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်စေသော ဆေးဝါးလိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်မည့် ပဋိဇီဝဆေးဝါးစက်ရုံသစ်ကို ရန်ကုန်မြို့ သီလဝါ အထူးစီးပွားရေးဇုန်၌ ယနေ့ နံနက် ၈ နာရီခွဲက ဖွင့်လှစ်သည်။

အဆိုပါ ဆေးဝါးစက်ရုံသည် ဩစတြေးလျနိုင်ငံအခြေစိုက်ဖြစ်သော Zifam ဆေးဝါးကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ Pyrex Trading Co.,Ldt တို့ ပူးပေါင်းထားသည့် Zifam Pyrex Myanmar Co.,Ltd မှ ဦးဆောင်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဆေးအမျိုးအစားအလိုက် အုပ်စုသုံးမျိုးခွဲကာ ထုတ်လုပ်သွားမည်ဖြစ်သည်။ စတင်ထုတ်လုပ်မည့် ဆေးဝါးမှာ ခွင့်ပြုချက်ရ ဆေးအမျိုးအစားဖြစ်သော ဖလူးမောက်ကို စတင်ထုတ်လုပ်မည်ဖြစ်ပြီး နောက်ပိုင်းတွင်လည်း ပြည်သူ့ကျန်းမာရေး

*စာမျက်နှာ ၇ ကော်လံ ၁* ❏



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများ ပဋိဇီဝဆေးဝါးစက်ရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး၊ ထွက်ပြိုင်ပွဲ ပထမအဆင့် GFA နှင့် ငွေကြယ်ပွင့်အသင်း ယှဉ်ပြိုင်နေစဉ်။

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး၊ ထွက်ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် မေ ၁၂

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး၊ ထွက် ပြိုင်ပွဲ ပထမအဆင့်(ပထမနေ့)ကို ယနေ့ ညနေပိုင်းက စတင်ကျင်းပရာ GFA၊ ရှိုင်းရယ်သန်လျင်နှင့် ဒဂုံအသင်းတို့ အနိုင်ရပြီး ဒုတိယအဆင့် တက်ရောက်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် GFA အသင်းက ငွေကြယ်ပွင့်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ GFA အသင်းသည် နောက်တစ်ဆင့်တက်ခဲ့သော်လည်း ခြေစွမ်းအရ သာမန်သာရှိခဲ့ပြီး ပြိုင်ဘက်ငွေကြယ်ပွင့်အသင်း ကစားပုံမကောင်း၍သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ GFA အသင်းသည် MNL အမှတ်ပေးပြိုင်ပွဲတွင် တန်းဆင်းဇုန်အတွင်းကျရောက်နေသလို ရှုံး၊ ထွက်ပြိုင်ပွဲတွင်လည်း လက်ရှိခြေစွမ်းကို မပြောင်းလဲနိုင်ပါက ဒုတိယအဆင့်တွင် ရှုံးကန်ရဖွယ်ရှိနေသည်။

MNL တွင် ရှုံးကန်နေရသည့် GFA အသင်းသည် နိုင်ငံခြားသားကစားသမားနှစ်ဦးအပါအဝင် လူစုံထုတ်ခဲ့ပြီး ပထမတန်းကလပ် ငွေကြယ်ပွင့်အသင်းကို ရင်ဆိုင်ခဲ့သည်။ ပထမတန်းကလပ်ငွေကြယ်ပွင့်အသင်းသည် ရလဒ်ကောင်း

*စာမျက်နှာ ၇ ကော်လံ ၅* ❍

မိုးသည်းထန် လေပြင်းတိုက်မှုကြောင့် နေအိမ်များနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်
စာ » ၁၁

KIA / TNLA လက်နက်ကိုင်အဖွဲ့က မူဆယ်မြို့အား လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက် ၁၉ ဦး သေဆုံး၊ ၂၇ ဦး ဒဏ်ရာရ
စာ » ၁၂

## အာဆီယံ ယူ-၁၆ အမျိုးသမီး ဗိုလ်လုပွဲအဖြစ် မြန်မာနှင့် ထိုင်း ယနေ့ကစားမည်

ရန်ကုန် မေ ၁၂

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပနေသည့် ၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၁၃ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၇ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် ထိုင်း ယူ-၁၆ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် ယူ-၁၆ ပြိုင်ပွဲ၊ ၂၀၁၇ ခုနှစ်တွင် ယူ-၁၅ ပြိုင်ပွဲအဖြစ် ကျင်းပခဲ့ပြီး ယခုနှစ်တွင် ယူ-၁၆ ပြိုင်ပွဲအဖြစ် ပြန်လည်ကျင်းပခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပြိုင်ပွဲတစ်လျှောက် ဗိုလ်လုပွဲသို့ ပထမဆုံးတက်ရောက်နိုင်ခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကြိမ်တွင် ဆီမီးဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရသည်။ ထိုင်းအသင်းမှာမူ ဗိုလ်လုပွဲသို့ သုံးကြိမ်ဆက် တက်ရောက်နိုင်ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ်က ကျင်းပသည့်

*စာမျက်နှာ ၇ ကော်လံ ၁* ◆



ယူ-၁၆ မြန်မာအမျိုးသမီး ကစားသမားများကို တွေ့ရစဉ်။

GRAND HANTHA INTERNATIONAL HOSPITAL

စင်ကာပူနိုင်ငံမှ
အရိုး၊ အကြော၊ အဆစ် ခွဲစိတ်အထူးကုဆရာဝန်ကြီး
Dr. Chin Pak Lin
M.B.,B.S (Singapore), MRCSEd, M.Med (Ortho), FRCSEd (Ortho)
(၁၈.၅.၂၀၁၈)နှင့် (၁၉.၅.၂၀၁၈) နေ့များတွင် နံနက် (၁၀း၀၀)နာရီမှစ၍

စင်ကာပူနိုင်ငံမှ
အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ
အထွေထွေနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီး
Dr. Tan Kai Chah (Dr. K C Tan)
D.P.M.P., MBBS (MAL), FRCS (EDIN), FAMS Surgeon
(၁၉.၅.၂၀၁၈) ရက်နေ့ နံနက် (၁၀း၀၀)နာရီမှစ၍

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် ပြင်ပလူနာများကို တိုင်ပင်ဆွေးနွေး ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284